www.burmeseclassic.com

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## မိုးဆက်လင်းထက်

# လေပြည်ပိုက်မှာ မိတဲ့ဝတ်မှုန်

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ညာ)၊ ၃၈-လမ်း၊ ကျောက်တံတား။

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၄၀၀၅၂၉၀၆၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၅၈၀၀၆၀၅

| | | |
|---|---|---|
| အဖုံးပန်းချီ ဒီဇိုင်း | - | စိုးဝင်းငြိမ်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ဒုထပ်(ညာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | ၈၀/၁၁ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၆ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com



"ရပ် လိုက်စမ်း"

ရုတ်တရက်ပေါ်လာသော အသံကြောင့် မီးမီးရဲ့လှမ်းလက်စ ခြေလှမ်းက သူ့အလိုလိုရပ်သွားကာ ပတ်ဝန်းကျင်ကိုကြည့်လိုက်မိသည်။ လူရှင်းနေတာတွေ့ရ၍ နားကြားလွဲတာပါဟု တွေးကာဆက်လျှောက်မည်ပြုစဉ် . .

"သေချင်ပြီထင်တယ်"

တစ်ကိုယ်လုံးကြက်သီး ဖျန်းခနဲထသွားကာ ခြေထောက်ကို လမ်းတစ်ဝက်မှာတင် ပြန်ရုပ်လိုက်ရပြီး မူလနေရာတွင် ပြန်ရပ်နေလိုက်ရ၏။

"အဲဒီလို လှိမ့်မှာမှပေါ့ . . . ငဲ့ . . . ငဲ့ . . . ငဲ့ . . . ငဲ့"

လူမတွေ့ဘဲ အသံသာကြားနေရသောကြောင့် တော်တော်ကြောက်တာသွားပြီ။ ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမျှော်လိုက်ကြည့်မိသည်။

"တောင်ကြည့်မြောက်ကြည့် မလုပ်နဲ့ သေချင်လို့လား"

ရင်ထဲမှာ တင်းခနဲဖြစ်သွား၏။ နေ့ခင်းကြောင်တောင် သရဲခြောက်တာတော့ မဖြစ်နိုင်။ တစ်ယောက်ယောက် နှောင့်ယှက်နေတာဖြစ်ဖို့များသည်။

ယခင်ကထက်ပို၍ ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ်ရှာကြည့်လိုက်၏ တွေ့ပါပြီ . . .။ ခပ်လှမ်းလှမ်း ဝါးရုံပင်အောက်တွင် ဦးထုပ်အပြာရောင်ကို ငိုက်ငိုက်ဆောင်းထားသော လူတစ်ယောက်။ လက်ထဲမှာလည်း စာအုပ်တစ်အုပ်ကိုင်ပြီး သည်းကြီးမည်းကြီးဖတ်နေသည်။ တစ်လောကလုံးမေ့ပြီး စာအုပ်ထဲ

www.burmeseclassic.com



စိတ်ဝင်စားနေသည့် ပုံစံ၊ သူ့ကိုလည်း တစ်ချက်မှ မော့မကြည့်ပေ။

"ဟဲ . . . ဟဲ . . . အဲ့ဒီလို လိမ္မာမှပေါ့ . . . ငှဲလျှောင်း . . . ငှဲလျှောင်း . . . ငှဲလျှောင်း . . . ငှဲလျှောင်း"

မီးမီး ရင်ထဲမှာ ဒေါသတွေအလိပ်လိုက်တက်လာ၏။ ပြဿနာသွားရှာရလည်း အခက်ဖြစ်နေသည်။ တော်ကြာ ကျုပ်ဟာ ကျုပ်စာအုပ်ဖတ်နေတာ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲဆိုလျှင် တစ်ရှက်က နှစ်ရှက်ကွဲဦးမည်။

နောက်ဆုံးတောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ ထိုနေရာမှ ထွက်လာခဲ့လိုက်တော့၏။

BURMESE CLASSIC

"မကြောက်ပါနဲ့ မိန်းကလေးရယ် . . . ဗိုလ်အောင်ဒင်အကျီချွတ်တာ အိုက်လွန်းလို့ပါ"

ထိုလူ့ဆီက ညောဇ်နာနာအသံတစ်ခု သူ့နောက်ကပ်ပါလာသည်။

တော်ဝင်ပြိုပြစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



“ဘူ …”

အကျယ်ကြီးကြားလိုက်ရတဲ့ အသံကြောင့် ကြောင်တောင်တောင် ဖြစ်သွားကာ ခြေလှမ်းများ နှေးကာသွား၏။ ဘာပါလိမ့်ဟု နောက်လှည့်ကြည့်မလို့ လုပ်စဉ် သူမဘေးက လူတစ်ယောက်ကျော်တက်ကာသွားသည်။

“အင်း . . . အပုပ်ကောင်တွေ . . . အပုပ်ကောင်တွေ . . . လူမှန်သမျှ အပုပ်ကောင်တွေပါလားနော်”

ချက်ချင်းပဲ တောထွက်တော့မလိုလို လေသံနှင့် ပြောသွားတော့ ကိုယ့်ကိုယ်ကိုယ်တောင် မယုံသလိုလို ပြန်ဆန်းစစ်မိ၏။ ခုန လေလည်သံလိုလို အသံက သူမဆီကမဟုတ်တာတော့ ကျိန်းသေသည်၊ ဒီလောက်ကျယ်ကျယ် လေလည်သံလည်း သူမတစ်သက်မကြားဖူးဘူးလေ . . .၊

ခပ်လှမ်းလှမ်းရောက်တော့မှ ခုနကျော်တက်သွားတဲ့ကောင်က သူ့လက်ဖျံမှာ ဗါးစပ်တပ်ပြီး ခုနအသံလိုမျိုး နောက်တစ်ချက်လုပ်သွား၏။

“ဘူ . . .”

သူမ တောက်တစ်ချက် ပြင်းထန်စွာ ခေါက်ကာ ခုမှ ရှက်ရှောင်း မှန်းသိသွား၏။ ဒါ . . . သက်သက် အရှက်ခွဲတာ . . .

ထိုလူကတော့ တဖြည်းဖြည်း သူမနဲ့ ဝေး၍ဝေး၍သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ သူတစ်ယောက်တည်းအေးအေးဆေးဆေးလျှောက်နေသည့် ပုံစံမျိုး . . . ။

"သေချင်းဆိုးကြီး"

မကြားနိုင်မှန်းသိသော်လည်း ပျစ်ပျစ်နှစ်နှစ်ဆဲပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



“မိုးမိုး ... မိ ... မိ”

နာမည်ခေါ်သံလိုလိုကြားလိုက်မိသော်လည်း မသေချာမှာစိုး၍ ဆက်လျှောက်လာလိုက်သည်။

“မိုးမိုး ... မိုးမိုး .. မိုး .. မိုး”

အဆက်မပြတ်အော်သံကြောင့် သေချာသွားပြီဆိုတာ သိလိုက်၍ လှည့်ကြည့်လိုက်၏။ ခေါ်နေတဲ့ လူကို ချက်ချင်းမှတ်မိလိုက်၍ ဒေါသတထောင်းခနဲထွက်ကာသွားသည်။ သူ့ကို အမြဲလိုက်နှောင့်ယှက်နေတဲ့ကောင် .. ။ အခုလည်းကြည့် ...၊ သူ လှည့်ကြည့်မှန်းသိလျှက်နဲ့ မသိချင်ယောင်ဆောင်ပြီး ကျော်တက်သွားကာခပ်လှမ်းလှမ်းမှာသွားနေတဲ့ ဘယာကျော်ကုလားအဘိုးကြီးဆီ အပြေးလိုက်သွားပြီး ...

“မာမူ ... ခဏနေပါဦးဗျာ ... ဒီမှာ အော်ခေါ်လိုက်ရတာ သေတော့မယ်၊ ကျွန်တော့်ကို မီးလေးတစ်တို့လောက် ပေးပါဦး”

ပါးစပ်မှာ ဆေးလိပ်တပ်ကာပြောနေတဲ့ အဲဒီကောင့်ကို အဘိုးကြီးယောင်ချာချာနဲ့မော့ကြည့်ပြီးမှ ...

“ဟား ... ရတယ် ... တစ်တို့မဟုတ်ဘူး ... နှစ်တို့ယူ ... နှစ်တို့ယူ”

“ကျေးဇူးပါပဲ မာမူရာ ... တစ်တို့ပဲယူမှာပါ ... ကျွန်တော်တ



www.burmeseclassic.com

www.burmeseclassic.com



မိးကိုတို့ရှိတလေး တွိချင်တာဗျ"

အဘိုးကြီးက ဘာမှမသိတော့ ခေါင်းလေးတလှုပ်လှုပ်နဲ့ 'ရတယ်၊ ရတယ်' လုပ်နေ၏။ ဒါသက်သက် သူ့ကိုစောင်းပြောမှန်းသိသာသည်။ သို့သော် ဘာမှမတတ်နိုင်၍ ထိုနေရာက ခပ်သွက်သွက်သာ ခြေဆောင့်ထွက်ခဲ့လိုက်ရတော့သည်။ သူတို့နားက သူမ,ဖြတ်အသွား အဲဒီကောင်အသံကို ကြားဖြစ်အောင်ကြားလိုက်သေး၏။

"ငါ့ ဘတမှာ မီးဆိုတာ မရှိမကောင်း ရှိမကောင်းမာမူရဲ့၊ ကျွန်တော်တတော့ မီးတို သုံးပြီးရင် သတ်ပစ်လိုက်တာပဲ"

"သေချင်းဆိုးကြီး"

စိတ်ထဲက ဖျစ်ဖျစ်နှစ်နှစ် ကျိန်ဆဲပစ်လိုက်တော့ပါ။

၀၀၀

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အချစ် ဆိုတာ လက်ပစ်ဗုံးတစ်လုံး စနက်တံဖြုတ်ပြီး ပါးစပ်မှာ ကိုက်ထားရတာနဲ့ သိပ်တူတယ်ကွ . . . "အန္တရာယ်များတယ်။ "အတိမ်း အစောင်းမခံဘူး။ မှားယွင်းသွားရင် ဘဝပျက်သွားမယ်"

လက်ဖက်ရည်ဆိုင်တစ်ခုထဲမှာ သူမ အအေးသောက်နေတာပါ။ ကြားဖူးနေကျအသံကြောင့် လှည့်ကြည့်မိတာ ထုံးစံအတိုင်း သူမကို နည်းအမျိုးမျိုး အကြောင်းရိုက် နှောင့်ယှက်နေတဲ့ကောင်။ မျက်နှာကို တစ်ဖက်သို့ ချာခနဲပြန်လှည့်ပစ်လိုက်တယ်။ သောက်မြင်ကပ်၏။

"နဂါးအရေခွံခြုံပြီး တောင်ပင်လယ်မှာ မီးလှုံဖို့ မှဝံကြယ်ကို ထင်းအဖြစ်အသုံးပြုလို့ ရချင်ရမယ်။ တောင်ဒဂုံစက်မှုဇုန်က သံချောင်းတွေကို စွပ်ပြုတ်လုပ်သောက်လို့ လွယ်ချင်လွယ်မယ်။ ဘရစ်တနီစပီးယားကို သီလရှင်ဝတ်ဖို့ စည်းရုံးလို့ရချင်ရမယ်။ အဲဒါတွေအားလုံးထက် အချစ်ကို ကိုယ်လိုရာပုံစံခွက်ထဲ ဘောင်ခတ်ပြီးထားဖို့ ဆိုတာခက်တယ်။ အားလုံးကိုယ်ပြောတာရှင်းလားမသိဘူး"

တစ်ဖက်က တုံ့ပြန်သံမကြားရ။ သူမဘက်က ကြည့်တော့ စားပွဲတစ်ဖက်ခြမ်းက ဆိုင်နံရံတစ်ခုနဲ့ ကွယ်နေတော့ မမြင်ရ။ အဲ့ဒီ ဘာတွေပြောမှန်းမသိတဲ့ စပရိန်မျက်နှာနဲ့ကောင်ကိုသာ ထီးထီးကြီးတွေ့နေရသည်။ အဲဒီကောင်က သူမရှိနေတယ်လို့တောင် သိချင်မှသိမယ့်ပုံစံ (ဟန်ဆောင်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်နိုင်သည်)နဲ့ စားပွဲတစ်ဖက်ကိုကြည့်ရင်း သူစကားသူဆက်၏။ သူမလည်း ဒီကောင် ဘာတွေအူကြောင်ကြောင် လုပ်ဦးမလဲ သိချင်တာနဲ့ အအေးကုန်သွားတာတောင် ထမပြန်နိုင်သေးဘဲ အသာနားစွင့်နေလိုက် သည်။

"လူပြိန်းနားလည်အောင် အလွယ်ဆုံး ဥပမာပေးရရင် အချစ်က မီးနဲ့တူတယ်၊ မိတ်ဆွေလည်းဟုတ်သလို အကြီးမားဆုံး ရန်သူဆိုလည်း မှန်တယ်"

သူမရှိတာ ဒီကောင်အစောကြီးကတည်းက သိနေပုံရတယ်၊ သူမကို စောင်းတောင်းတောင်း လေသံပြောတယ်ဆိုရင်ပဲ အမြန်ဆုံး ပိုက်ဆံရှင်းပြီး ထထွက်ခဲ့တော့သည်။ ဆက်နားထောင်နေရင် ဒီကောင်ပြောမယ့် စကားတွေ ထဲ ဒီ 'မီး'ဆိုတဲ့ ဝိသေသဘောင်ထဲကထွက်တော့မှာ မဟုတ်ဆိုတာ သိလိုက် သည်။

စိတ်တစနေနိုင်လို့ ဒီကောင့်ဝိုင်းနားက အဖြတ်မှာ မျက်စိက သူတို့ ထိုင်နေတဲ့ စားပွဲကို အလိုလို ဖျတ်ခနဲရောက်သွားသေးသည်။ မြင်လိုက်ရတဲ့ မြင်ကွင်းက တော်တော်ခံပြင်းဖို့ ကောင်းသွား၏။ သူမကလည်း မနေနိုင် မထိုင် နိုင်သွားကြည့်တာကိုး၊ အဲဒီကောင်စားပွဲမှာ ထိုင်နေတဲ့ လူတွေမှာ လူကြီးဆို လို့ သူတစ်ယောက်သာရှိသည်။ သူစကားကို နားထောင်နေတဲ့ လူတွေက အား လုံးတလေးလေးတွေ၊ အများဆုံးရှိမှ မူကြို အဆင့်လောက်လေးတွေ . . . ၊

သူမ ဒေါသထွက်လွန်းလို့ ကျောပေးထားတဲ့ အဲဒီကောင် ကျောကုန်း ကြီးကို ပြေးတန်ချင်စိတ်တောင်ပေါက်သွားသည်။

ဒါ သူ့ကိုသက်သက်စိတ်အနှောင့်အယှက်ပေးတာ၊ စိတ်ကိုထိန်းပြီး ဆိုင်ထဲက အမြန်ဆုံးထွက်ပစ်လိုက်တော့သည်။ ထွက်ခါနီး အဲဒီဝိုင်းက စကား သံတချို့ကို ကြားလိုက်ရသေးသည်။

ဦးဦး . . . တားတားတို့ ကျန်ချင်ပြီ"

ပပပ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)



www.burmeseclassic.com

www.burmeseclassic.com



လေ ပြည်သည် အနောက်ဘက်မှ တိုက်ခတ်ကာနေသည်။ နေခြည်နွေးတ မခိုတရိုဖျန်းပက်လျက် သစ်ရွက်ကြွေတို့ လေညှင်းဂီတအတိုင်း စီးချက် ညီညီလွင့်ပါးကခုန်ကြ၏။ ကောင်းကင်တွင် တိမ်ညိုတွေ ပြေးနေပြီ။

မိုးခွင့်တစ်တော်တ မိုင်ပေါင်းထောင်ချီခရီးကို ဖြတ်သန်းလျက် သူမထက်ခမိုးပေါ်ခုန်ချ၏။ ကြောမိ . . . မိုး . . . ရွာ . . . တော့ . . . မည်။

"ဦးလေးထွန်း . . . ဦးလေးထွန်းရေ"

"ဟေ . . . လာပြီ . . . လာပြီ တူမရေခဏလေး . . . ခဏလေး"

အသက် ငါးဆယ်လောက် လူတစ်ယောက် ကမန်းကတန်းပြေးထွက်လာတာ . .

"ဘာလဲ . . . တူမကြီး . . . ဦးလေးထွန်း ဘာလုပ်ပေးရမလဲ"

"သမီးကို ဟိုထောင့်က နှင်းဆီအိုးလေး နှစ်အိုးရွှေ့ပေးပါ၊ မိုးတွေရွာတော့မယ် . . . ပျိုးပင်လေးတွေ သေသွားမှာစိုးလို့"

ဦးလေးထွန်းက အသက် ငါးဆယ်ဆိုသော်လည်း လူငယ်တစ်ယောက်လို သွက်လက်၏။ ငယ်ငယ်ကတည်းက ဒီအိမ်မှာ နေလာတာဖြစ်၍ သူမကို တူမလေးတစ်ယောက်လို တော်တော်ချစ်သည်။ ပန်းအိုးနှစ်အိုး တံစက်မြိတ်အောက်ရွှေ့ပြီးသွားတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ပေးရဦးမလဲ တူမကြီး . . . လုပ်စရာမရှိရင် ဦးလေးထွန်း လုပ်စရာလေးရှိလို့ သွားလိုက်ဦးမယ်"

"ရပြီ ဦးလေးထွန်း သွားတော့"

မိုးသံတွေ ခပ်ဝေးဝေးကောင်းကင်ထောင့်က တဝေါဝေါမြည်ဟီးနေပြီ။ မကြာမီ ရွာတော့မည်။

အိမ်ရှေ့တံခါးကို ပိတ်ပြီး အိမ်ထဲဝင်မယ်ပြုစဉ် ခုနရွှေ့ထားသော ပန်းအိုးနှစ်လုံးဆီ မျက်စိက ရောက်သွား၏။ ပန်းအိုးနှစ်လုံးကို ကြည့်ပြီး တစ်ခုခု ထူးခြားနေသလို စိတ်မှာခံစားလိုက်ရ၍ . . .

"ဘယ်လိုဖြစ်သွားတာလဲ"

ပန်းအိုးတစ်လုံးတွင် နှင်းဆီပန်းတစ်ပွင့် ငွားငွားစွင့်စွင့်ပွင့်ကာနေသည်။ ရင်ထဲမှာ နွေးခနဲဖြစ်သွားသော်လည်း နောက်မှအသိတရားက ခေါင်းထဲရောက်လာကာ . . .

"မဖြစ်နိုင်ဘူး"

ပျိုးပင်တစ်ပင်က ဒီလောက်အချိန်ကာလအတွင်းမှာ ဒီလိုလှပတဲ့ နှင်းဆီတစ်ပွင့်မပွင့်နိုင်။ သူမ ပန်းအိုးနားသွား၍ စစ်ဆေးလိုက်တော့ အဖြေတွေ့သွားသည်။

"လက်စသတ်ကတော့ ဒီလိုကိုး"

ပန်းပွင့်ကို ပန်းအိုးထဲ ဒီအတိုင်းထိုးစိုက်ထားခြင်းပင်။ ဒါတစ်ယောတ်ယောက်လက်ချက်။

"ဟဲတော့ . . . နှင်းဆီနက်လေးပါလား"

လက်ထဲက နှင်းဆီကိုကြည့်၍ သူမလက်ဆတ်ဆတ်ခါအောင် တုန်သွားရသည်။ 'နှင်းဆီနက်' သူမတစ်သက်တစ်ခါမှ မမြင်ဖူးသော နှင်းဆီနက်၊ မိန်းကလေးပီပီပျော်ရွှင်လွန်း၍ နှာခေါင်းမှာတော့ကာ နမ်းရှိုက်မိသည်။

အနံ့ . . ။ နှင်းဆီရနံ့ . . . ။ သူမစိတ်ထဲတစ်မျိုးကြီးဖြစ်သွား၏။ မဖြစ်နိုင် . . . ဒါလုံးဝမဖြစ်နိုင်။ ဒီလိုအနံ့မျိုးရဖူးသလိုလို ရှိသွား၍ အဖြေ အလွှားစဉ်းစားကြည့်လိုက်တော့ . .



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်. . .'

ရင်ထဲမှာခါခနဲ ဖြစ်ကာသွား၏။ နှင်းဆီပန်းကရသော အနံ့ကို အမိအရဖမ်းဆုပ်မိလိုက်ပြီ၊ ဒါ . . . တင်ဒါနဲ့ . . ။ (သို့မဟုတ်) အိမ်သုတ်ဆေး တစ်မျိုးမျိုးကရသော အနံ့မျိုး။

သူမလက်ထဲက နှင်းဆီနက်က လက်စသတ်တော့ သင်္ဘောဆေး သုတ်ထားတဲ့ ရိုးရိုးနှင်းဆီပန်းပဲ . . . ။

ဒေါသဖြစ်လွန်းလို့ ရင်ထဲမှာ ခါခနဲဖြစ်သွားကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်မိ၏။ ခြံတံခါးဝမှ လူရိပ်တစ်ခု မိုးဖွဲများကြားက တွေ့ရသည်။

"တောက် . . ."

တို ဖျတ်နှာရှုံ့ပဲ ခြံဝမှာထားတဲ့ ဒီပန်းအိုးထဲ ခြံတံခါးကြားက လက်နှိုက်ပြီး ဒီပန်းတိုထိုးသွားတာဖြစ်မည်။

"တွေ့ကြသေးတာပေါ့"

မိုးဇေတွတ အညှိုးကြီးမည်းကြီးကို ရှာချလာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါ် တင်မမထွန်းသည် ကားကိုမောင်းရင်း အိမ်ကကြောင်ကလေး အကြောင်း စဉ်းစားနေမိသည်။ အခုတလော ရွှေဝါသည် ထမင်းလည်း သိပ်မစား။ ကြည့်လိုက်ရင် တမှိုင်မှိုင်တတွေတွေနဲ့ ထောင့်တစ်ထောင့် မှာ ခွေခွေနေတတ်၏။ ဆရာဝန်ပြဖို့ လုပ်ထားသော်လည်း အခုတလော ဆိုင်ကိစ္စတစ်ဖက်နဲ့ မအားဖြစ်နေ၍ မပြမိသေး။ အရင်တစ်ခါတုန်းကလည်း ဒီလိုပဲ တမှိုင်မှိုင်ဖြစ်နေရာမှာ ပြန်ကောင်းသွား၍ ထမတော့ သိပ်စိတ်မပူမိ၊ အခုတော့ တဖြည်းဖြည်း ပိုဆိုးလာ၍ ပြမှဖြစ်တော့မည်။

ပေါ်တီကိုအောက်ကားရပ်ပြီးတာနဲ့ မီးမီးရတနာက ကားသံကြား၍ ပြေးထွက်လာလေသည်။

"ဟယ် ... တီတီ ... ဒီနေ့အငစ်ကြီးပါလား ... ဘာလဲ အပျိုကြီးတစ်ယောက်ယောက်နဲ့ချိန်းထားတယ်ထင်တယ်"

"ညည်းဏာ ငါ့ကိုတွေ့ရင် ဒါပဲပြောပြောနေတာပဲ ... ဒီအရွယ်ရောက်မှတော့ ဒါတွေမစဉ်းစားတော့ပါဘူးအေ ... ရွှေဝါနေမကောင်းလို့ ဆေးခန်းသွားပြမလို့ ပြန်လာတာ"

မီးမီးက လျှာလေးတစ်လစ်ထုတ်ပြီး သူ့အဒေါ် ခါးကျဉ်ကျဉ်လေးတို တော်ကာ ပက်ခွဲနှက်ခွဲနှင့် ပါကာသွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"တီတီကလည်း အခုမှ သုံးဆယ်ကျော်ရုံလေးရှိသေးတာ ကိုယ့်ကိုယ်တိုယ် အဘွားကြီးစာရင်းမသွင်းလိုက်စမ်းပါနဲ့ ဟဲ . . . ဟဲ . . ဒါတောင် သမီးက တူမအရင်းဖြစ်နေလို့ သိနေတာနော်၊ မသိတဲ့သူတွေဆို တီတီ့ကိုနှစ်ဆယ်ကျော်ရုံလေးထင်ကြတာ . . . အဲ . . . ဟိုနေ့ကတောင် သမီး သူငယ်ချင်းတွေက တီတီ့ကို မို့မို့မြင့်အောင်နဲ့ အရမ်းတူတာပဲလို့တောင်ပြော . . ."

"တဲ . . . တော်ပါတော့ မီးမီးရတနာရယ် . . . ရော့ ဒီမှာ မုန့်ဖိုးသွားတော့"

ပိုက်ဆံအိတ်ထဲက နှစ်ရာတန်တစ်အုပ်ထုတ်၍ ပေးလိုက်တော့မှ ဝဲဖြင့်ကိုတစ်ချက်နမ်းကာ လှစ်ခနဲထွက်သွားတော့၏။ အိမ်မှာ အငယ်ဆုံးလည်းဖြစ်၊ တစ်ဦးတည်းသော သမီးလေးလည်းဖြစ်တဲ့ ဒီတူမလေးကိုသာ အလေးတစ်ယောက်လို ဝိုင်းချစ်နေရ၏။ အင်း . . . ကိုယ်ကသာ ကလေးထင်နေတာ ဒီကောင်မလေးတောင် အသက်နှစ်ဆယ်ရှိနေပြီပဲ . . .။

ဒေါ်တင်မမထွန်းတွေးရင်းနှင့် အိမ်ပေါ်ထပ်သို့လှမ်းတက်လိုက်တော့ လှေတားခြေရင်းတွင် ထောင်ထားသော ကိုယ်လုံးပေါ်မှန်ကြီးမှာ ကိုယ့်အရိပ်ကိုယ်မြင်ပြီးခဏရပ်ကာကြည့်၏။ မို့မို့မြင့်အောင်နဲ့ အရမ်းတူတာပဲဆိုတဲ့ စကားကြောင့်မခို့တရို့လေး တစ်ချက်ပြုံးပြီး ခမ်ညုညုလေးကြည့်ပစ်လိုက်၏။ မို့မို့မြင့်အောင်ထက်သာတယ်လို့တောင် ကိုယ်ကိုယ်ကိုယ့်မှတ်ချလိုက်မိသည်။

"ညီမလေးတစ်ယောက်တည်း ဘာတွေပြုံးနေတာလဲကွယ့်"

ယောင်းမဖြစ်သူ ဒေါ်ရတနာမြင့် အသံကြားလိုက်တော့ မျက်နှာတစ်ခုလုံး ရေနွေးပူနဲ့အပက်ခံလိုက်ရသလို ဖြစ်သွား၏။ ရှက်ရှက်နဲ့တုန်ခါသွားသော ခန္ဓာကိုယ်ကိုထိန်းကာ လှည့်ကြည့်ပြီး . . .

"ဘာမှမဟုတ်ပါဘူး မမရယ်၊ ဆိုင်ကကောင်မလေးက ကျွန်မခေါင်းမှာဆံပင်ဖြူတွေ တွေ့တယ်ပြောလို့ကြည့်မိတာပါ"

ဒေါ်ရတနာမြင့်၊ သူ့ယောင်းမချောချောလေး ရှက်သွားတာသိလိုက်၍ မသိချင်ယောင်ဆောင်နေလိုက်ကာ. . .

"မရှိပါဘူး ညီမလေးရယ်. . . မမဖြင့် မမြင်မိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဟုတ်မှာပါ. . ဆိုင်ကကောင်မလေး ,မျက်စိမှားတာလည်း ဖြစ်မှာပါ"

ပြောပြီးလှည့်ထွက်မယ်အလုပ်. . .

"ညီမလေး. . . မီးမီးကို သိပ်အလိုမလိုက်နဲ့နော်. . . တလေးကငယ်တော့တာမဟုတ်ဘူး။ ပိုက်ဆံတွေလည်း အများကြီးမပေးနဲ့ တော်ကြာသုံးတတ်ဖြုန်းတတ်နေဦးမယ်"

"မမရယ်. . , အဲဒီလောက်လည်း ကျွန်မတူမလေးက မဆိုးပါဘူးနော်. . .။ ကလေးဆိုပေမယ့် သူ့မှာအသိစိတ်ဓာတ်လေးရှိပါတယ်။ စိတ်ချ ကျွန်မတူမလေးက လိမ်မာပြီးသား"

"အင်း. . . အင်း. . . ဒီတူမနဲ့ဒီအဒေါ်လိုက်လည်းလိုက်ပါတယ် တကတည်း"

ပြောပြီး မီးဖိုခန်းလှမ်းဝင်သွား မလို့လုပ်ပြီး တစ်ခုခုသတိရသွားဟန်ဖြင့်. . .

"ဩော်. . . ညီမအစ်ကိုတောင် ခုနဖုန်းဆက်သေးတယ် ရွှေလထဲ သူတို့သဘော်ဆိုက်မယ်ပြောတယ်"

"ဟယ်. . . တကယ်လား. . . ပျော်စရာကြီး"

ကလေးတစ်ယောက်လို ပျော်သွားသော ယောင်းမကိုကြည့်ပြီး ဖြူတာ ဒေါ်ရတနာမြင့် လှည့်ထွက်သွားတော့၏။

ဒေါ်တင်မမထွန်း တစ်ယောက်ကတော့ အခုမှရွှေဝါကို သတိရထား အပေါ်ထပ်သူမအခန်းသို့ အမြန်လှမ်းသွားလိုက်ပါတော့သည်။

◊ ◊ ◊



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်မောင်သည် ဘတ်(စ်)ကားပေါ်က ဆင်းလိုက်ချိန်တွင် ခပ်လျော့လျော့ဖြစ်နေတဲ့ လုံချည်ကိုပြင်ဝတ်ရန် လက်မှာကိုင်လာသော ဝတ်ခေါင်းသုပ်ထုပ်ကို ပါးစပ်မှာကိုက်လိုက်၏။ လုံချည်ပြင်ဝတ်ပြီး တစ်ဖတ်လမ်းသို့ကူးကာ သူနေထိုင်ရာ မေတ္တာလမ်းသို့ ချိုးဝင်လိုက်၏။ လမ်းတစ်ဝက်လောက်ရောက်ပြီးမှ ဆေးဝယ်ရန် သတိရသွား၍ ဆေးဆိုင်ရှိရာသို့လှမ်းသွားလိုက်လေတော့သည်။ သူတို့ရပ်ကွက်မှာ ၄ဆေးဆိုင်နှစ်ဆိုင်ရှိသည့်အနက် ဒီဆိုင်က ဆေးစုံသည်။ သူများဆိုင်နှင့်ယှဉ်လိုက်ရင်လည်း ဈေးသက်သာ၏။ ပြီးတော့ . . . ဆေးကလတ်လည်းလတ်သည်။ ထူးခြားတာ တစ်ခုရှိသေးသည်။ ဆေးဆိုင်နဲ့အတူ ဆေးခန်းလေးတစ်ခုပါ တွဲဖွင့်ထားခြင်းဝင်၊ လူကုတဲ့ဆေးခန်းတော့ မဟုတ် . . . တိရစ္ဆာန်ကုတဲ့ဆေးခန်း။

"ပရိုဗီမင်တစ်ဘူးပေးပါ"

ဝယ်သူတွေ ရှုပ်ယှက်ခတ်နေ၍ ဆေးရောင်းတဲ့ ကောင်မလေး ရုတ်တရက်ကြားဟန်မတူ . .။ သူ နောက်တစ်ခွန်းထပ်ပြောလိုက်၏။

"ပရိုဗီမင် တစ်ဘူးပေးပါ"

ကောင်တာ နောက်က ကောင်မလေးတစ်ချက်လှည့်ကြည့်ပြီး လက်ဟိုတာပြ၏။ ခဏစောင့်ဦးဆိုတဲ့ သဘော။

ဦးတင်မောင် သူဝယ်လာသည့် ဝက်ခေါင်းသုပ်ထုပ်နှင့် ဈေးဝယ်သူ



www.burmeseclassic.com

www.burmeseclassic.com



တွေထိမိမှာစိုး၍ ခပ်လှမ်းလှမ်းထောင့်တစ်နေရာရှိ စားပွဲတစ်ခုနားတွင် သွားရပ်နေလိုက်သည်။ လူပေါင်းစုံ ဝင်ထွက်သွားလာနေသည်ကို ကြည့်ပြီး ဦးတင်မောင်ရင်ထဲတစ်မျိုးကြီး ခံစားနေမိသည်။ သူ့ဘဝက တစ်ယောက်တည်းသမားအနှောင်အဖွဲ့မရှိသည့် လူပျိုကြီးတစ်ယောက်။ တချို့တွေကတော့ သူ့ဘဝကိုလွတ်လပ်တယ်ဆိုပြီး အားကျနေကြသူတွေရှိသည်။ အထူးသဖြင့် ရုံးက ကိုထွန်းအောင်တို့ ကိုညွန့်အေးတို့ သူ့ကိုတွေ့တိုင်း ခင်ဗျားဘဝလေးက ငြိမ်းချမ်းတယ်ဗျာဆိုပြီး အားကျသံကြီးနှင့် အမြဲပြောသည်။ သူတို့ဘဝကတော့ ရုံးချိန်အတွင်းသာ သူတို့ဘဝကို ပိုင်ပြီးကျန်တဲ့အချိန် သူတို့မိန်းမတွေက အပိုင်သိမ်းသွားကြောင်းလည်း အမြဲတမ်း ဆွေးဆွေးနစ်နစ်ပြောပြတတ်၏။ သို့သော် အဆိုးအကောင်း ဖွန်တွဲနေတတ်တဲ့ လောကနိယာမအတိုင်း ဦးတင်မောင်တစ်ယောက်တစ်ခါတရံ တစ်ယောက်တည်းနေရသော ဘဝကို ငြီးငွေ့ကာလာ၏။ တချို့မိသားစုတွေ ပျော်ပျော်ရွှင်ရွှင်သွားလာနေတာ မြင်လိုက်ရရင် အခုလို ဝဲရင်ထဲအမျိုးအမည်မသိ ဝေဒနာတစ်မျိုးကို ခံစားမိဆဲ။

လက်ညှိုးမှာချိတ်ထားသော ဝက်ခေါင်းသုပ် ကြွပ်ကြွပ်အိတ်တဆင်းခနဲဖြစ်သွား၍ အတွေးရပ်ကာ ငုံ့ကြည့်မိသည်။ စားပွဲပေါ်လက်တင်ထား၍ တန်းလန်းကျကာနေသော အထုပ်က စားပွဲအောက်အတွင်းဘက်သို့ ခပ်စွေစွေတိုးဝင်နေတာတွေ့လိုက်ရသည်။

လက်ညှိုးကို အားထည့်၍ အတင်းကြိတ်ကာ ဆွဲကြည့်သည်။ အထုပ်မှာ အောက်မှတစ်ခုခုအားနဲ့ပြန်ဆွဲလိုက်သလို ပြန်ပါသွား၏။ စားပွဲအောက်တသူ့အိတ်ကို ဆွဲနေတာဖြစ်မည်ဟုတွေးကာ ငုံ့ကြည့်လိုက်စဉ် စားပွဲအလယ်တန်းပျဉ်ပြားပေါ်တွင် ငုတ်တုတ်ထိုင်နေသော ကြောင်တစ်ကောင်ကို တွေ့မှလေသည်။ ကြောင်က သူ့မျက်နှာကြီးကို ရုတ်တရက်တွေ့လိုက်တော့ လန့်သွားကာ ထွက်ပြေးဖို့ကြိုးစား၏။ သို့သော် အစွယ်နဲ့ကြွပ်ကြွပ်အိတ်က ခတော်တော်ငြိနေ၍ ရုတ်တရက်ပြေးမရ။ ရှန်းလေ ပိုဆိုးလေ ဖြစ်လာကာ နောက်ဆုံးကြွပ်ကြွပ်အိတ်ပါပြုတော့မည့်အနေအထားရောက်လာ၍ ဦးတင်မောင် လန့်ဖြန့်သွားသည်။

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒီကွပ်ကွပ်အိတ်တော့ ပြလို့မဖြစ် . . . ဝက်ခေါင်းသုပ်မပါသွားရင် သူ့မှာ ညစာစားစရာ ဟင်းမရှိတော့၊ တစ်သောက်တည်းသမားဖြစ်၍ ညနေ ရုံးဆင်းချိန်ဆို ဒီလိုပဲ တစ်ခုခုဝယ်ပြီးစားနေကျ၊ ဒီနေ့ကျမှ သူ့အကြိုက်ဆုံး ဝက်ခေါင်းသုပ်လည်းဖြစ်နေသည်၊ အခု ဘယ်မိမဆုံးမဖမဆုံးမ-ကြောင်က လာဆွဲနေလဲ တော်ပေ၊ -

ဒီဆိုင်က ကြောင်လားမသိ၊ သို့သော် လူကြားထဲမေးကြည့်ဖို့ ရှက်နေ၍ တစ်သောက်တည်းကြိတ်ပြီး ဖြေရှင်းရ၏၊

"ဟဲ့ . . . ရှူး . . . ရှူး . . . သွား"

ကြောင်က ဦးတင်မောင်ကို ကြောင်တောင်တောင်နဲ့ကြည့်ကာ သူ့အစွယ်မှာငြိနေတဲ့ ကွပ်ကွပ်အိတ်ကို လက်နဲ့တွန်း ခေါင်းကိုခါ၍ အတင်းဆွဲဖြုတ်၏၊ သို့သော် ကွပ်ကွပ်အိတ်နဲ့ အစွယ်က ဘယ်လိုငြိနေလဲ မသိ တော်တော်နဲ့ဖြုတ်မရ၊ ကြောင်က ရုန်းလေ ကွပ်ကွပ်အိတ်က ဗျစ်ခနဲ ဗျစ်ခနဲ မြည်မြည်သွား၏၊ ကြာလျှင် ကိုယ်ကျိုးနည်းတော့မည် ဟုတွေးမိလိုက်၍ . . .

"ဟဲ့ကြောင် . . . သွားစမ်း . . . ရှူး . . . ရှူး"

"ဘုန်း"

"ဘုန်း"

"ရှူး . . . ရှူး . . . သွား . . . သွားစမ်း"

ဆေးလာဝယ်သူတွေ ဦးတင်မောင်ကို တအံ့တဩဝိုင်းကြည့်ကြ၏၊ စားပွဲအောက်ခေါင်းထိုးဝင်ကာ ကုန်းကွကွကြီးနှင့် ခုံကိုတဘုန်းဘုန်းရိုက်နေသော ဦးတင်မောင်ကို နားမလည်နိုင်သူတချို့က . . .

"ရောဂါဖောက်သွားပြီထင်တယ်"

"သူ့လာဝယ်တဲ့ ဆေးအမြန်ပေးလိုက်ရင်ကောင်းမယ် . . . တော်ကြာဆေးမမီလိုက်ပဲနေဦးမယ်"

"အရမ်းစွတ်ပြောမနေကြနဲ့ဦး . . . အခြေအနေလည်း အကဲခတ်ကြဦး . . . ချုပ်စရာရှိ ဝိုင်းချုပ်ထားလို့ရအောင်"

ဝက်ခေါင်းသုပ်ဇောကပ်နေတဲ့ ဦးတင်မောင်ကတော့ ရှုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကို သတိမထားမိတော့၊ ခုံအောက်က ကြောင်ကလည်း ဦးတင်မောင့်လုပ်ရပ်ကြောင့် သွေးရူးသွေးတန်းဖြစ်ကာ ပျဉ်ပြားပေါ်က ခုန်ဆင်းသွား၏။

"ခွီး . . . ခွီး"

"ခွီး . . . "

ရုတ်တရက် ဆောင့်ရုန်းလှုပ်ကာသော အရှိန်ကြောင့် ဝက်ဆီနဲ့ချောနေသော ကြွပ်ကြွပ်အိတ်က လက်ညှိုးမှ ရုတ်တရက်ပြုတ်ကာသွားတော့သည်။

"ဟာ . . . သွားပြီ . . . တောက် . . . ဟဲ့ကြောင် . . . ဟဲ့ . . . ဟဲ့ . . . ရှူး . . . ရှူး"

ဝက်ခေါင်းသုပ်ဖတ်တွေ သမ်သလင်းပေါ် ဖွေးခနဲဖြစ်သွား၏။ ကြွပ်ကြွပ်အိတ်ကတော့ ကြောင်ခေါင်းမှာအရှိန်နဲ့ စွပ်ကာပါသွားတော့၏။ ကြွပ်ကြွပ်အိတ်ခေါင်းစွပ်သွား၍ ဘာမှမမြင်ရတော့သော ကြောင်က ခြေဦးတည့်ရာ အတင်းစွတ်ပြေးသည်။ ဆေးဝယ်နေသူတွေကြားထဲရောက်သွား၍ အားလုံး ဝရုန်းသုန်းကားဖြစ်ကုန်ကြသည်။

ဦးတင်မောင် ကြုပြန့်သွားသော ဝက်ခေါင်းသုပ်ဖတ်လေးများကို ကြည့်ကာဒေါသထွက်သွားပြီး ကြောင်ကို အတင်းလိုက်ဖမ်း၏။ ဆေးဆိုင်ထဲက လူတွေကလည်း ပတ်ချာလည်နေသော ဦးတင်မောင်နဲ့ကြောင်ကိုကြည့်ကာ ဘေးသို့ရှုံကုန်ကြလေသည်။

ကြောင်မိသွားပြီ၊ အတင်းရုန်းကန်နေသည့်ကြောင်ကို ဂုတ်ကဖမ်းပြီး လက်တစ်ဖက်နှင့်ဖိကာ တင်ပါးကို ခပ်နာနာသုံးချက်ဆင့်ရိုက်ပစ်လိုက်တော့သည်။

"ညောင် . . . ညောင်"

"ခွီး . . . "

ကြောင်က ငယ်သံပါအောင် အော်၍အတင်းကုပ်ကာ ရုန်း၏။ ဦးတင်မောင်ရဲ့ဒေါသကလည်း စနေသားပီပီကြီးသည်။ လမ်းလယ်ခေါင်မှာ ကြောင်ကို ဂုတ်ကခွစီးပြီး ပယ်ပယ်နယ်နယ်တွယ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး လုပ်ကြပါဦး . . . ကျွန်မကြောင်လေးသေတော့မယ် ရှင် . . . ရှင် . . . မိုက်ရိုင်းလှချေလား . . . ဟင် . . . ကျွန်မ . . ကျွန်မ ကြောင်မလေးကို အပေါ်ကခွပြီး ရှင် . . . ရှင်"

နားထဲတိုးဝင်လာသော ဒေါသသံကြောင့် ဦးတင်မောင်တစ်ယောက် အသိပြန်ဝင်လာကာ ဝုန်းခနဲ မတ်တပ်ထရပ်မိ၏။

"ဟင် . . . လူတွေအုံနေပါလား"

သူ့ကို ဝိုင်းကြည့်နေသည့် လူအုပ်ကြီးကို ကြည့်ကာ ဦးတင်မောင် ကြက်သေသေသွားသည်။ ပြီးတော့ သူ့ရှေ့မှာ မျက်နှာထားတင်းမာခက်ထန်နေသည့် အမျိုးသမီးတစ်ဦး။

"ရှင် ကျွန်မ ကြောင်မလေးကို ဘာလုပ်တာလဲ . . . ရှင် ရူးနေလား ရှင့်မှာ လူသားဆန်တဲ့စိတ်တောရှိသေးရဲ့လား . . . ဟင်"

လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောနေသော ထိုအမျိုးသမီးက သူလုပ်ထား၍ မြေကြီးပေါ် မှော့နေသော ကြောင်ကိုဆတ်ခနဲမယူကာ . . .

"ကျွန်မကြောင်မလေး တစ်ခုခုဖြစ်လို့ကတော့ . . . ရှင်မလွယ်ဘူး မှတ် . . ရှင့်ကိုတရားစွဲမယ်"

ပြောပြီး ဆေးခန်းထဲ အမြန်ပြေးဝင်သွားလေတော့သည်။ ဦးတင်မောင် ကြောင်တောင်တောင်ကြီးရပ်နေရာမှ တစ်ဖက်ကားလမ်းသို့ ကူးကာ အိမ်သို့ သုတ်ခြေတင်လိုက်ပါတော့သည်။

အရှက် . . . ဒေါသ . . နဲ့ သူ့ကို ဝိုင်းအုံကြည့်နေသော လူအုပ်ကြီးကြောင့် ဦးတင်မောင်တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့ အဖြစ်တွေကို ဘာမှန်းညာမှန်းရေရာစွာ မသိလိုက်သော်လည်း အဲဒီလူမျက်နှာကိုတော့ သေချာမှတ်မိလိုက်၏။ ဆံပင် တိုတို ရှပ်အင်္ကျီ ခပ်နွမ်းနွမ်းနှင့် မျက်လုံးကကြောင်စီစီ။ အသက်က သူမထက်ကြီးပုံ ရသည်။ ဒေါ်သက အထွင့်အထိပ်ရောက်သွား၍ သူမ ဘာတွေပြောလို့ ပြောခဲ့မှန်း မသိတော့။ လူလယ်ခေါင်မှာရန်ဖြစ်ဖူးတာဆို၍လည်း ဒီတစ်ခါ ပထမဆုံးကြိမ်ပင်။ ယောကျ်ားတစ်ယောက်ကို လက်ညှိုး ငေါက်ငေါက်ထိုးရန် တွေ့ဖူးတာဆို၍ ဒါ သူမဘဝမှာ ပထမဆုံး။

အဲဒါတွေအားလုံး ရွှေဝါကြောင့် . . . ။ ကားမှန်မပိတ်ခဲ့မိသော သူမ အပြစ်ကြောင့်လည်းပါသည်။ ခါတိုင်းဆို ရွှေဝါက ငြိမ်သည်။ အခုမှ ဘယ်လို ဖြစ်ပြီး ခြင်းထဲကထွက်ကာ ကားပြတင်းပေါက်က ခုန်ဆင်းသွားလဲမသိ။ ရွှေဝါပျောက်သွား၍ နေရာအနှံ့ ဒေါင်းတောက်အောင် လိုက်ရှာလိုက်ရသည်။ နောက်ဆုံးတွေ့တော့ လူတစ်ယောက်က ခွစီးပြီး မညှာမတာရိုက်ကာနေ၏။ သူ ဒေါသဖြစ်ဖြစ်နဲ့ ထိုလူကို ဘာတွေပြောလို့ ပြောခဲ့မိမှန်းတောင်မသိတော့။

တွေးလာရင်း အိမ်နားရောက်ခါနီးတော့ ခြံစည်းရိုးနား ရစ်သီရစ်သစ် လုပ်နေသော လူတစ်ယောက်ကြောင့် ကားအရှိန်ကို နှေးကာ အကဲခတ်လိုက်မိသည်။ ညနေညိုအစ်ကို မသိတသိအချိန်ဆိုတော့ လူရိပ်ကသိပ်မသဲကွဲ ထို လူက ကုန်းကြောင်းကြောင်းနှင့် ခြံထဲကို ဟိုချောင်းဒီချောင်းလုပ်နေတာတော့



www.burmeseclassic.com

www.burmeseclassic.com



သေချာသည်။ ပထမတော့ ဧည့်သည်တစ်ယောက်ယောက်များလား သူမတွေးလိုက်သေး၏။ သို့သော် ဧည့်သည်ဆို ဒီလိုခိုးကြောင်ခိုးဝှက်လုပ်နေစရာအကြောင်းမရှိ ခြံတံခါးမှာတပ်ထားသော လူခေါ်ဘဲ(လ်)ကို နှိပ်လိုက်ရုံသာ။ အခု တွေ့ရတဲ့ လူပုံစံက အဲဒီလိုမဟုတ်၊ ခြံထဲက ပစ္စည်းတစ်စုံတစ်ရာ အလစ်ဆွဲမလို့ လူအခြေအနေကြည့်နေပုံမျိုး။

သူမကားခြံဝနားရောက်သည်ထိ အဲဒီလူမရိပ်မိသေးပေ။ (သူမကားစက်သံညံ့[illegible]န်းတာလည်းပါမည်။) ခြံစောင့် ဦးလေးထွန်းကလည်း ဘယ်ရောက်နေလဲမသိ။ နောက်ဆုံး သူမကားကို ခြံဝဘက်ဆွဲကွေ့ပြီး ဟွန်းကို လိုအပ်တာထက် အကျယ်ကြီးတီးပစ်လိုက်လေတော့သည်။

ကားဟွန်းသံရုတ်တရက်ကြားလိုက်ရတော့ ထိုလူဗျာယာခတ်ကာ ခြံစည်းရိုးနားက ရုတ်တရက်နောက်ဆုတ်သွား၏။ ပြီးတော့ သူမဘက်လှည့်ကြည့်သည်။ ထိုလူ သူမကို မြင်သွားတော့ ခပ်ကြာကြာလေး စိုက်ကြည့်နေ၏။ အခုမှ သူမလည်း ထိုလူကို သေချာတွေ့လိုက်ရလေသည်။ ကောင်လေးတစ် ယောက်၊ အသက်က ၂၀ လောက်ရှိဦးမည်။ ရုပ်ရည်လက္ခဏာကြည့်ရတာ တော့ သူခိုးမျိုးထဲက မဟုတ်လောက်ပေ၊ သားသားနားနားလေး . . . ။

အခုထိ သူမဆီမှ အကြည့်မခွာသေးသော ကောင်လေးမျက်လုံးတွေကြောင့် သူမ ပထမတော့ အံ့ဩသွားသည်။ နောက်ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိ၍ မျက်လုံးအကြည့်ကို သူမကပဲ အရင်လွှဲဖယ်လိုက်ရပါတော့သည်၊ ခဏကြာတော့ ဟွန်းသံကြား၍ ဦးလေးထွန်းတံခါးကို လာဖွင့်ပေး၍ ကားကိုခြံထဲသို့ မောင်းဝင်လိုက်တော့၏။ ခြံဝက ကောင်လေး ယောင်ပေပေနဲ့လှည့်ထွက်သွားတာကို ဘက်ကြည့်မှန်မှမြင်လိုက်ရလေသည်။

× × ×

“ခင်ဗျားက ကြောင်မတောင် အလွတ်မပေးပါလား ဗျာ”

“ဟာဗျာ . . . ခင်ဗျားတို့စကားကလည်း ဘာလဲဗျ”

“ဪ . . . ဒါသဖြစ်လာရင် ကြောင်တောင်ချမ်းသာမပေးဘူး ပြောချင်တာပါ”



www.burmeseclassic.com

www.burmeseclassic.com



သူမရယ်ချင် ရယ်ချင်နှင့်လိုက်ရယ်ပေးနေရ၏။ ဟိုနေ့က အတွေ့အကြုံကို အစမှရှင်းတမ်းဖွင့်ရခြင်းပင်။

"ဒါနဲ့ ကြောင်ပိုင်ရှင်အမျိုးသမီးက ဇတ်တော်လှလား"

"သေသေချာချာတောင် မကြည့်မိပါဘူးဗျာ . . . ကျုပ်လည်း ရှက်တာနဲ့ အမြန်ထွက်လာခဲ့တာ"

"ဟုတ်လို့လား ကိုတင်မောင်ရယ် . . . ခင်ဗျား ကျုပ်တို့ကို ရှက်နေစရာမလိုဘူးနော် . . . ခင်ဗျားကြည့်မိရင် ကြည့်မိတယ်ပေါ့ဗျာ . . . ဘာဖြစ်လဲ"

"ကိုညွန့်အေး ပြောတာမှန်တယ် . . . နောက်ဆို ကြောင်ရေးတဲ့ဖူးစာတွေဘာတွေဖြစ်လာနိုင်တယ်ဗျ"

သူတို့ပြောမှ ဟိုအမျိုးသမီးမျက်နှာကို အတွေးထဲမှာ ပြန်လည်ပုံဖော်ကြည့်မိသည်။ မနေ့ညနေကမှ တွေ့လိုက်ရသော်လည်း အင်တနာမကောင်း၍ မှုန်ဝါးဝါးဖြစ်နေသော ရုပ်မြင်သံကြားထဲက ပုံရိပ်တွေလိုဖြစ်နေ၏။ ကောက်ကြောင်းသာမြင်ရပြီး အကောင်အထည်မပေါ်ပေ။ ဦးတင်မောင် သိတာတစ်ခုတော့ရှိသည်။ ထိုအမျိုးသမီးသည် လှ၏။

"ဒါနဲ့ . . . ခင်ဗျားဒီလိုပဲ တစ်သက်လုံးနေသွားတော့မှာလား"

ပြတ်သွားသောစကားဝိုင်းကို ကိုထွန်းအောင်က ပြန်စသည်။ ဒီလိုစကားမျိုးပြောလာလျှင် နောက်ဆက်တွဲဘာတွေ ဆက်လာတော့မည်ဆိုတာ အလိုလိုသဘောပေါက်ကာသွား၏။ ဒါမျိုးတစ်ယောက်က စလိုက်လျှင် နောက်တစ်ယောက်က 'ဟုတ်တယ်ဗျ'ဆိုပြီး အစချီကာ သူ့ကို မိဘတစ်ယောက်က ကိုယ့်သားသမီးတွေကို လမ်းပြသလို ဆုံးမစကားဆိုပေတော့မည်။ ဒါမှမဟုတ် လူပျိုကြီးဖြစ်နေသော သူ့ဘဝသည် လူရာမဝင်တော့သလိုလို လေသံတွေနှင့် နှိပ်ကွပ်ပေတော့မည်။ သို့သော် ဦးတင်မောင်ကတော့ သူ့ထုံးစံအတိုင်း အခုမှ ဒီစကားမျိုးတွေကြားဖူးသလိုလို စိတ်ဝင်တစားနားထောင်ပေး၏။ ဒါတော့ ကိုထွန်းအောင်နှင့် ကိုညွန့်အေးတို့ကို အားနာသောကြောင့်ပင်။ တစ်ယောက်သူ့နှစ်ယောက်ကတော့ အကွက်ဝင်ပြီဆိုပြီး တိုက်စစ်စတော့၏။ ကိုညွန့်အေးက



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည် တစ်ကျိုက်သောက်ကာ လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး . .

"ဟုတ်တယ်ဗျ ကိုတင်မောင်ရ . . . တစ်ယောက်တည်းနေရတာ လွတ်လပ်တယ်ဆိုပြီး အခုနေတော့ ခင်ဗျားကျေနပ်နေမှာပေါ့ဗျာ . . ။ အဲ . . ဒါပေမယ့် ကြီးလာတဲ့အခါမှာတော့ ဆေးပေးမီးယူဆိုတာ ဟာ . . . ကိုထွန်းအောင် . . . ခင်ဗျား မိန်းမ . . . ခင်ဗျားမိန်းမ"

ပြောနေရင်းမှ လက်ဖက်ရည်ဆိုင်အပြင်ဘက်ကို ကြည့်ရင်း ကိုညွန့်အေးတစ်ယောက်အလန့်တကြားထအော်တော့ ကိုထွန်းအောင်တစ်ယောက် တစ်ကိုယ်လုံး ကျင်စက်နဲ့တို့သလို တုန်ခါသွားတာမြင်လိုက်ရလေသည်။ ဂျာမာန်စစ်ပုလိပ်တစ်ယောက်ကို မြင်လိုက်ရသော ဂျူးတရားခံလို တစ်ကိုယ်လုံး ဖြူဖတ်ဖြူရော်ဖြစ်သွားကာ . . .

"မဖြစ်ဘူး . . . ရုံးပေါ်မရောက်ခင် အနောက်ဘက်တံခါးက အမြန်သွားမှ . . . တော်ကြာ စားပွဲမှာမတွေ့လို့ ဘယ်အလေလိုက်နေလဲ ပွစိပွစိ လုပ်နေဦးမယ်"

"ဟဲ . . . ဟဲ . . . သွားသွား . . . ခင်ဗျားက မိန်းမချစ်တာထက် မိန်းမကြောက်သလိုဖြစ်မနေဘူးလား . . . ကိုထွန်းအောင်ရယ်"

ကိုညွန့်အေးကတော့ ကိုထွန်းအောင့်ကို ကြုံတုန်းလေးတွယ်လိုက်ရ၍ ကျေနပ်သွားလေသည်။ ထို့နောက် သူ့ဘက်ပြန်လှည့်ကာ စကားကိုဆက်၏။

"ကိုထွန်းအောင်တစ်ယောက်လည်း သနားပါတယ်ဗျာ . . . ဟိုနေ့ တဆို လက်ဖက်ရည်သောက်တာ တစ်နေ့တည်း သုံးကြိမ်ဖြစ်သွားလို့ ယောက်မနဲ့ ခေါက်ခံလိုက်ရသေးတယ်လေ . . . အဲ . . . ဟင်း . . . ကျွန်တော်ဆို ဒါမျိုးဘယ်ရမလဲဗျ . . . ယောကျ်ားဆိုတာ အိမ်ဦးနတ်ပဲ . . . အိမ်ထောင် တစ်စုမှာ ယောကျ်ားပြီးရင် အားလုံး . . . ပြီး . . . ပြီး . . . ပြီး . . . ပြီး"

ပြောရင်းနှင့်အသံလေးတိမ်သွား၍ မော့ကြည့်လိုက်တာ ကိုညွန့်အေး တစ်ယောက်တစ်နေရာကို စိုက်ကြည့်နေတာတွေ့ရ၏။ ခဏနေတော့ စားပွဲ ဝိုင်းမှ စုန်းခနဲထကာ တစ်ဖက်ကားလမ်းသို့ ကမူးရှူးထိုးကူးသွားလေတော့သည်။ ဦးတင်မောင် အံ့သြပြီး တစ်ဖက်ကားလမ်းသို့ကြည့်လိုက်ရာ ပါဝါဝမ်းဆက်



www.burmeseclassic.com

www.burmeseclassic.com



မရမ်းဆီရောင်ဝတ်ထားသော ကိုညွန့်အေး မိန်းမကြီးကို ပြုံးပြုံးကြီးနှင့်တွေ့လိုက်ရလေတော့သည်။

ဒီနေ့ရုံးသို့ ကိုထွန်းအောင်ရော ကိုညွန့်အေးတို့ မိန်းမတွေ တစ်ပြိုင်နက်ရောက်လာတာတွေ့လိုက်မိ၍ သူ တစ်ခုခုံသွားသတိရသွားကာ ပြုံးလိုက်မိသည်။

ဒီနေ့ လခထုတ်သည့်နေ့ . . . .။

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲကိုကြည့်လိုက်တော့ လူရိပ်လူခြေမတွေ့ရ။ ဒီခြံမှာ ကောင်မလေးအပါအဝင် ယခုလောလောဆယ် သူလေ့လာထားသမျှ လူလေးယောက် ရှိသည်၊ ယောက်ျားတစ်ယောက်နှင့် အမျိုးသမီးသုံးယောက်။ ယောက်ျားဖြစ်သူက အသက်ငါးဆယ်ဝန်းကျင်လောက်ရှိမည်။ သူ ဒီလိုစုံစမ်းထား၍ ဒီအိမ်ကိုတောင်းတာ တစ်ခုခုကြံစည်ဖို့ မထင်လိုက်ပါနှင့်၊ သူ့မှာအကြောင်းရှိ၍ ဖြစ်သည်။ ရှုတ်ရှုပ်ပြောင်ပိုက်ပြီး ပြောရရင်တော့ ဟဲ . . . ဟဲ . . . လူပျိုကိစ္စ။

"ဒီမှာ သူငယ် ဘယ်သူနဲ့တွေ့ချင်လို့လဲ"

ဝန်းချုံတွေကြားက ထွက်လာသော လူတစ်ယောက်ကိုတွေ့လိုက်ရသည်။ ခုန ရုတ်တရက်ဆိုတော့ သူသတိမထားမိလိုက်တာလည်း ဖြစ်နိုင်သည်။ ခြံစောင့်လို့ သူမှတ်ချက်ချထားတဲ့လူ . . .။ ရစ်သီရစ်သီလုပ်နေတဲ့ သူ့ကို သိပ်သတ်ာပုံမရ။ ဒါပေမယ့် ကိစ္စမရှိ၊ ဒီလူကြည့်ရတာ အူတူတူပုံစံ။

"မီးမီးရှိလား"

ခပ်တည်တည်နဲ့ မေးလိုက်တော့ ခြံစောင့်ကြီး သူ့ကိုခြေဆုံးခေါင်းဆုံးကြည့်ပြီး . . .

"မီးမီးရဲ့သူငယ်ချင်းလား"

"အင်း . . . သူငယ်ချင်းလို့လည်းပြောလို့ရပါတယ်။ မဟုတ်ဘူး ဆိုလည်းရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်ကြီး သူ့စကားကို ချာလပတ်လည်သွားပုံနှင့် . . .၊

"မင်းပြောတာဦးလေးနားမလည်ဘူး . . . သူငယ်ချင်းဆိုလည်း သူငယ်ချင်းပေါ့၊ မိတ်ဆွေဆိုလည်း မိတ်ဆွေပေါ့ အခုတော့ မင်းက"

မယုံသင်္ကာမှုကပိုကြီးသွားပုံရသည်။ လိုအပ်လျှင် ပတ်ဝန်းကျင်တို အော်ဟစ်အကူအညီတောင်းဖို့ပါ စဉ်းစားသွားပုံလည်းရသည်။ ပတ်ဝန်းကျင် ကြည့်လိုက် သူ့ကိုကြည့်လိုက်လုပ်နေစဉ် . . .

"ရော့ . . . ဒါ မီးမီးကိုပေးလိုက်"

"ဘာကြီးလဲ"

"ဦးလေးကလည်း သံကြိုးကြိုးမြင်ရဲ့သားနဲ့"

"သံကြိုးတော့သိတာပေါ့၊ မီးမီးက ဒါကြီးဘာလုပ်ဖို့လဲ"

"ပေးမှာသာ ပေးလိုက်ပါ သူသိပါတယ်"

ခြံစောင့်ကြီး ယောင်ကြောင်ကြောင်နဲ့ သံကြိုးကိုလှမ်းယူလိုက်တော့

"ရော့ . . . ဒီစာလေးပါပေးလိုက်"

အဘိုးကြီးလက်ထဲ စာတစ်စောင်ထည့်ကာ လှည့်ထွက်ခဲ့လိုက်တော့ သည်။ အဘိုးကြီးကတော့ သံကြိုးနဲ့ စာကိုတစ်လှည့်စီကြည့်ကာ အူလည်လည် နှင့် ကျန်ခဲ့လေတော့၏။ သံကြိုးစာဆိုတာ ဒါမျိုးဖြစ်မယ်ဟု တွေးနေပုံလည်း ရသည်။

မီးမီးက သူမလက်ထဲရောက်လာသော သံကြိုးနှင့်စာကို ကြည့်တာ နားမလည်နိုင်သလိုဖြစ်သွားလေတော့သည်။ ထို့ကြောင့် ဦးလေးထွန်းကိုကြည့် တာ . . .

"ဦးလေးထွန်း . . . ဒါဘာလုပ်ဖို့လဲဟင်"

"သိပါဘူး တူမကြီးရယ် ကောင်လေးတစ်ယောက်လာပေးသွားတာပဲ . . . တူမကြီးကို ပေးလိုက်ဆိုလို့"

"ဟင် . . . အဲဒီပေးသွားတဲ့လူရော"

"ပြန်သွားပြီ . . . ဦးလေးတောင် ဘာမှရေရေရာရာ မမေးလိုက်ရ ဘူး . . . အဲဒါတွေလက်ထဲထည့်ပြီး ထွက်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ တအံ့တသြနှင့် လက်ထဲက သံကြိုးကိုတစ်လှည့်၊ စာကိုတစ်လှည့်ကြည့်ကာ ပေးသွားသူပုံစံကို မေးလိုက်တော့ ဦးလေးထွန်းပြောပြချက်အရ ချတ်ချင်းသိလိုက်၏။ ထို့ကြောင့် အိပ်ခန်းထဲပြေးဝင်ကာ စာကိုဖောက်ဖတ်လိုက်တော့သည်။

သို့/

မြို့ရှေ့တွင် သတိုးချေးကိုကိုတာတာသည် ဟုရေးထားတာ တွေ့ရသည်။ ချေးကိုကိုတာတာရင် ချွတ်ထားပါ။ ထို့ကြောင့် သံကြိုးတစ်ချောင်းပေးလိုက်ရခြင်းဖြစ်သည်။ ထိုသံကြိုးမှာ လွန်ခဲ့သောရက်အတန်ကြာကတည်းက ကျွန်ုပ်ဝယ်ထားခြင်းဖြစ်သည်။ ကျွန်ုပ်တွင် ချေးဝယ်ဖို့အကြံရှိသော်လည်း ပရိုဗီးယားလိုက်သောလုံးပွဲထိုးသွား၍ အလုပ်ရှုပ်နေရ၍ အခုထိမဝယ်ဖြစ်သေး၊ ထို့ကြောင့် သံကြိုးကြီးပို့နေ၍ စေတနာနှင့်ပေးလိုက်သည်။

အကယ်၍ သင်သည် သဘာကဲ့ယောင်ပြီး လမ်းလျှောက်တတ်သည့် အကျင့်ရှိပါက ဝါသနာပါလျှင် ကိုယ်လည်ပင်းကို ချည်၍ ခုတင်တိုင်နှင့်လည်းတွဲထားနိုင်သည်။

မှ

ရှောဘက်ကိုဝင်ဖိုက်ကယ်ပတ်ရှေပါ

"တောက်"

"ဒီကောင့်ကိုတော့ ပညာပေးမှ ဖြစ်တော့မယ်"ဟု မိုးမိုရတနာ စိတ်ထဲ ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

"မိုးမိုးရေ . . . တီတီ့ ဆီခဏလာဦး"

"လာပြီ . . . လာပြီ"

ဒေါ်တင်မမထွန်းခေါ်သံကြား၍ ဧည့်ခန်းသို့ပြေးထွက်သွားလိုက်၏။ ဧည့်ခန်းထဲတွင် ဒေါ်တင်မမထွန်းတစ်ယောက် လက်ဆွဲကွန်ပျူတာ (လက်တော့)တစ်လုံးနှင့် အလုပ်ရှုပ်နေလေသည်။

"ဟယ် . . . တီတီ လက်တော့ ဘယ်ကရလာတာလဲ . . ဝယ်လာတာလား . . . ချစ်စရာလေး . . . မိုးမိုးကိုပေး"

"နေစမ်းပါဦးအေ ဒီမှာ ဘယ်လိုလုပ်ရမှန်းမသိလို့ စိတ်ညစ်နေတာ ညည်းကတစ်မျိုး . . . လာစမ်း ငါ့ကို နှိပ်ပုံနှိပ်နည်းပြစမ်း"

"အဲဒါကြောင့် ပြောတာပေါ့ . . . တီတီ့ကို ကွန်ပျူတာလေး ဘာ



www.burmeseclassic.com

www.burmeseclassic.com



လေးသင်ထားပါလို့ . . . အခုတော့ ဒုက္ခရောက်ပြီ"

ဆရာလုပ်လို့ရတုန်းလေးလုပ်ကာ ကွန်ပျူတာရှေ့ဝင်ထိုင်၏၊ ပြီးတော့ ကွန်ပျူတာကို ကျွမ်းကျင်စွာ ကိုင်တွယ်ပြကာ ဒေါ်တင်မမထွန်းကို ဆရာလုပ်တော့သည်။ သို့သော် မြန်လွန်းသော သူ့မသင်ကြားမှုကြောင့် ဒေါ်တင်မမထွန်း အတစ်ခုမှဟုတ်တိပတ်တိ မမှတ်မိလိုက်ပေ၊ နောက်ဆုံးတော့ လေး ငါး ခါ ပြတောင်နားမလည်နိုင်သောကြောင့် . . .

"တီတီ . . . သမီးလည်းညောင်းလာပြီ . . . တီတီက တော်တော်အူတာပဲ"

"အမယ်လေးတော် . . . ကျုပ်တောင်ဆွဲခံနေရပါလား . . . ဒါ လေးပြတဲ့ဟာကို ညည်းက ဖတွတ်ဖတွတ်နဲ့ ဘာတွေနှိပ်သွားမှန်းမှ မသိတာ ကျုပ်ကို တစ်ဆင့်ချင်းနားလည်အောင်ပြမှပေါ့"

"ဟာ . . . အဲဒီလောက် သမီးမှ စိတ်မရှည်တာ . . . ဒါနဲ့နေပါဦး . . . ဒါကြီး တီတီဘယ်ကဝယ်လာတာလဲ"

"ဝယ်လာတာမဟုတ်ပါဘူး . . . တီတီ သူငယ်ချင်းတစ်ယောက်လေ . . . မဝါ . . . မဝါ . . . ဟိုနေ့က စင်္ကာပူကပြန်လာလို့ပါလာတာပါ အေ့ . . . အဲဒါ ကျုပ်ကို လက်ဆောင်ပေးလို့ ယူလာတာ . . . အင်း . . . ဆိုင်အတွက် စာရင်းလေးဘာလေး ကွန်ပျူတာနဲ့လုပ်ရင် ပိုကောင်းမလားလို့ ကျုပ်လည်း ယူထားလိုက်တာ"

"ဒါဆို တီတီ ဒီအတိုင်းသင်လို့တော့ မဖြစ်ဘူး၊ သင်တန်းတက်မှ ဖြစ်မှာ . . . အဲဒါမှ အခြေခံကစပြီး ကျွမ်းသွားမှာ"

"သင်တန်းတော့ တက်ချင်ပါဘူး၊ ဒီအရွယ်ရောက်မှ"

"ဟာ . . . တီတီကလည်း တီတို့ထက်ကြီးတဲ့သူတွေတောင် သင်တန်းပေါင်းစုံလျှောက်တက်နေတဲ့ဟာ . . . ဒီခေတ်ကြီးမှာ အရွယ်နဲ့မဆိုင်ပါဘူး . . . ပညာလိုချင် အဘွားကြီးဖြစ်လည်း သင်ရမှာပဲ . . . တီတီ တို့ စကားပုံမကြားဖူးဘူးလား . . . ပညာလို အိုသည်မရှိတဲ့။

"တော် . . . တော်ပါတော့ မယ်မင်းကြီးမရယ် . . . ယုတ်ပါပြီ

www.burmeseclassic.com



ထျှပ်စဉ်းစားပါဦးမယ် ... အမလေး ... သူ့ကို ဒါလေးပြခိုင်းမိပါတယ် လူကို ဆရာလုပ်လို့ကိုမပြီးဘူး"

ဒေါ်တင်မမထွန်း မဲ့ကာရွဲ့ကာနှင့် ကွန်ပျူတာကို ပိတ်လိုက်တော့၏၊ ကွန်ပျူတာပိတ်ပြီးနောက် စားပွဲပေါ်က စာရွက်လေးကို သတိထားမိသွားတာ ...

"ဒါ ဘာယ်သူ့စာလဲ မီးမီး"

မီးမီး ဘနာ အခုမှ အမှူမဲ့အမှတ်မဲ့ တင်ထားမိသော စာရွက်ကို သတိထားမိသွား၍ ...

"တာ ... ဘာမှမဟုတ်ဘူး ... ဘာမှမဟုတ်ဘူး"

ဆိုပြီး ကမန်းကတန်းယူကာ ထပြေးသွားတော့သည်။ ဒေါ်တင်မမထွန်းတစ်ယောက် မီးမီးကိုကြည့်ပြီး သက်ပြင်းလေးချလိုက်မိတော့သည်။

"ဒီတောင်မလေးကို သတိထားစောင့်ကြည့်မှ" ဟု ရင်ထဲမှာ တွေးထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ စုံစမ်းရသလောက်တော့ အဲဒီအမျိုးသမီးက သူ့အဒေါ်ဖြစ်မယ် ပွဲ . . . ရှယ်ချင်းအတော်တူတာ"

လမ်းလျှောက်နေရင်းမှ ရဲမြင့်က လှည့်ကြည့်ကာ . . .

"မင်းကို ဘာပြောသွားသေးလဲ"

"ဘာမှတော့မပြောဘူး . . . ငါလည်း အသာလစ်ထွက်လာတာ"

ရဲမြင့်က ဖြတ်သွားတဲ့ကောင်မလေး နှစ်ယောက်ကို လှမ်းနောက်လိုက်ပြီးမှ . . .

"တစ်ခုခုစားရအောင်ကွာ ဗိုက်ဆာပြီ"

သူတို့ထွက်လာကတည်းက ကော်ဖီတစ်ခွက်စီပဲ သောက်ခဲ့ကြသည်။ ရဲမြင့်ပြောမှ လင်းထွန်းလည်း ကိုယ့်ကိုယ်ကိုယ် သတိထားမိသွား၏။ သူလည်း ဆာနေပြီ။

"ရှေ့မှာ လက်ဖက်ရည်ဆိုင်ရှိတယ် အဲဒီမှာထိုင်ရအောင်"

ရဲမြင့်က ခေါင်းညိတ်ပြတော့ နှစ်ဦးစလုံး ဆိုင်ဘက်လျှောက်လာခဲ့လိုက်၏။ ဆိုင်ကလေးသပ်ရပ်သားနားပြီး အေးချမ်းတိတ်ဆိတ်လှ၏။ ဆိုင်ထဲရောက်တော့ အစားအသောက်တချို့လှမ်းမှာပြီး . . .

"သူတို့အိမ်မှာ လောလောဆယ် လူလေးယောက်ရှိတယ်၊ ဦးတင့်အဘိုးကြီးရယ်၊ သူ့အဒေါ်ရယ် နောက် သူ့အမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေက ဘယ်ရောက်သွားလို့လဲ"

"အဲဒါတော့ ငါမသိဘူး . . . ရှိတော့ ရှိမှာပေါ့ . . . ငါတော့ မတွေ့ မိဘူး"

"ထားပါ . . . ဒါတွေသိပ်အရေးမကြီးပါဘူး . . . အရေးကြီးတာက မင်းကိစ္စအဆင်ပြေဖို့ပဲ ကောင်မလေးနဲ့ အခြေအနေဘယ်လိုရှိလဲ"

လင်းထွဋ်က လာချပေးတဲ့ ခေါက်ဆွဲကြော်ကို နှစ်လုပ်လောက်စားလိုက်ပြီးမှ . . .

"အခုထိတော့ အဆင်မပြေသေးဘူး . . . ငါကလည်း ကောင်မလေးနဲ့တွေ့ရင် လိုက်စနေတာနဲ့ ငါ့ဆိုဟိုကကြည့်မရဘူး . . . ဟဲ . . ဟဲ . . အေးဆေးပါ . . . ငါ့ဇာတ်ငါပိုင်ပါတယ်"

"မင်းဇာတ်မင်းပိုင်ရင်ပြီးတာပါပဲ . . . ဒါပေမယ့် ပေးထားတဲ့ အချိန်အတွင်း မင်းတာဝန်ယူထားတာ မအောင်မြင်ရင် . . ."

ရဲမြင့်က စကားကိုရပ်လိုက်ကာ လင်းထွဋ်ကို အဓိပ္ပာယ်ပါပါ ကြည့်သည်။ လင်းထွဋ်ကလည်း နားလည်စွာခေါင်းညိတ်ပြကာ . . .

"ငါနားလည်ပါတယ်"

ပြီးနောက် သက်ပြင်းကိုချလိုက်သည်။ ကိုင်ထားတဲ့ ဇွန်းခက်ရင်းကိုလည်း ပန်းကန်ထဲသို့ အသာချလိုက်၏။ သူ့ဆက်စားချင်စိတ်မရှိတော့ . . . ။ ရင်ထဲမှာပြည့်ကျပ်နေပြီ။

ရဲမြင့်က လင်းထွဋ်ကိုနားလည်မှုရှိစွာ တစ်ချက်ပုတ်လိုက်သည်။ ပြီးမှ လေသံအေးအေးနှင့် . . . ။

"ငါက မင်းမေ့နေမှာစိုးလို့ သတိပေးလိုက်တာပါ . . . မင်း ခံစားချက်ကို ငါနားလည်ပါတယ် သူငယ်ချင်းရာ . . . တကယ်တော့ ငါတို့ဘဝတွေက . . ."

"ဒါတွေပြောမနေပါနဲ့တော့ကွာ သွားကြရအောင်"

ရဲမြင့်ဘာမှဆက်မပြောတော့ပေ။ စားပွဲထိုးကိုခေါ်ကာ ပိုက်ဆံရှင်းပြီး သူတို့ထွက်လာခဲ့လိုက်တော့သည်။

◊ ◊ ◊



www.burmeseclassic.com

www.burmeseclassic.com



## တစ်

ယောက်တည်းနေသော လူပျိုကြီးတစ်ဦး၏ တစ်နေ့တာလုပ်ငန်းစဉ်သည် ဘာမှမယ်မယ်ရရသိပ်မရှိလှပေ။

မနက် အိပ်ရာထ မျက်နှာသစ်သွားတိုက်ပြီး အလုပ်သွားမည်။ မနက်စာကို အလုပ်သွားရင်း လမ်းမှာကြုံတဲ့ ဆိုင်ဝင်စားမည်။ ဒါမှမဟုတ် အိမ်မှာ ပဲထမင်းကြမ်းလေးဘာလေးနဲ့ ဖြစ်သလိုစခန်းသွား . . .။ အဲ . . . ဒါပေမယ့် ထမင်းကြမ်းကရှိဦးမှ . . .။ များသောအားဖြင့် ညစာအတွက် ထမင်းကို လိုသလောက်သာဝယ်စားဖြစ်၍ ထမင်းကြမ်းခဲကို မမြင်ဖူးတာ တော်တော်ကြာလေပြီ။ တစ်ခါတလေစိတ်လိုလက်ရ ရုံးကစောစောပြန်ပြီး ချက်စားဖြစ်သည့်အချိန်ကျမှ မနက်အတွက် ထမင်းကျန်၏။ ဒါတောင် ရည်ရွယ်ပြီး ပိုချက်ထားမှ . .။

ဦးတင်မောင်လမ်းထိပ်က ဆိုင်မှာ ထိုင်ရင်းတောင်ငေးမြောက်ငေးလုပ်နေ၏။ မှာထားတဲ့ထမင်းကြော်က ကြာနေပြီ ဖြစ်၍စားပွဲထိုးတစ်ယောက်ကို လှမ်းခေါ်လိုက်ကာ သတိပေးလိုက်သည်။

ခဏကြာတော့ ထမင်းကြော်ရောက်လာ၍ စားလိုက်ပြီး ဘတ်စ်ကားဂိတ်သို့ ထွက်ခဲ့လိုက်တော့သည်။ ရုံးတက်ချိန်ရဲ့ ထုံးစံအတိုင်း ကားဂိတ်မှာလူတော်တော်များနေ၏။ ကိုယ်တက်ရမယ့် ဘတ်စ်ကားပေါ်ရောက်ဖို့ ခန္ဓာကိုယ်အနံ့သတိကိုထည့်ထားရ၏။ ဘတ်စ်ကားရောက်လာတာနှင့်အသူဝင်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



နားကိုယ်က အရင်ရောက်နေဖို့ အရေးကြီးသည်။ အပေါ်က ဆင်းတဲ့ လူပြီး တာနဲ့ ခြေထောက်တစ်ဖက်ကို ခြေနင်းခုံပေါ် မရောက်ရောက်အောင် ဖြတ်တင် ပစ်လိုက်ဖို့လည်း အရေးကြီး၏။ ဒါမှနောက်လူတွေမတက်နိုင်ခင် ကိုယ်အရင် ရောက်နိုင်မည်။

ဒီလို ဘတ်စ်ကားအတက်အဆင်း ပညာကို ဦးတင်မောင်က ကျွမ်း ပြီးသား။ ဆယ်နှစ်လုံးလုံး ဘတ်စ်ကားစီးပြီး အလုပ်ကိုနေ့စဉ်သွားနေသူအတွက် ဘတ်စ်ကားစီးနည်း ဘွဲ့တွေဘာတွေပေးမယ်ဆိုရင်တောင် သူက ဘွဲ့လွန် လောက်တော့ တက်နေလောက်ပြီ။

ဦးတင်မောင်ဘတ်စ်ကားပေါ်ရောက်တော့ မဖြစ်နိုင်မှန်းသိရက်နဲ့ ထိုင်ခုံလွတ်ကိုလိုက်ရှာမိသည်။ ဒါ . . . သူ့အကျင့်။ တစ်ခါတရံ ရှေ့မှတ် တိုင်ဆင်းမည့်သူက သူနဲ့အနီးဆုံးဖြစ်နေရင်တော့ သူကံကောင်းသွား၏။ ဟို လူ ဆင်းပြီး သူက လွတ်သွားတဲ့ ခုံနေရာဝင်ယူလိုက်ရုံသာ . .။ ဒါတောင် သံဃာတော်တွေနှင့် ဗိုက်ကြီးသည်တွေမပါမှ . .။ အဲဒီလိုမျိုးတွေပါရင်တော့ သူတို့ကို ဦးစားပေးရသည်။

အတွေးအဆုံးမှာပင် သူ့ရှေ့မှ လူတစ်ယောက်ထတာ မြင်လိုက်ရ၍ အပြတ်ဝင်ထိုင်ပစ်လိုက်လေသည်။ သူဦးတာမြန်ပေလို့။ နောက်မို့ဆို သူ့ဘေး နားကတစ်ယောက်က ထိုင်ဖို့လုပ်ပြီးပြီ။ သူကနောက်က အတင်းတိုးပြီး ဝင်ယူ လိုက်၍ရသွားခြင်းပင်။ ထိုင်ခုံမရလိုက်သူက သူ့ကို ပေစောင်းစောင်းနဲ့ကြည့် ပြီး ကျန်ခဲ့လေသည်။ သူအောင်နိုင်သူအပြုံးတစ်ချက်ပြုံးပြီး ပြန်လှည့်ချိန်တွင်။

"ဟင် . . . ခင်ဗျားဘာလုပ်တာလဲ"

"ဗျာ"

"ခင်ဗျား ကျွန်တော်နေရာပေါ်တင်ကြီး ခိုးတာလား"

"ဘာ . . . ဘာဖြစ်လို့လဲ . . . ခင်ဗျားထသွားလို့ ကျုပ်ဝင်ထိုင်တာ ဘာဖြစ်လဲ"

"ဘယ်မှာထသွားလို့လဲ . . . ဂိတ်ဆုံးစီးမှာဗျ . . . ပုဆိုးပြေ ဝတ် တာ တောက် . . . နေရာလိုချင်လည်း ကျွန်တော့်လို ဂိတ်စကစီးလေ။ယ်က



www.burmeseclassic.com

www.burmeseclassic.com



အချောင်မလိုချင်နဲ့"

ဦးတင်မောင် ရှက်လည်းရှက် ဒေါသလည်း တော်တော်ထွက်သွားသည်။ သို့သော် ဘာပြန်ပြောရမှန်းမသိ။

"ထလေ . . . ဘာကြောင်ကြည့်နေတာလဲ"

"ဟုတ် . . . ဟုတ်"

အယောင်ယောင် အမှားမှားတွေနှင့် ကမန်းကတန်းထရပ်ပေးလိုက်ရ၏။ ခရီးသည်တွေကလည်း သူတို့အဖြစ်ကို ကြည့်ကာပြုံးစိစိနှင့် . . ။

"ရှေ့မှတ်တိုင်ပါတယ်ဟေ့"

ဖြစ်ချင်ရာဖြစ် ဦးရာမှတ်တိုင်ဆင်းပစ်လိုက်လေသည်။ အောက်ရောက်တော့မှ ပူနေသည့်မျက်နှာက အေးသွားသည်။ သို့သော် ကွဲလာတဲ့အရှက်ကတော့ ပြန်မစေ့သေး။

"ငါ့ကို သူခိုးတဲ့ . . . တောက်"

ဦးတင်မောင် ကားပေါ်ကကောင်ပြောသွားတဲ့ စကားတွေကို ပြန်ကြားယောင်ကာ တောက်တစ်ချက်ပြင်းပြင်းခေါက်ပစ်လိုက်သည်။ ဘေးက မှန်ဆင်းခါးထုပ်ဆွဲပြီး ဖြတ်သွားတဲ့မိန်းမကြီးတစ်ယောက်က သူ့ကိုလှည့်ကြည့်သွား၏။ ဦးတင်မောင်ကတော့ ပတ်ဝန်းကျင်ကို သတိမထားဘဲ လျှောက်မိလျှောက်ရာဆက်လျှောက်သည်။

"ငါ့ကိုများ လူလည်ကျသလေးဘာလေးနဲ့ ဒီကောင်က ဘယ်တကောင်လဲ . . . ဂိတ်စကစီးပြီး ထိုင်ခုံလေးရတာနဲ့ လူပါးဝလို့ ငါ့ကိုများတောက် . . . မိမဆုံးမ . . . ဖမဆုံးမ . . . ကဲတွာ"

ဒေါသဖြစ်ဖြစ်နှင့်ရှေ့မှာတွေ့သည့် လက်သီးဆုပ်လောက် ခဲလုံးကိုအားလွှဲကန်ပစ်လိုက်သည်။ ခဲလုံးက ဖိနပ်ဦးထိပ်နဲ့ မထိဘဲခြေမထိပ်နှင့်သွားထိ၍ . . .

"အား . . . လား . . . လား"

"အောင်မလေး . . . အမေ့"

အသံနှစ်ခုက ပြိုင်တူ . . . ။ ပထမဆုံးအော်လိုက်တာ ဒုအသံ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်သံက အမျိုးသမီးတစ်ဦး . . ။

ဦးတင်မောင် လောလောဆယ်ဘာကိုမှ ဂရုမစိုက်အားသေးဘဲ နာသွားတဲ့ခြေမထိပ်ကို တရှုးရှုးနှင့်ကောက်မှုတ်ကာနေ၏။ ဦးတင်မောင်ရဲ့ ခပ်လှမ်းလှမ်းမှာ အမျိုးသမီးတစ်ယောက် ခြေမျက်စိလေးကို အုပ်ကာ ခွေခွေလေး ထိုင်နေလေသည်။ လမ်းသွားလမ်းလာရှင်းသော ရပ်ကွက်ဖြစ်၍ လူသွားလူလာလည်းမရှိ။ ပြီးတော့ သူတို့ကို ကူညီမယ့်သူလည်းမရှိ။ သူ့ဘာသာသူ ကားပေါ်ကဆင်းပြီးကတည်းက ဘယ်လမ်းထဲဝင်လာမှန်းလည်း ဦးတင်မောင် သူဟာသူမသိ . . . ။

"အား ကျွတ် ကျွတ် ကျွတ် နာလိုက်တာ . . . ကွဲများသွားပြီလား"

"တောက်"

အမျိုးသမီးဆီမှ ခပ်ပြင်းပြင်းတောက်ခေါက်သံကိုကြားမှ ဦးတင်မောင်မော့ကြည့်လိုက်ကာ . . .

"ခင် . . . ခင်ဗျားက ဘာဖြစ်လို့လဲ"

ဦးတင်မောင် ကြောင်တောင်တောင်နှင့် ငုတ်တုတ်ထိုင်နေသည့် အမျိုးသမီးကို ကြည့်ပြီးမေး၏။ အမျိုးသမီးက ဦးတင်မောင်ကို စိုက်ကြည့်တာ. .

"ရှင့်လိုတွေ့ကရာ ခဲလုံးလျှောက်ကန်တဲ့ လူကြောင့်ဖြစ်တာပေါ့။ ရှင်တန်လိုက်တဲ့ ခဲလုံး ကျွန်မကိုလာမှန်တာ . . . ဒီအရွယ်ကြီးရောက်မှ ရှင် . . . မကြီးမငယ်နဲ့"

အမျိုးသမီးက ပြောလည်းပြော လမ်းဘေးက မာတ်တိုင်ကြီးကို လက်တစ်ဖက်နှင့်မှေးကာထ၏။ ဦးတင်မောင်လည်း အခုမှ အခြေအနေကို သဘောပေါက်သွားတာ . .

"ဟာ . . . ဆောတီး . . . ဆောတီး . . . ကျွန်တော် တကယ်မသိလိုက်လို့ပါ . . . ပြီးတော့ ကျွန်တော်တမင်လုပ်တာမဟုတ်ပါဘူး"

ဦးတင်မောင်က အမျိုးသမီးဆီပြေးသွားလိုက်သည်။ အမျိုးသမီးက ဦးတင်မောင်ပြေးလာပုံကို ကြည့်ကာကြောက်သွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် . . ရတယ် ကျွန်မထနိုင်တယ် . . . ထူမပေးနဲ့နေ"

ဦးတင်မောင်တို့ခနဲ ရပ်သွားကာ အမျိုးသမီးကို ကြည့်သည်။ တစ်နေရာရာမှာ မြင်ဖူးသလိုလိုရှိသည်ဟု မှတ်ချက်ချ၏။ အမျိုးသမီးကလည်း သူ့ကို ငေးကြည့်နေသည့် ဦးတင်မောင်ကို မှင်သက်စွာပြန်ကြည့်လေသည်။ ဒီလူကို တစ်နေရာရာမှာ မြင်ဖူးသလိုလိုရှိသည်ဟု မှတ်ချက်ချ၏။

"တောင်းပန်ပါတယ် . . . ကျွန်တော်ဘာကူညီပေးရမလဲ"

"ရပါတယ်"

ချထားတဲ့ ခြင်းကိုဆွဲကာ အမျိုးသမီးလှည့်ကာ ထွက်သွား၏။ အမျိုးသမီး၏ အနောက်ပိုင်းအလှကို ရပ်ကြည့်နေရင် ရှိုင်းမှာစိုး၍ ဦးတင်မောင်ကျောခိုင်းကာ ထွက်ခဲ့လိုက်တော့၏။

သူ့ဆီမှာ ခုနကဖြစ်ပေါ်နေသည့် အရှက်တွေဒေါသတွေမရှိတော့။ လောလောဆယ် သူရင်ခုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံစည်းရိုးတစ်ခုပေါ် ငုတ်တုပ်ထိုင်နေသည့် ကြောင်တစ်ကောင်ကိုတွေ့လိုက်မှ တစ်စုံဆစ်ခုကိုသွား သတိရမိ၏။ ရင်ထဲမှာ ဒေါသပဲထွက်ရတော့မလိုလို၊ ကိုယ်လိုချင်တဲ့ ပုစ္ဆာအဖြေရှာရ၍ ပျော်ရတော့မလိုလိုဖြစ်သွားသည်။ ခုန အူကြောင်ကြောင် ငနဲကို မှတ်မိပြီ။ ရွှေဝါကို ဆေးခန်းပြတုန်းက သူမနဲ့စုံခဲ့တဲ့ လူ။

အဲဒီတုန်းက ရွှေဝါကုတ်ပေါ်ခွစီးနေတဲ့ ပုံကြီးကို မျက်လုံးထဲက မထွက်သေး။ ရုပ်ကြည့်တော့ မထင်ရပေ။ ဝမ်းတွင်းရှူးလားမသိ။ အခုလည်းကြည့် မကြီးမငယ်နဲ့ မနေနိုင်မထိုင်နိုင် လမ်းဘေးမှာ သူ့ဟာသူနေနေတဲ့ ခဲကို ပြေးတန်သည်။ ထိုခဲ သူမကိုလာမှန်၍ ခြေမျက်စိတော်တော်နာသွားရပြီ။ ရင်ထဲမှာ ဒီအရှူးနဲ့ရေစက်တိုမကုန်နိုင်ဘူးဟု တွေးနေစဉ်မှာပင် အိမ်ရောက်သွား၏။

"တီတီ . . . ဘာတွေဝယ်လာလဲဟင်"

"ဘာမှမဝါဘူး"

"တင် . . . ဈေးသွားတယ်ဆို"

"အေး . . . ဈေးတော့သွားတာပဲ ဒါပေမယ့် ဈေးမရောက်ခဲ့ဘူး"

မီးမီးရတနာနည်းနည်းတော့ ကြောင်တောင်တောင်ဖြစ်သွားကာ . .

"ဟင် . . . တီတီစကားကြီးက ဘယ်လိုကြီးလဲ"

"ဘယ်လိုကြီးလဲ . . . သေးလဲဆိုတာတော့ မသိဘူးဟေ့ . . . တကတည်း



www.burmeseclassic.com

www.burmeseclassic.com



စကားကိုရှည်တယ် . . . ဖယ်"

အနားမှာ ရှစ်သီရှစ်သီရပ်နေသော မီးမီးရတနာကို ဖယ်ကာ ဒေါ်တင်မမထွန်းက လှမ်းထွက်၏။ လမ်းလျှောက်လိုက်တိုင်း ခြေမျက်စိက တစ်ချက်တစ်ချက်နာနာသွား၍ ထော့နင်းထော့နင်းဖြစ်နေသည်။ အခုမှ ဒါကို တွေ့တော့မီးမီးရတနာမျက်လုံးပြူးသွားကာ . .

"ဟယ် . . . တီတီ . . . ဘာ . . . ဘာဖြစ်လာတာလဲဟင် . . . မာမီလာပါဦး . . . ဦးလေးထွန်းရေ"

"ဟဲ့ ကောင်မလေး . . . ဘာလို့ တစ်အိမ်လုံးလျှောက်ခေါ်နေရတာလဲ . . . ငြိမ်ငြိမ်နေစမ်း"

"တီတီ့ ခြေထောက်ကြီး"

"ဘာမှမဖြစ်ဘူး . . . လမ်းသွားရင်း ခြေထောက်ခေါက်သွားလို့ ညည်းအဲဒီလို လျှောက်အော်နေမယ့်အစား ငါ့ကိုတွဲပို့"

မီးမီးက ဒေါ်တင်မမထွန်းကို တွဲကာ သူမအခန်းကို လိုက်ပို့လိုက်၏။ အခန်းထဲရောက်တော့ ဒေါ်တင်မမထွန်းက . . .

"မီးမီး . . . ညည်းဒီနေ့ အားရင် ကျုပ်ကိုကားမောင်းလိုက်ပို့စမ်း . . . အားလား"

မီးမီးချက်ချင်းအဖြေမပေးသေးဘဲ . . .

"တီတီက ဘယ်တွေလျှောက်သွားဦးမလို့လဲ"

"အလုပ်ကိစ္စအရေးကြီးလို့ပေါ့ဟဲ့ . . . နောက်မို့ဆို ငါက အားအားယားယားသွားမလား"

"ဘယ်သွားမှာလဲ . . . ဘယ်လောက်ကြာမှာလဲ"

"အောင်မလေး . . . လျှာကလည်း ရှည်ပါ့ တစ်ခါတလေလေးခိုင်းပါတယ်၊ ကုမ္ပဏီတစ်ခုကို သွင်းကုန်ကိစ္စချိန်းထားတာလေးရှိလို့ သွားမှာ တီ့ပြီးရင် ပြန်ရုံပေါ့ . . . ညည်းမအားလို့လား"

မီးမီးက ပြုံးလိုက်ပြီး . . .

"ဟဲ ဟဲ . . . အပျိုကြီး ဘယ်သူနဲ့များချိန်းထားလဲ သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ကရတွေ ဒီကောင်မလေး . . . သွား ဗီရိုပေါ်က ဆေးယူခဲ့ လိမ်းပေး"

မီးမီးက ခပ်သွက်သွက်လေးထသွားကာ ဆေးဘူးယူပြီး ပြန်လာလိုက်သည်။ ဘူးထဲက ဆေးကို ကလော်ပြီး တစ်ချက်နှစ်ချက်လိမ်းလိုက်ပြီး . .

"ဆေးပေးမီးယူဆိုတာ ဒါမျိုးကိုပြောတာပေါ့ . . . တီတီ့ကို အဲဒါ ကြောင့်ယောက်ျားယူပါလို့"

"ဒြော် . . . ညည်းက ဒါလေးလုပ်ပေးရတာနဲ့ ကျုပ်ကို လင်ပေးစားနေတယ်ပေါ့လေ . . . မလုပ်နဲ့ . . . သွား . . သွား"

မီးမီးက သူမအခေါ်ဖြစ်သွားပုံကို ကြည့်ကာ ပျော်ရွှင်သွားပြီး

"ခစ် . . . ခစ် . . . တီတီက ရိရတယ် . . . ဒါနဲ့ တီတီ့ကိုဟိုကြိုးစားနေတဲ့ တိုမောင်မောင်ဦးဆိုတဲ့ လူကြီးရော . . . အိမ်ကိုလာတာ မမြင် မိပါလား"

"သိပါဘူးအေ . . ."

"တီတီ့ကို ဟိုတစ်ခါ ဖုန်းနဲ့အဖြေလှမ်းတောင်းတဲ့ ဆရာဝန်လေ . . သိလား"

"အဲဒါဘာဖြစ်လဲ"

"ဟိုနေ့ကတောင် အင်းယားမှာ သမီးတွေ့လိုက်သေးတယ်"

"အင်းယားမှာ အင့်ယားကန်လား"

"အင်း"

"သူက ဘာလာလုပ်တာလဲ"

"မသိပါဘူး . . တစ်ယောက်တည်း ငုတ်တုတ်ကြီး"

"အား . . ကျွတ် . . . ကျွတ် . . . ဖြည်းဖြည်း အဲ့ဒီနေရာနာတယ် . . သူက ငုတ်တုတ်ကြီး ဘာလုပ်နေတာလဲ"

"ဟီး ဟီး . . . လူလစ်တုန်း အပေါ့သွားနေတာလားမှမသိတာ"

"သွားစမ်း ပေါက်ကရတွေ"

ဒီအခေါ်နဲ့ ဒီတူမကလိုက်လည်းလိုက်ပေသည်။ အဲဒီလိုပဲ တွေးလိုက်ရင် အရေလည်းမရ အဖတ်လည်းမရ ဘယ်နားနေမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ဆေးလိမ်းပြီးသွားပြီ၊ ဆေးလိမ်းတဲ့ အလုပ်ပြီးသွားတော့ ထုံးစံအတိုင်း ပြင်ကြဆင်ကြလေ၏။ ထုံးစံအတိုင်း သွားမယ့်သူတွေက အပျိုကြီးနှင့် အပျိုလေးဖြစ်၍ အစွမ်းကုန်ပြင်ကြလေသည်။ နှစ်ဦးစလုံး နာရီတော်တော်ကြာပြီးမှ အလှပြင်သည့် ကိစ္စ လက်စသတ်ကြသည်၊ ပြီးတော့ တားပေါ်တက်ခါနီး တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ပြိုင်တူပြောကြသေး၏၊

"အရမ်းလှတာပဲ"

ဒါကိုတော့ တညီတညွတ်တည်းထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော် သေးတာပေါ့ ခင်ဗျားကို ပါးရိုက်မသွားတာ"

ဦးတင်မောင်က အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်ရင်း . . .

"ကျွန်တော်လည်း ရှက်တာနဲ့ ဘာတွေလုပ်လို့လုပ်လိုက်မှန်းမသိပါ ဘူးဗျာ . . နောက်မှမှားမှန်းသိတယ်"

"အဲဒါပြောတာပေါ့ ခင်ဗျားကို မိန်းမယူတော့လို့"

"ဘာဆိုင်လို့လဲဗျ"

"ဆိုင်တာပေါ့ . . . ခင်ဗျားမှာ မိသားစုရှိသွားရင် စိတ်မလေတော့ ဘူးလေ . . အခု ခင်ဗျားစိတ်လေနေတာ ပြီးတော့ တစ်ယောက်တည်းနေနေ ရတော့ စိတ်ကအလိုလိုတိုလာတယ် . . . ကိုယ်နဲ့တိုင်ပင်ဖော်တိုင်ပင်ဖက် လည်းမရှိတော့ အထီးကျန်လာမယ် . . . နောက်တော့ ဒေါသက ကပ်ပါလာ ရော . . . ဟုတ်ဘူးလား"

ဦးတင်မောင် အင်းမလုပ် အဲမလုပ်ငြိမ်နေမိသည်။ ကိုညွန့်အေးက ပြောနေရာမှ လျှာတစ်ချက်သပ်ပြီး . . .

"ခင်ဗျား အဲဒီအမျိုးသမီးကိုတွေ့တော့ ရင်မခုန်ဘူးလား"

ဦးတင်မောင် မျက်နှာတစ်ချက်ရဲသွား၏။ အမှန်အတိုင်းဝန်ခံရရင် အခုထိရင်ခုန်နှုန်းမငြိမ်သေး။ ဒါကြောင့် မလုံမလဲနှင့် . . .

"အာ . . . ဘာ . . . ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုညွန့်အေးက ကိုထွန်းအောင်ကို လှမ်းကြည့်လိုက်တာ မျက်ရိပ်ပြ လိုက်သည်။ ကိုထွန်းအောင် ပြုံးလိုက်ရင်း . . .

"အခု မဆိုင်ပေမယ့် နောက်ဆိုင်ချင်ဆိုင်လာမှာပေါ့ဗျာ၊ အဓိကတော့ ကိုယ့်ဘာသာကိုယ် မလိမ်မိဖို့ အရေးကြီးဆုံးပဲ"

ဦးတင်မောင့် အမူအရာက မသာအိမ်ဖိနပ်ခိုးတုန်း ရပ်ကွက်လူကြီး နဲ့ တိုးသလိုတုန်တက်သွားကာ . . .

"ကျွန်တော် . . . ကျွန်တော် ဘယ်မှာလိမ် . . . လိမ်လို့လဲ တကယ် ပြောတာဗျ . . . ဘာမှမဖြစ်ဘူး"

"ဒါနဲ့ ကျွန်တော်မေးမယ် . . . အဲဒီအမျိုးသမီးက ဘယ်အရွယ်လဲ"

တစ်ချက်တွေဝေသွားပြီးမှ

"သုံးဆယ်ကျော်လောက်တော့ရှိမယ်"

"အရွယ်ကောင်းပဲ"

ကိုထွန်းအောင်က မေးစေ့ကိုပွတ်ရင်းမှ ဝင်ပြောလိုက်သည်။ ပြီးမှ ဦးတင်မောင်ကို မျက်လုံးလှန်ကြည့်ကာ . . .

"ခင်ဗျားနဲ့ဆို ဆယ်နှစ်နီးပါးလောက် ကွာတာပေါ့ . . . အင်း . . အတော်ပဲဗျ"

"ဘာ . . . ဘာလဲဗျာ ခင်ဗျားတို့ဟာတွေက . . . ဟိုဘက်တ အားနာစရာ"

"ဟဲ . . . ဟဲ ကိုတင်မောင်ရာ ကျွန်တော်တို့ ပေါင်းလာတာကြာပါ ပြီ . . . ခင်ဗျားရင်ထဲ ဘာဖြစ်နေတယ်ဆိုတာ ကျုပ်တို့သိပါတယ်"

"ဟာ . . . တော်ပြီဗျာ ခင်ဗျားတို့နဲ့နေရတာ မကောင်းဘူး . . . တော်ပြီ သွားတော့မယ်"

ရှက်ရမ်းရမ်းကာ ပြောပြောဆိုဆိုနှင့် သူစားပွဲသူထသွားလိုက်၏။ ဦး တင်မောင်ပုံကိုကြည့်ကာ ကိုညွန့်အေးတို့ တဟားဟားရယ်ကာ ကျန်ခဲ့ပါတော့ သည်။

"ဒီလူပျိုကြီးတော့ခက်တယ်"

၇



www.burmeseclassic.com

www.burmeseclassic.com



"တဖြည်းဖြည်းတော့ လွယ်လာမှာပါ . . . သူ့အသည်းနှလုံးက ကျောက်တုံးမှမဟုတ်တာ"

ဦးတင်မောင်ကတော့ သူတို့စကားတွေကို မကြားနိုင်တော့၊ သူ့အလုပ်တွေကို မဲလုပ်နေလိုက်သည်။ ရင်ထဲမှာလည်း ခုန်နေသည်။ ဘယ်သူ့မျက်နှာကိုမှလည်း မကြည့်ရဲ။ ဘာကြောင့်မှန်းမသိ ရုံးကလူတွေရဲ့မျက်နှာကို မြင်ရမှာကြောက်နေမိသည်။ ဒါ့ကြောင့် အလုပ်ကိုပဲ ဖိလုပ်နေလိုက်၏။

"ဆရာ"

ရုံးက ကောင်မလေးခေါ်သံကြား၍ မော့ကြည့်လိုက်တော့ . . .

"ဧည့်သည်ရောက်နေလို့ လွှတ်လိုက်ရမလားဟင်"

"ဘာကိစ္စလဲ"

"MD နဲ့လာတွေ့တာ MD က အပြင်ထွက်သွားလို့ . . . အဲဒါ တာဝန်ရှိသူတစ်ယောက်ယောက်နဲ့တွေ့ချင်လို့တဲ့"

တာဝန်ရှိသူတစ်ယောက်ယောက်ဆိုတော့ ဒီရုံးမှာ MD မရှိရင် သူရယ်၊ ကိုညွန့်အေးရယ်၊ ကိုထွန်းအောင် ရယ်ပဲရှိသည်။ ဒီသုံးယောက်မှာမှ သူက စီနီယာအကျဆုံးလည်းဖြစ်၊ ရုံးအုပ်ကြီးလည်း ဖြစ်၍ သူ့မှာတာဝန်ရှိ၏။

"လွှတ်လိုက်"

ကောင်မလေး ပြန်ထွက်သွားပြီး ခဏကြာတော့ အမျိုးသမီးနှစ်ယောက် သူ့အခန်းထဲသို့ဝင်လာလေသည်။ တစ်ယောက်က အသက်နှစ်ဆယ်ဝန်းကျင်လောက်ဖြစ်ပြီး မမြင်ဖူး။ နောက်တစ်ယောက်ကိုတွေ့လိုက်ရချိန်တွင်၊



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်မောင်သည် ငုတ်တုတ်ကြီးထိုင်ရင်း တောင့်တောင့်ကြီးဖြစ်သွားသည်။ ပါးစပ်က ဟရုံကလေးဟသွားကာ မျက်လုံးတပြူးပြူးနေသည်။ သူ့ ရှေ့က အမျိုးသမီးကလည်း မတ်တပ်ကြီး မှင်သက်နေသည်။ သူတို့နှစ်ဦး အကြည့်ချင်း စက္ကန့်ပေါင်းများစွာ စုံကြပြီး ရင်ခုန်သံတွေကို အတိုင်းသားကြား နေရသည်။

ပထမဆုံး အသိဝင်လာသူမှာ ဦးတင်မောင်ပင် . . ။

"ထိုင် . . . ထိုင် . . . ထိုင်ကြပါ"

အမျိုးသမီးက ရုတ်တရက်ဘာလုပ်ရမှန်းမသိသေး။ အမျိုးသမီးငယ်အတော့ သွက်လက်သည်။ ထိုင်ခုံတစ်လုံးကို ဆွဲထုတ်ကာဝင်ထိုင်ပြီး . . .

"တီတီ . . . ထိုင်လေ"

အဲဒီတော့မှ ဝင်ထိုင်လိုက်ကာ . . .

"ဟို . . . ကျွန်မ . . . ကျွန်မ နာမည်တင်မမထွန်းပါ"

"ဟုတ် . . . ဟုတ်ကဲ့ . . . ကျွန်တော်တင်မောင်ပါ"

သူတို့နာမည်ထိပ် စာလုံးလေးတွေတူနေတာတွေ့ရ၍ ကိုယ်စီကိုယ်စီ ရင်ထဲတစ်မျိုးလေးတွေ ဖြစ်သွားကြ၏။ ဦးတင်မောင်ရင်ထဲမှာ တင်မမထွန်းတို့ နာမည်နဲ့လိုက်အောင်လှသည်ဟု တွေးလိုက်မိသည်။

"ကျွန်တော် ဘာစာညီရမလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ဟိုလေ . . . ကျွန်မကုန်ပစ္စည်းလေးတွေ ဒီကုမ္ပဏီက တစ်ဆင့်သွင်းခိုင်းထားလို့ပါ အဲဒီ့အခြေအနေလေးလေ"

"ဘာကုန်ပစ္စည်းလဲမသိဘူး"

"အလှကုန်ပါ"

ဦးတင်မောင် ရုံးကကောင်မလေးတစ်ယောက်ကို ခေါ်ကာ မေးလိုက်၏။ ရုံးက ကောင်မလေးထွက်သွားပြီး ခဏကြာတော့ ဖိုင်တွဲတစ်ခုပါလာသည်။ ဦးတင်မောင် ဖိုင်တွဲကို ဟိုလှန်ဒီလှန်လုပ်ပြီး ကြည့်လိုက်ကာ . . .

"မှာထားပါတယ် . . . အင်း ဒီအပတ်သွင်းကုန်တွေနဲ့ရောက်ဖို့များတယ် . . . ဟို ဒီလိုလုပ်ပါလား . . . ရောက်ရင် ဖုန်းဆက်ပေးမယ်လေ"

"အိုမဟုတ်တာ . . . ကျွန်မလာပါ့မယ် . . . ရောက်မယ့်အချိန်ကိုသာပြောပါ . . . အားနာစရာ"

"ရပါတယ်ဗျာ . . . အပန်းမကြီးပါဘူး။ ဖုန်းဆက်လိုက်မှလာပါ . . အားနာစရာ"

ဒေါ်တင်မမထွန်းက ဦးတင်မောင်ကို ရွှန်းရွှန်းစားစားတစ်ချက်စိုက်ကြည့်လိုက်ကာ . . .

"ခြေမ သက်သာသွားပြီလား"

"ဗျာ"

"ဟြော် မနက်က လျှောက်ကန်လို့ အဲ . . . ခလုတ်တိုက်မိလို့ နာသွားတဲ့ခြေမလေး"

"ဩော် ဟုတ်ကဲ့ . . . သက် . . သက်သာပါတယ် . . . ဒါ . . ဒါနဲ့ . . . ဟို . . . ထိ . . . ထိသွားတာ တောင်းပန်ပါတယ်ဗျာ . . . အခုရော ဘယ်လိုနေသေးလဲဟင်"

"ဟင်း . . . ဟင်း . . . ရပါတယ် . . . မတော်လို့ဖြစ်တာပဲ . . သက်တော့သက်သာပါတယ်။ ဒါပေမယ့် ကားမမောင်းနိုင်သေးတော့ ဗွီလေးကို လိုက်မောင်းပို့ခိုင်းရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အားနာလိုက်တာဗျာ"

ဒေါ်တင်မမထွန်းခေါင်းငုံ့သွားကာ စလင်းဘက်ကြိုးကို လက်သည်းနဲ့ ဆိတ်နေလိုက်သည်။ သူမ ရင်ထဲမှာ ကုလားဘုရားလှည့်ကာနေ၏။ ဘာကြောင့်မှန်းမသိဘဲ အသားလွတ်ကြီး ရှက်နေသေးသည်။

"ခြော် လူပျိုကြီး ဧည့်သည်တွေရောက်နေတာကိုး"

အသံလာလို့ လှမ်းကြည့်လိုက်တော့ ကိုညွန့်အေး . . .။ အထဲရောက်တော့ ဟိုဟာရှာသလိုလို ဒီဟာရှာသလိုလို လုပ်သည်။ အမှန်တော့ ကိုညွန့်အေးမှာ ဘာအရေးကြီးကိစ္စမှမရှိမှန်း ဦးတင်မောင်သိသည်။ အစိတ တ သူ့အခြေအနေလာကြည့်တာပဲဖြစ်၏။ ခုန ဒေါ်တင်မမထွန်းတို့ ဝင်လာတာကို ဒီလူတွေတွေ့သွားပုံရသည်။ ဒါကြောင့် စုံစမ်းရေးထွက်လာခြင်းပင်။

"အဲဒီစာရွက်က ဘယ်ထားမိမှန်းမသိပါဘူးဗျာ ဒီမှာရှိမလား ဝင်ရှာတာ . . . သွားလိုက်ဦးမယ် လူပျိုကြီး . . အလုပ်ကိစ္စပြီးရင် ကျွန်တော်တို့ ဘက်လေး ဘာလေးကြွခဲ့ပါဦး"

ထွက်သွားသည်အထိ လူပျိုကြီးဆိုတဲ့ စကားကို ပါးစပ်က ချမသွားပေ။ ဦးတင်မောင်ခမျာ အဲဒီစကားကြားတိုင်း ဒေါ်တင်မမထွန်းကို အားနာစွာလှမ်းလှမ်းကြည့်ရ၏။ အမှန်တော့ သူ လူပျိုကြီးဖြစ်တာနှင့် ဒေါ်တင်မမထွန်းနှင့် ဘာမှမဆိုင်။ သို့သော် ဘာကြောင့်မှန်းမသိ ဒေါ်တင်မမထွန်းကို အားနာမိသည်။ သူမလည်း အပျိုကြီးပဲလားမသိဘူးဟု ဦးတင်မောင်တွေးနေမိ၏။ အတယ်၍ ယောက်ျားရှိလျှင် လိုက်လာရမည်။ ပြီးတော့ ပုံစံက အပျိုကြီးပုံစံ။ အတွေးမဆုံးခင်မှာပင် ရင်ထဲနွေးသွားလေသည်။

"ဟို . . . ပြန်ခွင့်ပြုပါဦးနော် . . သွားစရာလေးရှိလို့ . . ကျေးဇူးတင်ပါတယ်"

"ရ . . . ရပါတယ် ဒေါ်တင်မမထွန်းရယ် . . . ဟိုအခုမှ သိတဲ့သူတွေမှမဟုတ်တာ"

"တင်မမလို့ပဲခေါ်ပါ"

"ဟုတ် . . . ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မမထွန်းက ရယ်ပြကာလှည့်ထွက်သွားသည်။ ဦးတင်မောင် တစ်ကိုယ်လုံးချည့်နဲ့၍ ကျန်ခဲ့တော့၏။ ကုလားထိုင်ပေါ် အရှပ်ကြိုးပြတ် ပြုတ်ကျသွားကာ တစ်ကိုယ်လုံးလှုပ်ရှားနေတာဆို၍ ဘယ်ဘက်ရင်အုံက နှလုံးသားဝဲရှိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညက အာကြီး အခြေအနေဘယ်လိုရှိလဲဟင်"

ကောင်မလေးက ဖျတ်ခနဲလှည့်ကြည့်ကာ ဆက်လျှောက်သွား၏။ ဝတ်ဝန်းကျင်သည် မိုးမှုန်နုနုနှင့် လေပြည်သော့သော့တိုက်ခတ်နေလေသည်။ ကောင်မလေးက ထီးလှလှလေးဆောင်းထားပြီး သူ့မှာတော့ထီးမပါ။

"အာကြီးက ခုနောက်ပိုင်းအခြေအနေသိပ်မကောင်းဘူးဗျ . . . ဝင်းဝါးတလည်း ဟင်နရီတစ်ယောက်ကိုပဲ အားကိုးနေပုံရတယ်"

ကောင်မလေးက စပ်သုတ်သုတ်လျှောက်နေသည်။ အရင်ကထက် ဖို့မြန်လာသလိုရှိ၏။ သူကလည်း ဘေးမှ မနှားတမ်းကပ်လိုက်ကာ . . .

"ဘယ်နေ့က အသွားတာလဲဟင်"

"ဘာရှင့်"

"တော်သေးတာပေါ့ စကားပြောတတ်သားပဲ . . ကျွန်တော်က အသွားပြီထင်လို့"

"ရှင်ဘာတွေလာမေးနေတာလဲ . . . ရူးနေလား"

"အာကြီးလေ . . . အာကြီးမသိဘူးလား"

"ဘယ်ကအာကြီးလဲ"

"ဟာ . . . အာကြီးကိုမသိဘူး"

"သိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အာဆင်နယ်လေ"

ကောင်မလေးတွေသွားကာ . . .

"ကွမ်းယာစားတဲ့ဆေးလား"

"ဟာ . . . အဲဒါဆစ်ကနယ် . . . အခုဟာက ဘောလုံးအသင်း အာဆင်နယ်"

ကောင်မလေး မျက်နှာတင်းသွားကာ . . .

"နေစမ်းပါဦး . . . ရှင့်ကို ကျွန်မမေးစရာရှိတယ်"

"မေးလေ . . . ဘာမေးမလို့လဲ"

"ရှင် ကျွန်မကို ဘာလို့ဒီလောက်လိုက်နှောင့်ယှက်နေတာလဲ"

"ကျွန်တော် ဘာများနှောင့်ယှက်မိလို့လဲ"

"ဘာလို့မနှောင့်ယှက်ရမှာလဲ . . . ရှင် ကျွန်မကို တောက်လျှောက် လိုက်နှောင့်ယှက်နေတာ ဘယ်နှခါရှိပြီလဲ"

သူတစ်ချက်ရယ်လိုက်ကာ . . .

"ကျွန်တော်က ခင်ဗျားကို ခင်လို့လိုက်စတာပါ ဘာလဲ စိတ်ဆိုးလို့ လား"

"အင်း"

"အဲဒါဆို ချော့မယ်လေ"

"မလိုဘူး . . . ရှင်ချော့ဖို့အတွက် လူဖြစ်လာတာ မဟုတ်ဘူး"

ဘာပဲဖြစ်ဖြစ်အခြေအနေက မဆိုးဘူးဟုပြောလို့ရသည်။

ကောင်မလေးရဲ့ ဆက်ဆံရေးတွေက နွေးထွေးလာသည်။ အရေးထဲ မိုးတထ သည်းတော့သည်။

"ထီးလေးနည်းနည်းလောက်ပေးဆောင်းပါလားဟင်"

"ဘာလို့ပေးဆောင်းရမှာလဲ ဆောင်းချင်ကိုယ့်ဟာကိုယ်ဝယ်ထား ပေါ့"

"ပိုက်ဆံမှမရှိတာ ဘယ်တတ်နိုင်မှာလဲ"

"မရှိရင်ရှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်လည်းမရှိဘူး"

"သေလိုက်"

ပြောပြီး အမြန်လျှောက်တာ ထွက်သွား၏။ အနောက်မှ အမိပြေးလိုက်သွားကာ . . .

"ထိုးလေးပေးမဆောင်း ချင်တာနဲ့ထွက်မပြေးပါနဲ့ဗျာ တော်ကြာမှောက်လျက်ကြီးလည်းနေလို့ ဒုက္ခရောက်ဦးမယ်"

ကောင်မလေးက ပြုံးနေသည်၊ ပြီးတော့မချင့်မရဲ နှုတ်ခမ်းလေးကိုတိုက်လိုက်၏။ နောက်တော့ သူ့ဘက်လှည့်ကြည့်ပြီး . . .

"ရှင့်နာမည်ဘယ်လိုခေါ်လဲ"

"လင်းထွန်း"

"ကျွန်မနာမည်တော့ ရှင်သိမှာပေါ့"

"အင်း သိတယ် . . . မီးမီးရတနာဆိုလား"

ကောင်မလေးက ခြေလှမ်းလေးကို နှေးလိုက်ကာ . . .

"ရှင်နဲ့ကျွန်မနဲ့ နားလည်မှုတစ်ခုယူကြရအောင်"

"ယူကြတော့မလို့ . . . ဟုတ်လား . . ဟာ စဉ်းစားပါရစေဦးဗျာ"

"သေလိုက်ပါလား . . . ပြောရင်းဖောက်မလာနဲ့"

"ဟဲ . . . ဟဲ . . . အလကားစတာပါ . . . ပြော"

"ရှင်ဒီနေ့ကစပြီး ကျွန်မကိုလိုက်မနှောင့်ယှက်နဲ့တော့"

"ဟာ . . . မနှောင့်ယှက်ပါဘူးဆို ခင်လို့စတာလို့ပြောပြီးသားပဲ"

"ထားပါတော့ . . . အဲလိုခင်လို့ လိုက်မစနဲ့တော့ ဘာလို့လဲဆိုတော့ကျွန်မက မကောင်းဘူးရှင့် . . . မိန်းကလေး"

"ကဲပါထားပါတော့ ဆက်ပြောပါဦး"

"အဲဒီတော့ ဒီလိုလုပ် ရှင့်ကို ကျွန်မမိတ်ဆွေအဖြစ် အသိအမှတ်ပြုတယ် နောက်လမ်းတွေ့ရင် မိတ်ဆွေတစ်ယောက်လိုလိုက်စကားပြော ကျွန်မလက်ခံတယ်"

သူ စဉ်းစားသလို လုပ်နေလိုက်၏။ ကောင်မလေးက သူ့ကို လှည့်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ပြီ...

"ရှင် ဘာတွေစဉ်းစားနေနေတာလဲ"

"အင်း . . . ဟုတ်ပါပြီ လောလောဆယ်တော့ မိတ်ဆွေပေါ့ . . . လက်ခံပါတယ်"

ကောင်မလေးက မျက်မှောင်ကြုတ်သွားကာ တစ်ခုခုပြောမလို့ ဖြင်လိုက်သည်၊ ပြီးမှ မပြောတော့ဘဲ ငြိမ်ကာသွား၏၊ သူကပဲ ဆက်ပြီး . . .

"အခု ဘယ်သွားမလို့လဲဟင်"

"လမ်းထိပ်မှာခွေသွားအပ်မလို့ . . . ဒါနဲ့ ရှင်က ဘယ်မှာနေတာလဲ"

"ဟိုဘက်ရပ်ကွက်မှာ"

"ဟုတ်လား . . . ဒါနဲ့ ကျွန်မကို ဘယ်မှာစတွေ့ဖူးတာလဲ"

"အဲ . . . တွေ့ဖူးတာတော့ကြာပြီ . . . ဟီး . . . ဟီး . . . လိုက်နှောင့်ယှက်ဖြစ်တာတော့ ဟိုနေ့ကမှ"

ကောင်မလေးက ပြုံးသွားကာ . . .

"ကဲ . . . ခွေဆိုင်လည်းရောက်ပြီ ကျွန်မသွားတော့မယ်"

"စောင့်နေမယ်လေ . . . အပြန်လိုက်ပို့ပေးမယ်"

"ရပါတယ် . . . ကျွန်မ ဒီလမ်းကိုသွားနေကျ"

"စိတ်မချလို့ပါ"

"နေပါ ရပါတယ်"

ပြောပြီးတာနှင့် သူ့ဆီက စကားကို အဆက်မခံတော့ဘဲ ဆိုင်ထဲဝင်သွားလေတော့သည်။

သူခေါင်းမှ ရေစက်တွေကို တစ်ချက်သပ်လိုက်ကာ လှည့်ထွက်ခဲ့တော့သည်။

ပထမအဆင့်တော့ အောင်မြင်သွားပြီဟု ပြောလို့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



**မိုးမိုး** ရတနာခွေဆိုင်ကပြန်တော့ လမ်းတစ်လျှောက် သူ့ကိုရှာနေမိ သည်။ သူပြောသလို တကယ်ပြန်သွားပြီလာမသိ။ ရင်ထဲမှာတော့ တစ်ခုခုလို နေသလိုဖြစ်သွားလေသည်။ ပြီးတော့ သူ့အကြောင်း စဉ်းစားနေ မိသည်။

သူ့နာမည်က လင်းထွဋ်တဲ့. . . ။ လူကတော့ သားသားနားနားထဲက ဝင်။ ဘာကြောင့် လူတိုချုပ်တပ်နေမှန်းမသိ။ အဓိကအချက်ကတော့ စိတ်ဝင် စားနေလို့ဝင်ရောတာ ဖြစ်နိုင်တယ်။ ဒါပေမယ့် လင်းထွဋ်ဆိုတဲ့ လူဝင်ရောတာ တတစ်မျိုး. . . ။ တချို့မယာကျ်ားလေးတွေက ကိုယ်စိတ်ဝင်စားနေတဲ့ တောင်မလေးကို ဝင်ရောတာကဗျာဆန်သည်။ ဇာတ်လမ်းလှလှလေးတွေ ဆင် တတ်ကြသည်။ တချို့ကျတော့ ကြံမိကြံရာတွေ မှအောင်မြင်၍ ရှေးပဝေသဏီ က နည်းလမ်းဟောင်းတွေ ပြန်သုံးတတ်ကြ၏။ ဥပမာ . . . မတော်တဆ ဝင်တိုက်ပြီး ဇာတ်လမ်းဆင်တာမျိုး . . . ။ လက်ကိုင်ပဝါကျသွားလို့ လိုက်ပေး တာဆိုပြီး ခင်မင်အောင်လုပ်တာမျိုး . . . ။

သူ့ကျတော့ အဲဒီလိုမဟုတ်။ စတွေ့ကတည်းက လိုက်နှောင့်ယှက် သည်။ ဘုန်းဘောက်ဇာတ်လမ်းမျိုးစခဲ့၏။ ဒါလည်း နည်းစနစ်တစ်မျိုးပဲထင် သည်။ ဒါပေမယ့် ကိုယ်က မိန်းကလေးဆိုတော့ အမြဲတမ်း ဒါမျိုးအဖြစ်မခံနိုင်။ လူကြားသူကြားထဲ အဲဒီလို လိုက်လုပ်နေရင် အရှက်ကွဲချင်ကွဲ ကိုယ်ကပိုကွဲ ရမည်။ ဒါကြောင့် သူ့ဘက်က ဘယ်လိုရည်ရွယ်ချက်နဲ့ပဲ ဝင်ဝင်ကိုယ်က မိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလုပ်ပစ်လိုက်တာ အကောင်းဆုံး။ ပြီးမှ အခြေအနေကို လိုက်ပြီးနေလိုက်ရုံသာ . . ။

တွေးရင်းအိမ်ရောက်လာတော့ တီတီ့ကို ဧည့်ခန်းထဲမှာ စာရင်းတွေလုပ်နေတာတွေ့လိုက်ရ၍ တစ်ခုသတိရသွား၏။ ဟိုနေ့က ကုမ္ပဏီသွားတော့ တွေ့ခဲ့တဲ့လူကြီးနဲ့ တီတီနဲ့ဘယ်လိုပတ်သက်သလဲ မမေးရသေး။ မေးမယ် မေးမယ်နဲ့ တွေးထားသော်လည်း အလုပ်ရှုပ်နေ၍ အခုမှမေးရမည်။ သူမ ထီးကို အိမ်ရှေ့ဖိနပ်ဆင်ဘောမှာထောင်ခဲ့ပြီး ဧည့်ခန်းထဲက ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်တာ . . .

"တီတီ ဘာတွေလုပ်နေတာလဲ"

ဒေါ်တင်မမထွန်းက မျက်လုံးတစ်ချက်လှန်ကြည့်ကာ ပြန်ငုံ့သွားပြီး-

"အလုပ်တွေ လုပ်နေတာပေါ့ . . . ညည်းလိုအားနေတယ်ထင်လို့လား"

အခြေအနေကတော့ စိတ်ရှည်ပုံမရ။ အလုပ်ရှုပ်နေ၍ စိတ်တိုနေပုံရသည်။ ဒီအချိန်မေးလို့ကောင်းပါ့မလား မီးမီးရတနာစဉ်းစားနေ၏။ အသိုကြီးတွေက အလိုလိုကမှ စိတ်တိုတတ်ရတဲ့ကြားထဲ အခုလို အချိန်မျိုးဆို ပိုဆိုးတတ်သည်။

"တီတီကလည်း ကူလုပ်ပေးမလို့ဟာကို"

"နေနေ ရတယ် ကျုပ်ဟာ ကျုပ်လုပ်မယ် လာမရှုပ်ရင်ပြီးရော"

မီးမီးရတနာတစ်ချက်စဉ်းစားလိုက်သည်။ ဘယ်က စမေးရင် ကောင်းမလဲဟူ၍ဖြစ်သည်။ တီတီ့ကို ကြည့်ရတာ အလုပ်ရှုပ်ချင်ယောင်ဆောင်ပြီး ဟိုနေ့က ကိစ္စမေးမှာ စိုး၍ရှောင်နေတာလည်းဖြစ်နိုင်၏။ ဒါကြောင့် ဖြည်းဖြည်းချင်း သိမ်းသွင်းသွားမှရမည်ဟုတွေးလိုက်ကာ . .

"မရှုပ်ပါဘူး တီတီရယ် ကူညီမလို့ပါ . . . ဒါနဲ့ အဲဒါဘာစာရင်းတွေလဲဟင်"

"ကျုပ်မှာထားတဲ့ အလှကုန်စာရင်းတွေပါ ဒီမှာပစ္စည်းတင်ပို့တာနဲ့ခဲ့လို့ရှာနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် သိပြီ သိပြီ . . . ဟိုနေ့ကသွားတဲ့ ကိစ္စမဟုတ်လား"

"အေး"

ဒေါ်တင်မမထွန်းက သူမပြောလိုက်တာ တစ်ချက်မှားသွားပြီဟု တွေးလိုက်၏။ ဒီတူမက ဟိုလူကြီးနဲ့ သူနဲ့ကိစ္စစပ်စုပေတော့မည်။ သို့သော် အခုမှတော့ ရှောင်မရတော့။ လွန်သွားပြီ . . ။

"ဒါနဲ့ တီတီ့ကိုမေးရဦးမယ်"

မီးမိုးရတနာက စကားကိုခဏရပ်ထားချိန်တွင် ဒေါ်တင်မမထွန်းက မော့တကြည့်၏။ အကြည့်ထဲမှာပဲ နင်ဘာပြောမလဲ ငါသိတယ်ဆိုတဲ့ အဓိပ္ပာယ်ဝါနေလေသည်။ မီးမိုးရတနာက ထိုအကြည့်ကို မသိချင်ယောင်ဆောင်နေလိုက်တာ . .

"တို့ တုမ္ဗဏီက လူကြီးနဲ့တီတီနဲ့"

"သိတာကြာပြီ . . . အဲဒီ့မတိုင်ခင် နှစ်ခေါက်လောက်တွေ့ဖူးတယ်ထဲ . . . ညည်းဘာသိချင်သေးလဲ"

မီးမီးရတနာ လျှာလေးတစ်လစ်ထွက်လာကာ . . .

"ဟီး . . ဟီး . . ဘယ်လိုသိတာလဲဟင်"

"ဘယ်လိုသိရမလဲ . . . ဒီလိုပဲသိတာပေါ့"

"အဖိုးကြီးနော် တင်း . . . ဟင်း"

"ဘာလဲ ညည်းစကားက ကျုပ်က အဖိုးကြီးဆိုပြီး အမျိုးသားမိတ်ဆွေထားရတော့ဘူးလား"

"ထားရပါတယ် . . . ထားရပါတယ် . . . ဒါပေမယ့် အရင်က အဲဒီလိုမရှိဘူးလို့ပါ"

"အောင်မလေး . . . ညည်းအကြောင်း ကျုပ်မသိဘူးထင်လို့လား လာ အစ်မနေနဲ့ ကျုပ်တို့က ရှိုးရှိုး . . . သွားပါအေ ဒီမှာ အလုပ်ရှုပ်နေရတဲ့ကြားထဲ"

"တုတ်ပါပြီ ရှိုးရှိုးဆိုလည်းပြီးတာပဲ ဒီက ရှယ်ထင်နေလို့ပါ . . . အဲ . . ဒါနဲ့ အဲဒီ့လူကြီးက မိုက်တယ်နော်"

"အယ် . . . သူများကို ဘယ်က မိုက်ရမှာလဲ . . . အလုပ်နဲ့ ကိုင်နဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



. . . လူမိုက်မဟုတ်နိုင်ပါဘူးဟယ်"

"ဟာ တီတီကလည်း မိုက်တယ်ဆိုတာ ရှုပ်ချော်တယ်ကိုပြောတာ . . အဲဒီလူကြီးကိုသေချာကြည့်ပါလား ခန့်ခန့်ကြီး ငယ်ငယ်က တော်တော်ချောင့်မယ့်ပုံ"

ဒေါ်တင်မမထွန်း မသိချင်ယောင်ဆောင်နေလိုက်သည်။ ခဏကြာတော့ မီးမီးရထားနာ သူမရှေ့က ထသွားလေတော့၏။ အဲဒီတော့မှ သူမလည်း အသက်ကို ရဲရဲရှူရဲလေသည်။ ပြီးတော့ သက်ပြင်းတွေချမိတာလည်း အခါခါ . .။

သူ့ရုပ်က အတွေးထဲမှာ တဝဲတလည်လည် . . . မျက်စိက စာရင်းစာအုပ်တွေဆီကြည့်နေသော်လည်း အတွေးကတော့ . . .။

"အို . . . ဘာမှန်းမသိဘူး"

ဘာကို ရှက်သွားမှန်းမသိ မျက်နှာရဲတက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညာဘက်လှည့်အိပ်တော့လည်း စိတ်တိုင်းမကျပေ။ ရင်ထဲမှာ တစ်ခုခုကို အလိုမကျဖြစ်နေ၍ ဘယ်ဘက်ပြန်စောင်းအိပ်လိုက်၏။ ကျေနပ်သလိုလို ရှိသွားသော်လည်း ခဏကြာတော့ တစ်မျိုးကြီးဖြစ်လာပြန်သည်။ မေတောပြီး နေကြည့်သော်လည်းမရ၍ ပက်လက်လှန်နေလိုက်တော့ ခြင်ထောင်အမိုးကို တွေ့ရ၏။

သူတို့တွေ့တဲ့နှစ်က သူ့အမေရဲ့မောင်၊ ဦးလေးအောင်ပု ရွာနောက်ဆေးတ ချောင်းထဲမှာ ရေနစ်တဲ့ နှစ်ဖြစ်သည်။ ဝါဆိုလား ဝါခေါင်လား သေချာမမှတ်မိတော့. . .။ သူ သက်ပြင်းကိုချလိုက်လေသည်၊ ဘာပဲဖြစ်ဖြစ် ဒီမိုးတွန်ရင်တောင် သူ့အသက်လေးဆယ်တောင်ပြည့်ပြီ . . ။

ရင်ထဲမှာ ပူလာပြီး ရေငတ်သလိုလို ဖြစ်သွားပြန်၏။ ထသောက်ရမှာ ဖျင်းသောကြောင့် အသာငြိမ်နေလိုက်သည်။ စိတ်ကိုလည်း လွှတ်ထားပြီး တွေးချင်ရာတွေးခိုင်းလိုက်၏။ သူ့ပျို လူလွတ်တစ်ယောက်အတွက် ညပေါင်းများစွာသည် တွေးချင်ရာတွေးပြီး ကုန်ဆုံးခဲ့ပေါင်းများပြီ။ ဒါအဆန်းမဟုတ်။

နာမည်နဲ့လူနဲ့လည်းလိုက်သည်ဟု ရင်ထဲစရောက်လာ၏။ တင်မမထွန်းဆိုတဲ့ နာမည်က စီးသည်ဟုပြောလျှင်ရသည်။ ထက်မြက်တဲ့အထဲမှာပါသည်ဟု ဆိုလိုရင်လည်းဖြစ်၏။ လူကလည်း အစွမ်းကုန်ပွင့်အံ့နေတဲ့နှင်းဆီပန်းအလား ထင်ရှားလှပလှသည်။ ဘယ်ဘဝရေစက်ကြောင့် အဲဒီအမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဆုံခဲ့ရပါလိမ့်။ သူမအကြောင်းတွေးလိုက်မိတိုင်း လူကအခုလိုဘာကိုလိုမှန်း မသိအောင်ဖြစ်ဖြစ်သွားရသည်။ အနှစ် (၄၀)လုံးလုံးအေးချမ်းလာတဲ့ သူ့ဘဝ သည်အခုတော့ နုတ်သမီးအိပ်မက်တွေနှင့် နပန်းလုံးခဲ့ရလေပြီ။

ဟိုနေ့က အိပ်မက်ထဲမှာ တင်မမက သူ့ရင်ခွင်ထဲမှာ . . ။ အိပ်မက်အကြောင်းတွေးနေရင်းနှင့် ချွေးစေးတွေပျံတက်လာသည်။ သူမခေါ်ခိုင်းသလိုပင် တင်မမဟုစိတ်ကူးထဲမှာ အကြိမ်ကြိမ်ခေါ်ကြည့်မိ၏။ တစ်ကြိမ်ခေါ်ကြည့်တိုင်း လက်ဖျားခြေဖျားတွေ အေးစက်သွားလောက်အောင် ရင်တုန်ပန်းတုန်ဖြစ်သွားရစမြဲ . . ။

"ကိုမောင်"

အိပ်မက်ထဲမှာ သူ့ကိုတင်မမက ခေါ်လိုက်တာ . . ။ သူကလည်း ဘယ်ရမလဲ 'မမ'လို့ပြန်ခေါ်ပစ်လိုက်တာပေါ့။

"မမလို့ မခေါ်နဲ့ ဒီက ငရဲကြီးနေဦးမယ်"

တင်မမက တီတီတာတာလေးပြောပြီး သူ့ရင်ခွင်ထဲခေါင်းဖွက်ထားတော့ သူ့မှာစကားတောင် ချက်ချင်းဆက်မပြောနိုင်။

"အဲဒါဆို ဘယ် . . . ဘယ်လိုခေါ် . . . ခေါ်ရမှာလဲဟင်"

"ခစ်ခစ် . . . ကိုမောင်ကလည်း တင်မလို့ခေါ်ပေါ့ ဒါမှမဟုတ် ညီမလေးလို့ခေါ်"

အင်း . . . တကယ်တော့ ၃၀ ကျော်နဲ့ (၄၀)ဆိုတာ ညီမလေးလို့ခေါ်လို့ရလည်း နည်းနည်းတော့ကလေးကလားဆန်မလား မသိ။ ဒါကြောင့် အိပ်မက်ထဲမှာပဲ တင်မဆိုတဲ့နာမည်ကိုရွေးဖြစ်ခဲ့၏။

"တင်မ"

"ကိုမောင်"

"တင်မ"

"ကိုမောင် . . . ဆို"

"တင်မကွာ"

"ကိုမောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



နားထဲမှာ အသံတွေဆူညံသွား၍ ဘေးနားကဖက်လုံးကို အသည်းယားကာလှမ်းဖက်ပစ်လိုက်သည်။

"ဟင်"

"အောင်မလေး"

"ဒုန်း"

ဘေးမှဖက်လုံးမရှိ . . . သူလှမ်းဖက်လိုက်တဲ့ဘက်က ခုတင် အစွန်းဘတ်ဖြစ်နေ၍ ခုတင်အောက်ကို ခြေလွတ်လက်လွတ်မှောက်လျက်ကြီးပင် ကျသွားတော့သည်။ မျက်နှာနှင့် သံမံတလင်းရိုက်မိတဲ့အရှိန်ကြောင့် တော်တော်နှဲ့ မထနိုင်၊ ဖြည်းဖြည်းချင်း ခုတင်ပေါင်ကိုင်ကာ ကုန်းထရလေသည်၊ ခုတင်ပေါ်ရောက်တော့ နဖူးမှာ စေးထန်းထန်းအရာတွေကို စမ်းမိ၏။

"တင် . . . သွေးတွေ"

ညသည် ဦးတင်မောင်ကို တဖြည်းဖြည်းချော့သိပ်သွားခဲ့လေသည်။

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## ၅

နက်အိပ်ရာကနိုးတော့ နဖူးက သွေးတွေ ခြောက်နေလေပြီ။ မျက်နှာအရင်ဆုံးသစ်ကာ သွေးတွေကို စင်ပစ်လိုက်၏။ ညကသွေးမြင်ပြီး သူသတိလစ်သွားတာကို မှတ်မိနေ ။ သူမှာလည်း မွေးကတည်းက သွေးစိမ်းရှင်ရှင် တွေ့ရင်မနေနိုင်အောင် မူးနောက်လာပြီးတွေ့တဲ့နေရာ မေ့လဲတဲ့အကျင့်ကပါလာ၏။ သတ္တိကြောင်တာမဟုတ်ဘဲ ဘာလို့အဲလိုဖြစ်မှန်း နားမလည်၊ အလုပ်ရှုပ်ခဲ့ပြီး ဆရာဝန်တွေ ဘာတွေနဲ့တိုင်ပင်မကြည့်မိ၍ ဘာရောဂါမှန်းမသိ။ ရွာက ပယောဂဆရာကိုကြွင်မောင်ကတော့ အပမီတာဆိုပြီး တစ်ခါက ပြောဖူးသည်။ ကြိမ်နဲ့တောင် ဆယ်ချက်လောက်တီးသွားသေး၏။

မျက်နှာသစ် သွားတိုက်ပြီးတော့ မှန်မှာကိုယ့်နဖူးကို ဖြကြည့်သည်။

"အားပါး တော်တော်ကွဲသွားတာပဲ"

အကယ်၍ ချုပ်မယ်ဆိုရင်တောင် နှစ်ချက်လောက်တော့ အနည်းဆုံးရသည်ဟု တွေးလိုက်၏။ သို့သော် သွားချုပ်မနေဘော့ . . .။ အနာတာလည်းသွေးခဲနေပြီဆိုတော့ လမ်းထိပ်ရောက်မှ ပလာစတာ ဝယ်ကပ်ထားလိုက်မည်ဟု တွေးလိုက်သည်။ ထို့နောက် အဝတ်အစားလဲပြီး လမ်းထိပ်ဘက်ထွက်ခဲ့လေတော့သည်။

ဒီနေ့ ရုံးပိတ်ရက်မို့လို့ တော်သေးသည်ဟုပြောလို့ ရသည်၊ တော်



www.burmeseclassic.com

www.burmeseclassic.com



ဘြာ ဒိဒဏ်ရာနဲ့ ဟိုလူတွေမြင်သွားရင် စစ်လား ဆေးလားလုပ်တော့မည်၊ ဒဏ်ရာရပုံရနည်းကလည်း ဘယ်လိုမှပြောလို့မကောင်း . . ။ နောက်ပြီး သူက ဘန်မဆောင်တတ်တာနှင့် ကြာကြာခံမယ်မထင်၊ မတော်လို့ ပေါ်သွားရင် ခွေး သုံးလုံးဖြစ်ပြီ။ အဲဒီလူတွေ ပါးစပ်အောက် နာလန်တောင်ထူနိုင်မှာ မဟုတ်။

ပလာစတာဝယ်ပြီး ပြန်ထွက်လာကာ လက်ဖက်ရည်ဆိုင်မှာ ထိုင်လိုက်၏၊ မနက်ကတည်းက ဘာမှစားမလာရ၍ ဗိုက်ဆာနေပြီ၊ စားမလာဘူးဆို၍ အိမ်မှာစားစရာရှိသလားတွေးနေကြဦးမည်။ အိမ်မှာလည်း စားစရာ ဘာမှမရှိ။

အုန်းနို့ခေါက်ဆွဲတစ်ပွဲမှာပြီး ဝယ်လာတဲ့ ပလာစတာကို ဟိုဘက်လှန်ကြည့် ဒီဘက်လှန်ကြည့်လုပ်နေလိုက်ကာ တစ်ခုတွေးနေမိသည်။

တင်မမထွန်းကို သူချစ်နေပြီလား . . ။ စတွေးလိုက်ကတည်းက ရင်ခုန်သံထိန်းမရတော့။

သူမှာ ယောကျ်ားနဲ့များလား . . ။ စတွေးလိုက်ကတည်းက စိုးရိမ်စိတ်က ငယ်ထိပ်ရောက်သွားသည်။

အဖိုးကြီးဆိုရင်တော့ သူ့ကိုပြန်ချစ်နိုင်ပါ့မလား။ စတွေးလိုက်ကတည်းက အားငယ်စိတ်ဝင်လာမိသည်။

ဦးတင်မောင်အတွေးပေါင်းစုံ ချာချာလည်နေစဉ်မှာပင် အုန်းနို့ခေါက်ဆွဲကရောက်လာ၍ စားလိုက်သည်၊ စားနေတုန်းမှာပင် အတွေးက ဒေါ်တင်မမထွန်းဆီရောက်နေ၍ ဘယ်လိုကုန်လို့ ကုန်သွားမှန်းမသိ၊ ပြီးတော့ ဗိုက်ဆံရှင်းကာ အိမ်ပြန်လာခဲ့လိုက်သည်။

- အိမ်ရောက်တော့နဖူးက ဒဏ်ရာကိုဆေးထည့်၍ ပလာစတာကပ်တာ စာအုပ်တစ်အုပ်နှင့် ခုတင်ပေါ်လှဲနေမိတော့၏၊ ဒီနေ့နှင့် မနက်ဖြန်ရုံးပိတ်၍ တော်တော်ကောင်းနားရမည်။ ပြီးတော့ ကောင်းကောင်းတွေးရမည်၊ နဖူးက ပလာစတာကြီးနဲ့ဆိုတော့ အပြင်လျှောက်သွားဖို့လည်း ရှက်၏။ ဒါကြောင့် အိမ်တွင်းအောင်းပြီး သူ့အကြောင်းတွေးနေတာပဲကောင်းပါသည်။

အတွေးအဆုံးမှာ သက်ပြင်းချမိသည်၊ သူဘယ်လိုကြိုးစားရမလဲ၊



www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေကတော့ မြန်သည်။ လူကြီးတွေလိုမဟုတ် . . .။ ရှေ့ကြောင်းနောက်ကြောင်းတွေလည်း စဉ်းစားနေပုံမရ။ ဒီနေ့တွေ့ပြီး မနက်ဖြန် ရည်းစားစကားပြောချင်ပြောသည်။ ကောင်မလေးဘက်က အဆင်ပြေလို့ နောက်တစ်ရက်အဖြေပြန်ပေးပြီး ချစ်သူတွေဖြစ်ချင်ဖြစ်သွားကြတာမျိုး။

"အခုချိန်မှာ ချစ်တယ်လို့ ပြောလိုက်ရင် စောများနေလား မသိဘူးနော်"

မီးမီးရတနာက ပြုံးရုံသာပြုံးသည်။ လင်းထွန်းက ချထားသော အအေးကို တစ်ငုံစုပ်ကာ စကားဆက်၏။

"ဒါပေမယ့် ကိုယ့်အတွက်ကတော့ တော်တော်တောင်နောက်ကျနေပြီသိလား"

စကားအသုံးအနှုန်းပြောင်းသွားတာ သတိထားမိ၏။ အရင်က သူ့ကိုယ်သူ ကျွန်တော်ဆိုတဲ့ နာမ်စားသုံးနေရာမှ 'ကို'ဟုပြောင်းသုံး၏။ သူတို့ တွေ့ဆုံ မှုက စစ်စစ်ပေါက်ပေါက်တွက်ကြည့်မှ ခုနစ်ခါတောင် မပြည့်သေး။ ဒါတောင် အရင်ကလိုက်နှောင့်ယှက်တဲ့ ရက်တွေပါထွက်လိုက်မှ ပြည့်စုံသည်။ အဲ . . စကားအပြန်အလှန်ပြောဖူးတာကတော့ ဟိုတစ်နေ့ကမှ . .။

အခုလည်း မီးမီးရတနာတက်နေတဲ့ ဂျပန်စာသင်တန်းကိုလင်းထွန်း လာလည်ခြင်းဖြစ်သည်။ ထုံးစံအတိုင်း သင်တန်းအောက်က အအေးဆိုင်လေး



www.burmeseclassic.com

www.burmeseclassic.com



မှာထိုင်ကြရင်း သူမရည်းစားစကားပြောခံရခြင်းဖြစ်တော့၏။

"မီးမီးကို ကိုယ်တကယ်ချစ်တယ်ဆိုတာကို အခုမပြောသေးပေမယ့် ယုံထားလိုက်နော်"

"ဟင် . . . အခုမပြောသေးဘူးဆိုတော့ ဘယ်တော့ပြောမှာလဲဟင်"

မီးမီးက ပြန်ရွဲ့တာကို လင်းထွန့်က သဘောပေါက်သည်။

"ပြောမပြတတ်အောင် ချစ်လွန်းလို့ မပြောပြတော့ဘူးလို့ ဆုံးဖြတ်ထားတာ"

"အဲလောက်တောင်ပဲလား ကိုလင်းထွန့်ရယ်"

"အဲဒီ့ထက်တောင်ပိုသေးတယ် . . . ညတိုင်း အိပ်လို့တောင်မရဘူး သိလား"

"ကြမ်းပိုးကိုက်လို့လား"

သူတို့နှစ်ယောက်လုံးတစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်လိုက်ကြသည်။ ရင်ထဲမှာ ကိုယ်စီလွတ်လပ်ပေါ့ပါးနေကြ၏။ မီးမီးရတနာ ရင်ထဲမှာလည်းပျော်နေသည်။ ရည်းစားစကားပြောခံရသော ကောင်မလေး တစ်ယောက်လို ရှက်ရွံ့နေရမည့်အစား လွတ်လပ်ကာနေ၏။ ရင်ထဲမှာလည်း လင်းထွန့်ကို ပိုခင်လာလိုလိုပင်ရှိသည်။

"ဒါနဲ့အပြန်လာကြိုပေးရဦးမလား"

"မလိုပါဘူး ကြိုတဲ့ လူတွေတစ်ပုံကြီး"

"အဲဒီ့လူတွေနဲ့ ကိုယ်မတူချင်ဘူး"

"ဟင် . . . လူနဲ့မတူချင်ဘူးဆိုတော့ ဘာနဲ့တူချင်လို့လဲ"

လင်းထွန့်ရင်ထဲမှာ နင်သွားသည်။ ဒီကောင်မလေးကို လျှော့တွက် လို့တော့မရဘူးဆိုတာ ခန့်မှန်းမိ၏။

"မီးမီး"

"ဘာတုံး"

ပြန်ထူးပုံလေးက ချစ်စရာပါ။ ခပ်ပြတ်ပြတ်လေး . . .

"မီးမီးကို ကိုယ်ချစ်နေတာ ဘယ်လိုလုပ်သိနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး ဘယ်သူက သိတယ်ပြောလို့လဲ"

"အဲဒါဆို အခု ပြောပြမယ်နားထောင်မလား"

"ဟင့်အင်း နားမထောင်ချင်ဘူး"

"အဲဒါဆို ဘယ်တော့အဖြေပေးမလဲပြော"

"ဟင် ဆရာမ အပေါ်တက်သွားပြီ သွားလိုက်ဦးမယ်"

ဒီကောင်မလေးက အလည်လေးမှန်းလည်း လင်းထွင့်ခန့်မှန်းမိလိုက်ပြန်၏။ နောက်ဆုံးတော့ အအေးဖိုး ရှင်းကာသက်ပြင်းချပြီး ပြန်ခဲ့လေတော့သည်။

အခြေအနေကတော့ လူသောက်မြင်ကပ်လောက်အောင် ခုန်ကျော်သွားပြီဖြစ်လေသည်၊ ဒါပေမယ့် ဒုတိယအဆင့်ကို မအောင်မြင်သေး။

www.burmeseclassic.com

www.burmeseclassic.com



ညောင် ရွှေဝါက သူမ ခြေထောက်ဆီ အမြီးလေးထောင်ကာ ပြေးလာပြီး ခေါင်းနဲ့ ဝေ့၏။

"သမီးဆာနေပြီလား"

သူမစကားကို နားလည်သည့်အလား မော့ကြည့်ကာ နောက်တစ်ချက်ထပ်အော်လေသည်။

"ညောင်"

"အေး . . အေး . . ကျွေးမယ်သမီး . . . လာ . . လာ"

ထို့နောက် ဒေါ်တင်မမထွန်း ထိုင်ခုံမှထကာ မီးဖိုချောင်ဘက်သို့ လျှောက်သွားလိုက်တော့သည်။ ရွှေဝါကလည်း သူ့သခင် ဘာလုပ်မယ်ဆိုတာ သိနေသိအလား ခုန်ပေါက်ကာ ပြေးလိုက်သွား၏။

မီးဖိုထဲရောက်တော့ အသင့်ကြော်ပြီး ပုလင်းထဲထည့်ထားတဲ့ ကြက်သားကြော်ကို ထုတ်သည်။ ထို့နောက် ထမင်းလက်သီးဆုပ်လောက်နှင့် ခွက်ချတွေ့လိုက်သည်။ ကြက်သားကို ထိုကဲ့သို့အဆင်သင့် နယ်ကျွေးနိုင်ရန် ပုံမှန်တုံး၍ကြော်ထားခြင်းမဟုတ်။ အရင်ဆုံးပြုတ်လိုက်သည်။ ပြီးမှ အရိုးတွေဖယ်တာ အသားကိုမွနေအောင် မွပြီးမှ ဆီလေးနဲ့ရွရွလေးပြန်ကြော်ထားခြင်းဝင်။ ဒီပုလင်းကြီးထဲက အရာတွေအားလုံး ရွှေဝါ့အတွက် . . ။

ရွှေဝါ့ကိုတွေ့မှ ဦးတင်မောင်ကိုသတိရသွားမိသည်။ တွေ့တဲ့နေ့က

www.burmeseclassic.com



ဒီလူကြီးဘာလို့ ရွှေဝါ့ကိုဒေါ်သတကြီး ရိုက်နှိက်နေရသနည်း။

တစ်ခုခုဒေါသထွက်စရာအကြောင်းရှိလို့ အဲဒီလိုလုပ်တယ်ဆိုတာ ခန့်မှန်းမိသော်လည်း ရွှေဝါက သူ့ကို ဒေါသထွက်လောက်အောင် ဘာများလုပ်ခဲ့သလဲ။ အဲဒီ့နေ့က ပတ်ဝန်းကျင်ရှိ လူတွေကို အဖြစ်အပျက်မေးကြည့်သော်လည်း ဘယ်သူမှဖြစ်ကြောင်း ကုန်စင်ရေရေရာရာသိလိုက်တဲ့ လူမရှိ။ အားလုံးက အဲဒီ့လူကြီး ကြောင်ကို ကမ္ဘေးရှူးတိုးလိုက်ဖမ်းနေတာပဲ တွေ့တယ်ဆိုတာပဲ ပြောကြလေသည်။

ရွှေဝါက စားလို့ပြီးသွားတော့ သူမခြေထောက်ကိုလာ ပွတ်ပြန်သည်။ သူမ ရွှေဝါကို ကောက်ချီလိုက်ကာ ပါးကို ဖွဖွလေးတစ်ချက်နမ်းလိုက်၏။ ထို့နောက် ရွှေဝါက တစ်ချက်သမ်းလိုက်တာတွေ့လိုက်ရသည်။

သမီးလေး အိပ်ချင်နေပြီဆိုတာ သိလိုက်၏။ ထို့နောက် သူမအခန်းထဲရွှေဝါကို ပွေ့သွားပြီး ရွှေဝါ့အတွက် သီးသန့်လုပ်ပေးထားတဲ့ အိပ်ရာပေါ်တင်ပေးလိုက်လေသည်။ ရွှေဝါက အိပ်ရာပေါ်ရောက်တော့ သူ့ခန္ဓာကိုယ် အနှံ့တို လျှာနဲ့လိုက်လျက်ပြီး သန့်ရှင်းရေးလုပ်ကာ အိပ်သွားလေတော့သည်။

အဲဒီ့တော့မှ သူမ နဂိုနေရာကို ပြန်လာလိုက်ပြီး အလုပ်ကိစ္စပြန်လုပ်ရတော့သည်။ အဲဒီ့အချိန်မှာ ဆူညံဆူညံအသံတွေကြားလို့ လှည့်ကြည့်လိုက်တော့ အိမ်ထဲဝင်လာသူက မီးမီးရတနာ . . ။ စတွေ့ကတည်းက ကြည့်ရတာ ထောင့်မကြိုး။ သူ့ကိုကြည့်နေတဲ့ မျက်လုံးတွေက အဆိုးဆုံး။ လှောင်သလိုလို၊ ပြောင်သလိုလိုနှင့် . . . ။ ဘာကြောင့်မှန်းတော့ မသိ သူမ အဲဒီ့မျက်လုံးအကြည့်ကို မခံနိုင်။ သူမကပဲ လူမသိအောင် တစ်ခုခုမဟုတ်တာကြိတ်လုပ်ထားသလိုလို။ တစ်ခုခုပဲခိုးကြံနေသလိုလို။

သူမကလည်း ဟန်ဆောင်အားတင်းထားတဲ့ကြားက ခန္ဓာကိုယ် နှစ်ချက်လောက်တုန်သွားသေး၏။ အမှန် ဘာမှဒီလိုဖြစ်နေစရာမလို။ ပြီးတော့ မီးမီးရတနာကိုလည်း ဘာမှအရေးထားနေစရာမလို။ ဒါပေမယ့် ဘာမှန်းမသိတဲ့ အဲဒီ့ဟာကြီးက ဘာကြီးမှန်းမသိပေ။

"တီတီ ဘာတွေလုပ် . . . "



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သူမဘေး စွေ့ခနဲဝင်ထိုင်၏။ ဒေါ်တင်မမထွန်း မသိချင်ယောင်ဆောင်ပြီး သူ့အလုပ်သူဆက်လုပ်နေလိုက်သည်။ သူမက မသိချင်ယောင်ဆောင်နေသော်လည်း မီးမီးရတနာကတော့ အငြိမ်မနေပါ။

"တီတီ့ကို ပြောရဦးမယ်သိလား၊ မနက်က သမီးဟိုလူကြီးကို တွေ့လိုက်တယ်"

ပြောပြီး မီးမီးရတနာက ဒေါ်တင်မမထွန်း အခြေအနေကို အကဲခတ်သည်။ စိတ်မဝင်စားချင်ယောင်ဆောင်ပြီး အလုပ်တွေ ဖိလုပ်ပြနေတယ်ဆိုတာကို သဘောပေါက်လိုက်၍ . .

"အိပ်ချင်ယောင်ဆောင်သူကို နှိုးရခက်တယ်တဲ့ . . . တကယ် မသိချင်ဘူးဆိုလည်းပြီးတာပါပဲ . . . ဟိုက သမီးကို တီတီ့အကြောင်းလာပြောနေလို့ အဲဒါပြောပြမလို့"

ဒေါ်တင်မမထွန်း ရင်ထဲမှာ တစ်ချက်လှုပ်ရှားသွားကာ ဘယ်လိုမှဆက်ဟန်ဆောင်လို့မရတော့ . . .။

"သူက ဘာတွေပြောလိုက်လို့လဲ"

"ခစ် . . . ခစ် . . အဖျိုကြီးနော် ပြောတော့ စိတ်မဝင်စားသလိုလိုနဲ့"

ဒေါ်တင်မမထွန်း မျက်နှာရဲတက်သွားကာ . . .

"ကျုပ်က အလုပ်ကိစ္စလားလို့ မေးတာ ညည်းက ကျုပ်ကိုဆို"

"အား . . . နာတယ် . . . နာတယ် . . . ပြောမယ်"

မီးမီးရတနာ ပေါင်တွင်းကြောကို လိမ်ဆွဲခံလိုက်၍ ငယ်သံပါအောင်အော်သည်။ ဒေါ်တင်မမထွန်းကလည်း ရယ်ကျဲကျဲနှင့် ဦးတင်မောင် သူမအကြောင်း ဘာတွေပြောလိုက်သလဲ စိတ်ဝင်စားနေ၏။

အမှန်တော့ ဦးတင်မောင်က ဒေါ်တင်မမထွန်းအကြောင်းပြောဖို့နေနေ ဘာသာ မီးမီးရတနာကိုတောင် မမြင်မိလိုက်၊ မီးမီးရတနာကသာ ဦးတင်မောင်ကိုတွေ့လိုက်ခြင်းဖြစ်သည်။ သို့သော် သူမ အဒေါ်အကြောင်းသိချင်၍ စိတ်စမ်းကာပြောလိုက်ခြင်းပင် . .။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မမထွန်းကို ကြည့်၍ မီးမီးရတနာ တခစ်ခစ်ရယ်ကာ . . .

"အဲဒီလောက်လည်း ရင်မခုန်သွားပါနဲ့ အပျိုကြီးရယ် . . . သမီး တို့ သူက မမြင်ဘူး . . . သမီးကသာ ဟိုဘက်ရပ်ကွက်က သူငယ်ချင်းအိမ် သွားရင်း သူ့ကို တွေ့လိုက်တာ . . . ဘာဖြစ်လို့လဲမသိဘူး နဖူးမှာ အနာကြီး နဲ့ပြီးတော့ ပလာစတာကြီးလည်း ကိုင်ထားတယ်"

"မသိပါဘူး . . . ကျုပ်က ကျုပ်အကြောင်းပြောတယ်ဆိုတော့ အလုပ်ကိစ္စများလားလို့"

"သမီးကလည်း သူ့ကို လှမ်းခေါ်မလို့ပါပဲ၊ သူက သမီးကို မမှတ်မိ ဘူးထင်တယ်၊ ဘေးက ဖြတ်သွားတာတောင်မသိဘူး"

"အမလေး . . . ညည်းကိုလူတိုင်းက စိတ်ဝင်စားနေတယ်လို့ များ ထင်လို့လား"

"ဟုတ်ပါတယ် . . . ဟုတ်ပါတယ် . . . တီတီ့လူကြီးက သမီးကို ဘယ် စိတ်ဝင်စားပါ့မလဲ . . . သူစိတ်ဝင်စားတာက . . ."

"ခွေးမလေး . . . လာစမ်း"

ဒေါ်တင်မမထွန်းက ပေါင်တွင်းကြောကို ဒုတိယတစ်ခေါက်ဆိတ် မယ်အလုပ် မီးမီးရတနာက အရင်ဦးအောင်ထပြေး၏၊ ပြေးရင်းနဲ့မှ ပြောသွား သေးသည်၊

"သေလိုက်"

ပြောရင်းနှင့်ရှက်ပြုံးကြီး ပြုံးလိုက်မိသည်၊ သူမရင်ခုန်နေပါလားဆို စီးလည်း ကိုယ့်ကိုယ်ကိုယ် အံ့ဩမိ၏၊ ပြီးတော့ တစ်ဆက်တည်း လည်တတုံး အမြဲနှင့် ဦးတင်မောင် ပုံကြီးအတွေးထဲဝင်လာလေသည်၊

"အို . . . ဘာမှန်းမသိဘူး"

◊ ◊ ◊



www.burmeseclassic.com

www.burmeseclassic.com



"ဟို နေ့က အိမ်ရှေ့ရောက်သေးတယ်သိလား"

"အင်း အဲဒါကြောင့် ခွေးတွေဟောင်သံတော့ ကြားလိုက်သား"

"ဘာလဲ . . . ခွေးနဲ့ ရှူးတိုက်ဖို့ စဉ်းစားထားတာလား"

"အိမ်မှာ ခွေးမှမရှိတာ"

"ဒါဆို ခွေးဟောင်သံကြားတယ်ဆို"

"ဟုတ်တယ်လေ . . . ရပ်ကွက်ထဲက ခွေးတွေဟောင်တာ"

"ဟာ . . . ကိုယ်လာတာ နေ့ခင်းကြီး"

"ခွေးတွေက လူဆိုးသူခိုးဆို နေ့ခင်းလည်း ဟောင်တယ်"

လင်းထွန့်တဟားဟားရယ်နေလိုက်သည်။ သူ့ရှေ့က တစ်ခွန်းမကျ... စကားနိုင်လုပြောနေသည့် ကောင်မလေးကိုလည်း အသည်းတွေယားနေမိ...

"ကိုယ်က သူခိုးတော့ သူခိုးပဲ ဒါပေမယ့် ပစ္စည်းခိုးတဲ့ သူခိုးတော... မဟုတ်ဘူး လူကို ခိုးမှာ"

သူမ ဘာဆက်ပြောရမလဲ စကားရှာနေစဉ် လင်းထွန့်ကပဲ ဆက်... ပြောလိုက်သည်။

"ကိုယ့်ကိုဒီအတိုင်းကြီးထားတော့မှာလားဟင်"

"ဒီအတိုင်းမထားလို့ ဘယ်လိုထားစေချင်လို့လဲ"

ပြောပြီးမှ စကားတစ်ချက်မှားသွားပြီဆိုတာကို မိုးမိုးရတနာသဘော...



www.burmeseclassic.com

www.burmeseclassic.com



ခေါက်လိုက်၏။ သို့သော် လွန်သွားပြီ။ လင်းထွင့်တို့ကလည်း ဒီအကွက်ကို အမျှော်မျှော်စောင့်နေတဲ့လူဆိုတော့ . . .

"ချစ်တယ်လို့ အဖြေပေးပါတော့လား"

ဒီတစ်ခါတော့ သူမဘာမှဆက်မပြောတော့ တော်တော်ကြာသည် အထိငြိမ်ကျသွားပြီးမှ . . .

"ရှင့်အကြောင်းတွေ ကျွန်မမသိရသေးဘူး . . . ပြီးတော့ ကျွန်မ အကြောင်းကိုရော ရှင်ဘယ်လောက်သိထားသလဲ"

လင်းထွင့်က ချက်ချင်းပင် . .

"ကိုယ် . . . မီးမီးအကြောင်းကို တော်တော်များများ စုံစမ်းထားပါ တယ် . . . မီးမီးက တစ်ဦးတည်းသောသမီး . . ။ အဖေနာမည် ဦးအောင်နိုင်၊ အမေနာမည် ဒေါ်ရတနာမြင့် . . . ။ အဖေက အခုလောလောဆယ် နိုင်ငံခြား သင်္ဘောကပ္ပတိန်ဆိုတော့ ဒီမှာမရှိဘူး၊ အိမ်မှာ အဒေါ်တစ်ယောက်ရယ်၊ အမေရယ် . . . နောက်ခြံစောင့်ဦးလေးကြီးရယ် ဒါပဲရှိတယ် . . . ဟုတ် တယ်မလား"

မီးမီးရတနာက ပြုံးလိုက်ကာ . . .

"အင်း . . ရှင်က ကျွန်မအကြောင်းတွေ တော်တော်စုံစမ်းထားတာ ပဲ"

"ဒါတင် ဘယ်ကဦးမလဲ မီးမီးက အခုချိန်ထိ ရည်းစားမရှိသေးဘူး အဲ . . . ဒါပေမယ့် ဟိုမရောက်ဒီမရောက်ထားထားတဲ့ ကောင်တွေတော့ တစ် ပုံကြီးဟုတ်တယ်မလား"

မီးမီးက ရယ်လိုက်တာ . . .

"သိရင်ပြီးတာပဲ"

စကားဆုံးတော့ လင်းထွင့်က မျက်နှာသေလေးဖြစ်သွားပြီး . .

"ကိုယ့်ကိုရော အဲဒီလူတွေလို သဘောထားထားတာလားဟင်"

မီးမီးရတနာက သူမ စလင်းဘက်ထဲမှ တစ်ရှူးလေးကို ထုတ်ပြီး နဖူးခမ်းကို တစ်ချက်တို့လိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက လူတွေကို ဘယ်သူက ဘယ်နေရာနေဆိုပြီး နေရာလိုက်ချနေတာမှမဟုတ်တာ . . . နောက်ပြီး အားလုံးကိုလည်း ကျွန်မကိုလာပတ်သက်ကြပါဆိုပြီး လိုက်ပြောနေတာလည်းမဟုတ်ဘူး"

"ဟုတ်ပါတယ် . . . မီးမီးပြောတာ မှန်တယ် . . . ဒါပေမယ့် ကိုယ်က အဲဒီသူတွေနဲ့မတူဘူး . . . အားလုံးထက်သာတယ် . . . ကျိန်ပြောဆိုပြောရဲတယ်"

မီးမီးရတနာက လင်းထွင့်ကို စိုက်ကြည့်လိုက်ကာ . . .

"ထားပါတော့ . . . ဒါနဲ့ ရှင့်အကြောင်းကိုတော့ ကျွန်မက လိုက်စုံစမ်းနေတာမဟုတ်တော့မသိဘူး . . . ဒါပေမယ့် အခု ရှင်ကိုယ်တိုင် ကျွန်မရှေ့ရောက်နေပြီဆိုတော့ ရှင့်ကိုပဲမေးရမှာပဲ ပြောပြပါဦး"

လင်းထွင့်မှာ လည်ချောင်းတစ်ချက်ရှင်းလိုက်ကာ . . .

"ကိုယ့်အကြောင်းကတော့ ထွေထွေထူးထူးမရှိပါဘူး၊ မိဘတွေက နယ်မှာပွဲရုံလုပ်တယ် . . . ကိုယ်က ခေတ်ကာလသားသမီးတွေရဲ့ ထုံးစံအတိုင်း သင်တန်းပေါင်းစုံတက်မယ်ဆိုပြီး ရန်ကုန်တက်လာတယ် . . . ပြီးတော့ ဒီမှာ သူငယ်ချင်းတစ်ယောက်နဲ့ အတူနေတယ် . . . ဒါပါပဲ . . . အဲ . . . နောက်တစ်ခုကျန်သေးတယ် . . အိမ်ထောင်မရှိ လူပျို ရည်းစားလုံးဝမထားဘူး"

"ဒီလောက်ပြောရုံနဲ့ ယုံရမှာလား"

"ကြိုက်သလို စုံစမ်းကြည့်လို့ရပါတယ် . . . တကယ်ပါ"

မီးမီးရတနာက ဘာမှဆက်မပြောတော့ပေ . . ။ လင်းထွင့်ပုံစံကြည့်ရတာလည်း ညာပြောနေတာမဟုတ်မှန်းခန့်မှန်းမိ၏။ သို့သော် ယောကျ်ားလေးတစ်ယောက်ကို ဒီလောက်လွယ်လွယ်နဲ့တော့ လက်ခံလို့မရသေး၍ . .

"ကျွန်မ စဉ်းစားပါရစေဦး"

"ဒီစကားမျိုး ကိုယ်နဲ့ဆို ဘယ်နှယောက်မြောက်ပြောခဲ့ပြီးပြီလဲဟင်"

မီးမီးရတနာ တော်တော်ကြာကြာလေး လင်းထွင့်အပေါ် စိုက်ကြည့်နေလိုက်သည်။ လင်းထွင့်ကလည်း မျက်တောင်မခတ်ပြန်ကြည့်၏။ သူတို့နှစ်ယောက်အကြည့်ချင်းဆုံကြကာ မိနစ်တော်တော်များများဖြတ်သန်းဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မီးမီးရတနာ အသံထွက်လာကာ . .

"အဲဒါကို ရှင်စုံစမ်းကြည့်လိုက်တာ အကောင်းဆုံးပါ"

တစ်လုံးချင်းပြောကာ ခေါင်းငုံ့ပြီး ထထွက်သွားလေတော့သည်။ လင်းထွဋ်တစ်ယောက်တည်း အအေးဆိုင်လေးထဲ ကျန်ရစ်ခဲ့၏။

လင်းထွဋ်သက်ပြင်းကို ချသည်၊ သူစုံစမ်းထားရသလောက် မီးမီးရတနာဆိက ဒါမျိုးစကားပြန်ပြောဖြစ်တာ သူတစ်ယောက်တည်းဝင်၊

သူ သက်ပြင်းကို ဒုတိယအကြိမ် ထပ်ချသည်၊ ဒီတစ်ခါချသည့် သက်ပြင်းက ပိုမိုရှည်လျား၏။ ကောင်းကင်ကို မော့ကြည့်လိုက်တော့ တိမ်ညိုတွေ အုပ်ဖွဲ့နေကြတာကို တွေ့လိုက်ရလေသည်။

သူ့ ရင်ခွင်တစ်ခုလုံးလည်း ညိုမှိုင်းကာနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၈

ဧလ တ ခပ်မြင်းမြင်းတိုက်ခတ်၍ သစ်ပင်တို့ ဘယ်ညာယိမ်းထိုးနေကြ၏။ လေပြင်းနှင့်အတူ မိုးစက်မိုးမှုန်တွေပါရောထွေးပါလာကြသည်။ တစ်ချက်တစ်ချက်ခါရမ်းသွားသော သစ်ပင်မြင့်ကြီးများမှာ ရုတ်တရက် ကျိုးကြတော့မည့်အလား လေကကြမ်းသည်။ ခဏအကြာတွင် မိုးသီးမိုးပေါက် တို့ တဖေါဖေါခုန်ဆင်းလာကြတော့သည်။ အခုတော့ ပတ်စန်းကျင်တစ်ခုလုံး လေ၊ ရေ၊ မိုးပါ ကြီးစိုးသွားတော့၏။

"မင်းပြောပုံအရဆို အခြေအနေက ကောင်းတဲ့ဘက်မှာပေါ့"

လေသံမိုးသံတွေကြားထဲမှ ရဲမြင့်၏ စကားသံက တိုးညှင်းစွာ ဖြတ်သန်းလာသည်။ လင်းထွဋ်က ဘာစကားမှပြန်မဖြေဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။ ထိုအမူအရာကိုကြည့်ပြီး ရဲမြင့်အားတက်သွားပုံမှာ မျက်နှာမှာ ဖုံးဖိမရ။

"ဟာ . . ဒါဆို . . ငါ. . . ငါတို့"

ရဲမြင့် စကားက လမ်းတစ်ဝက်မှာ တင်ရပ်သွားသည်။ အကြောင်းမှာ လင်းထွဋ်က လက်ကာပြထားသောကြောင့်ပင် . . ။

"အဲဒီလောက်မလွယ်သေးဘူး . . . 'သူ' ငါ့ကို စဉ်းစားမယ်ဆိုတာပဲ ပြောထားတာ . . . အချိန်ဘယ်လောက်ကြာကြာစဉ်းစားမယ်ဆိုတာ ဘယ်သူမှခန့်မှန်းလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါကတော့ မင်းအပိုင်းလေကွာ . . . အဖြေမြန်မြန်ရအောင် မင်းလုပ်မှပေါ့ . . . အားတိုင်းတောင်းနေပေါ့ကွာ ဘာဖြစ်လဲ"

"အဲဒီလိုတောင်းတိုင်းသာ ရမယ်ဆိုရင် ငါထမင်းတောင် မစားဘူးကွာ ထိုင်တောင်းနေမှာပေါ့ . . . အခုဟာက အဲဒီလို ပုံစံမဟုတ်ဘူးတွ . . နောက်ပြီး မီးမီးက သာမန်မိန်းကလေးမဟုတ်ဘူး . . . လည်လည်း လည်တယ် . . . ပိုက်ဆံလည်းရှိတယ် . . . ရုပ်လည်းချောတယ် ပညာလည်း တတ်တယ်ဆိုတော့ ဒီလောက်တော့ အထာကိုင်မှာပေါ့"

ရဲမြင့်ငြိမ်ကျသွားသည်။ ပြီးတော့ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေပုံလည်းရ၏။ လင်းထွဋ်လည်း တိတ်ဆိတ်ကာနေသည်။ သို့သော် သူ့ ရင်ဘတ်ထဲမှာတော့ အရာအားလုံးဆူညံလှ၏။

မိုးရေစက်များက အမိုးကျောက်ပြားပေါ် တဘုန်းဘုန်းကြွေကျပြီး တံစက်မြိတ်မှတစ်ဆင့် မြေပြင်ပေါ်သို့ ခုန်ချနေသည်။ လင်းထွဋ်က စီးကျနေသော ရေစက်တန်းတွေကို ရည်ရွယ်ချက်မဲ့ ငေးကြည့်နေလိုက်သည်။ ထို့နောက် ဘာရယ်မဟုတ် လိုက်ပြီး ရေတွက်ကြည့်နေ၏။ သူ၏လှုပ်ရှားလွန်းသော စိတ်အာရုံကို ပြောင်းလဲသွားရန် အာရုံလွှဲပြောင်းကြည့်နေသည်ဆိုလျှင် ပိုမှန်မည်။

ခဏကြာတော့ ရဲမြင့်ထံမှ တည်ငြိမ်စူးရှသော စကားသံထွက်လာပါတော့သည်။

"မင်း ကောင်မလေးကို တကယ်ချစ်လား"

လင်းထွဋ်ရေစက်တန်းတွေကို ရေတွက်နေရာမှ ရပ်ကာသွား၏။ ရုတ်တရက် မှင်သက်သွားကာ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်ကျသွားလေသည်။ အချိန်တော်တော်ကြာသည်အထိ လင်းထွဋ်ထံမှ အသံထွက်မလာ၍ ရဲမြင့်က နောက်တစ်ကြိမ်မေးလိုက်သည်။ မေးခွန်းက ခုနအတိုင်းပင်ဖြစ်လေသည်။

"မင်း ကောင်မလေးကို တကယ်ချစ်လား"

လေပြင်းတိုက်သံသည့် ပတ်ဝန်းကျင်မှ တရှိန်ရှိန်မြည်နေသည်။ သူတို့ထိုင်နေသည့် အိမ်ရှေ့ကွပ်ပျစ်လေးအောက်သို့ မိုးရေတို့ အရင်တလော ဝိုပက်လာ၏။ ရဲမြင့်က သူ့ခေါင်းပေါ်မှ ရေစက်တွေကို လက်နဲ့ပွတ်ရင်း လင်းထွဋ်



www.burmeseclassic.com

www.burmeseclassic.com



ည့်ကြည့်သည်။ လင်းထွန့်မျက်နှာက ပကတိအေးစက်တည်ငြိမ်လျက်. . ။ ကြာတော့ လင်းထွန့်ထံမှ အဖြေစကားထွက်လာပါတော့သည်။

"အေး . . . ငါသူ့ကိုတကယ်နှစ်နှစ်ကာကာချစ်တယ်"

ရဲမြင့်က ဘာမှထပ်မပြောတော့ပေ . . . ။ ရုတ်တရက် ထရပ်ကာ အိမ်ထဲသို့ ဝင်သွားပါတော့သည်။ ရဲမြင့်မရှိတော့ လင်းထွန့်တစ်ယောက်သာ ကွပ်ပျစ်ပေါ်ထိုင်ရင်း ကျန်ရစ်ခဲ့တော့၏။

ပထ်ဝန်းကျင်မှာ မိုးကတော့ သည်းသည်းမည်းမည်း ရွာသွန်းနေဆဲ ထင်..။



www.burmeseclassic.com

www.burmeseclassic.com



## ၉

တစ်ခါ အလှပြင်တာ အကြာဆုံးဖြစ်သည်ဟု ဆိုနိုင်သည်။ ထုတ်ထားတဲ့ ဝမ်းဆက်သုံးလေးမျိုးထဲက တစ်ခုပြီးတစ်ခုဝတ်ကြည့်နေလိုက်၏။ ပထမအစုံကိုဝတ်ပြီးချိန်မှာ အခန်းတံခါးလော့ချထားမိရဲ့လားဆိုတာ ကြည့်လိုက်ရသေး၏၊ တော်ကြာ မီးမီရတနာဝင်လာမှဖြင့် ဒုက္ခရောက်သွားနိုင်သည်၊

မရမ်းဆီရောင် ပါတိတ်လေးက သူမအသားဖြူဖြူမှာ ထင်းထင်းလေးလှတာနေသည်။ ဒီဝမ်းဆက်လေးကိုပဲ ရွေးလိုက်တော့မည်ဟု စိတ်ကူးမိပြီး နှုတ်ခမ်းနီပါးပါးလေးတင်လိုက်၏၊ ထို့နောက် လက်သည်းခြေသည်းဆိုးထားတာကို နောက်ဆုံးအဆင့် သေချာစစ်ဆေးလိုက်သည်၊ အသက်သုံးဆယ်ကျော်အတည်းက လက်သည်းမဆိုးတော့တာ အခုမှ ပြန်ဆိုးတော့ အဆင်မှပြေပါ့မလား စိုးရိမ်မိသည်။ သို့သော် မရမ်းဆီရောင် လက်သည်းဆိုးဆေးက သူမလက်ချောင်းသွယ်သွယ်လေးကို ရှင်းလင်းလှပနေစေသည်။

ဆံထုံးကြီးကိုတော့ အိမ်နေရင်း ဝတ်ထားသည့် စိန်လော့ကတ်ဆံကြိုးလေးအစား ကျောက်စိမ်းတုံးကို သွေးကာ တစ်တုံးတည်း ပုံဖော်ထားသည့် ဆံကြိုးကိုပဲ ရွေးလိုက်သည်၊ ထို့နောက် ကျောက်စိမ်းနားကပ်ကို ပန်လိုက်တော့ မျက်နှာပေါ် တို့ပတ်စနှင့် ဟိုတို့ဒီတို့ လုပ်ပြီးချိန်တွင် အရာရာအဆင်ပြေ သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏ္ဍာကိုယ်ကို မှန်ရှေ့မှာ နှစ်ပတ်သုံးပတ်လောက် လှည့်ပတ်ကြည့်လိုက်ပြီးနောက် မိးမိးရတနာ တံခါးလာခေါက်တာနှင့် ကွက်တိဖြစ်သွားလေတော့၏။

"တီတီ သွားမယ်၊ အဆင်သင့်ပဲ"

"အေးအေး . . . လာပြီ . . . လာပြီ"

ထို့နောက် အခန်းထဲမှ ထွက်ခွာနီး သူမ အစ်ကိုနိုင်ငံခြားက ပို့ထားတဲ့ ပြင်သစ်ရေမွှေးကို နှစ်ချက်လောက်ဆွတ်လိုက်ကာ ထွက်ခဲ့လိုက်ပါတော့သည်။

ဦးတင်မောင်လည်း ဒီနေ့အိမ်က မထွက်ခင်အထိ မှန်ကြည့်တာ ဆယ်ခါထက်မနည်းတော့ . . .။ ပြီးတော့ ဝတ်ထားတာကလည်း ပိုးတွဲလုံချည်နှင့် အလှူမင်္ဂလာဆောင်ရှိမှ ထုတ်ဝတ်တတ်သည့် (Arrow)ရှပ် အင်္ကျီအဖြူ၊ ခေါင်းမှာလည်း ခေါင်းလိမ်းဆီက အခန့်သား . . .။

မဝတ်စဖူးထုတ်ဝတ်ထားသည့် ပိုးတွဲလုံချည်နှင့် သားနားလှသော ရှပ်အင်္ကျီအဖြူတို့ကြောင့် ရုံးအဝင်ကတည်းက လူပေါင်းစုံတို့ မျက်လုံးအစုံသည် ဦးတင်မောင်ဆီသို့သာ ရောက်နေတော့သည်။ ဒီနေ့ကျမှ ဦးတင်မောင်တလည်း ခါတိုင်းလို လက်ဖက်ရည်ဆိုင် မသွားတော့ဘဲ သူ့အခန်းကိုသာ တန်းဝင်သွားသည်။ ထို့နောက် အခန်းထဲကအပြင်ကို လုံးဝထွက်မလာတော့ပေ။ ပြီးတော့ ဦးတင်မောင်ဖြတ်သွားရာ လမ်းတစ်လျှောက် ရေမွှေးနံ့ ထောင်းထောင်းထအောင်ကျန်ခဲ့ခြင်းကလည်း သဲကန္တာရမှာ ချယ်ရီပန်းပွင့်သလို အထူးအဆန်းသဖွယ်ဖြစ်ကျန်ခဲ့တော့၏။

"ဆရာ . . . ဧည့်သည်ရောက်နေတယ် ဆရာနဲ့ချိန်းထားလို့တဲ့"

ရုံးကကောင်မလေးတစ်ယောက်လာပြောတော့ ဦးတင်မောင် ခဏ္ဍာကိုယ်မတ်ခနဲဖြစ်သွားကာ . . .

"ဘယ်သူလဲ"

"ဟို . . . ဟိုနေ့ကလာတဲ့ အမျိုးသမီးနှစ်ယောက်ပဲ"

ကောင်မလေးက ပြောရင်း သူ့ကို ပြုံးစိစိနှင့် ကြည့်၏။ ဦးတင်မောင်

www.burmeseclassic.com

www.burmeseclassic.com



မလုံမလဲဖြစ်သွားကာ ကမန်းကတန်း ငုံ့ပစ်လိုက်သည်။ ပြီးမှ တုန်တုန်ရင်ရင် အသံနှင့် . .

"လွှတ် . . . လွှတ်လိုက် . . လေ . . လေ"

အသံက အဖျားမှာ တုန်ခါပြီး အက်ကိုးသံတောင် ထွက်သွားရသည်။ ခဏနေတော့ ဒေါ်တင်မမထွန်း အခန်းထဲဝင်လာကာ . . .

"မနေ့က ဖုန်းဆက်ထားလို့ . . . ပစ္စည်းတွေရောက်နေပြီဆို . . တို . . . ဖုန်းဆက်ပေးတာ ကျေးဇူးပဲနော်"

"ရ . . . ရပါတယ် . . . ဟို . . တင် . . တင်မမထွန်းရယ်"

အရဲစွန့်ကာ တင်မမထွန်းလို့ခေါ်ကြည့်လိုက်သည်။ သူမကို အခေါ်အဝေါ်ပြောင်းသုံးတာကြားတော့ ဒေါ်တင်မမထွန်း တစ်ချက်ရှက်ပြုံးပြုံးသွားတာ . . .

BURMESE CLASSIC

"ဧည့်သည်ကို နေရာမပေးတော့ဘူးလား"

အဲဒီတော့မှ မတ်တပ်ကြီးဖြစ်နေသော ဒေါ်တင်မမထွန်းတို့ကို ကြည့်တာ ဦးတင်မောင်ပျာသွားပြီး . . .

"ဪ . . . ဆောတီး . . ဆောတီး ထိုင်ထိုင်ပါ . . . ထိုင်ပါ"

အဲဒီနောက် ဒေါ်တင်မမထွန်းတို့က ဦးတင်မောင်စားပွဲရှေ့က ခုံနှစ်လုံးမှာ ဝင်ထိုင်ကာ မီးမီးရတနာနှင့် ဦးတင်မောင်ကို မိတ်ဆက်ပေးသည်။ နောက်တော့ အလုပ်ကိစ္စစကားပြောကြပြီး အလ္လာပသလ္လာပတွေလည်း ထိုင်ကာပြောသည်။ ပြီးတော့ ပြန်ခါနီးမှ ဒေါ်တင်မမထွန်းက . . .

"ပစ္စည်းတွေတော့ ညနေကျမှ ကားလွှတ်လိုက်မယ် . . . ဒါနဲ့ ရှေ့အပတ်တနင်္လာနေ့ ဦးတင်မောင်အားလားမသိဘူး"

"ဘာ . . . ဘာလို့လဲဟင်"

"အိမ်မှာဘုန်းကြီးငါးပါးဆွမ်းကပ်မှာလေ အဲဒါလာခဲ့ပါလား"

"ဟာ . . . လာရမှာပေါ့ . . . ဘယ်အချိန်လဲ"

ဦးတင်မောင်က ဟန်တောင်မဆောင်နိုင်ဘဲ ပြောလိုက်မိတဲ့ သူ့စကားအတွက် ဣန္ဒြေများမဲ့သွားသလား စိုးရိမ်သွားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"နေ့ဆွမ်းဆိုတော့ ဆယ့်နာရီလောက်လာပေါ့ . . . တရားနာလေး လည်းမိအောင်"

ပြောပြီး နှုတ်ဆက်ကာပြန်ခဲ့လိုက်တော့သည်။ အပြန်မှာ မီးမီးရတနာက ဒေါ်တင်မမထွန်းအား . . .

"တီတီက ဒါမျိုးကျ သွက်သားပဲ"

ဒေါ်တင်မမထွန်းတစ်ယောက် ပေါင်တွင်းကျောလိမ်မဆွဲတော့ပေ . . .။ ရှက်ပြုံးလေးသာပြုံးနေပါတော့သည်။

BURMESE CLASSIC

ပေဟာ်ငင်မြိုမဟာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



၁၁

လှူကို ဦးတင်မောင်တစ်ယောက်တည်း မဟုတ်။ လင်းထွန်းပါလာပါသည်။ လင်းထွန်းကို မီးမီးရတနာက ဖိတ်ထားခြင်းဖြစ်သည်။ အလှူဟုဆိုသော်လည်း ကြီးကြီးကျယ်ကျယ်မဟုတ်။ မိသားစုသာပါသော အလှူဖြစ်၍ သူစိမ်းဆိုလို့ ဦးတင်မောင်ရယ် လင်းထွန်းရယ်ပဲရှိသည်။

အလှူလာကြသူတွေကလည်း များများစားစားမရှိ။ အမျိုးအဆွေ လေးငါးယောက်လောက်သာရှိ၍ ဦးတင်မောင်တို့ကိုအားလုံးက သတိထားမိကြသည်။ တရားနာပြီးတော့ ဆရာတော်ဘုရားတွေ ဆွမ်းဘုဉ်းပေးနေစဉ် သူတို့တွေ တွေရာလေးပါးပြောဖြစ်ကြ၏။ ဦးတင်မောင်နဲ့ လင်းထွန်းကို အမျိုးတွေနှင့် ဒေါ်တင်မမထွန်းတို့က မိတ်ဆက်ပေးသည်။ အားလုံးက ဒေါ်တင်မမထွန်းတို့နှင့် ဦးတင်မောင်တို့ကို တစ်စုံတစ်ခုပတ်သက်မှုရှိနေသည်ဟု တွေးထားကြသော်လည်း လူမှုရေးအရမမေးကြ။ ဒေါ်တင်မမထွန်းနဲ့ မီးမီးရတနာတို့ကလည်း မိတ်ဆွေတွေဆိုတာလောက်သာ ပြောပြီး မိတ်ဆက်ပေးသည်။

ဆရာတော်တွေပြန်ကြွသွားတော့ ဦးတင်မောင်တို့ ထမင်းစားကြသည်။ စားပြီးတော့ ဧည့်ခန်းမှာထိုင်ကာ အချိုပွဲစားရင်း ရေနွေးကြမ်းသောက်ကြ၏။ ကျန်တဲ့သူတွေကတော့ ပြန်သွားကြ၍ အိမ်မှာ ဦးတင်မောင်တို့နှစ်ယောက်ရယ် ဒေါ်တင်မမထွန်းတို့ မိသားစုရယ် ဒါပဲ ကျန်ခဲ့တော့သည်။

လင်းထွန်းက ဧည့်ခန်းထဲထိုင်ရင်း အိမ်ကိုလေ့လာနေသည် မီးမီး

www.burmeseclassic.com



ရတနာတို့ ကြွယ်ဝမှုအရ ညှော်ခန်းလေးက အေးမြလှပကာနေ၏။ ကနုတ်ပန်းဆက်တီစားပွဲနှင့် သိန်းကျော်တန်ဆိုဖာထိုင်ခုံများ။ ပြီးတော့ ဈေးကြီးပေးတပ်ထားသော ပန်းချီကားတွေ . . ။ ညှော်ခန်းနံရံထောင့်တွေမှာ ချထားသော အလှထားပန်းအိုးနှင့် အောက်ကြမ်းပြင်မှာ ခင်းထားသော အမွေးပွကော်ဇောတွေက သူတို့မိသားစုရဲ့အဆင့်အတန်းကို ပြကာနေလေသည်။

လင်းထွဋ်ကထိုင်ရာမှ ထပြီး ညှော်ခန်းထဲချိတ်ထားတဲ့ ပန်းချီကားတွေကို စိတ်ဝင်တစားကြည့်နေ၏။ ဦးတင်မောင်ကတော့ ဒီလောက်အေးတဲ့ အခန်းထဲမှာတောင် တိုက်ပုံထဲက လက်ကိုင်ပဝါကို ထုတ်ထုတ်သုတ်နေရသည်။ သူ ရင်ခုန်ကာနေသည်။ ဒီအသက်အရွယ်အထိ အမျိုးသမီးတစ်ဦးအိမ်ကို သူအလည်မရောက်ဖူး . . . ။ အခုချိန် ပထမဆုံးဖြစ်၍ မနေတတ်မထိုင်တတ် တွေဖြစ်နေလေသည်။

လင်းထွဋ်ကတော့ အရာရာအေးဆေးသည်။ ရင်းနှီးပြီးသား မိတ်ဆွေတစ်ယောက်၏ အိမ်ဧည့်ခန်းရောက်နေရသလို တည်ငြိမ်လွန်းသည်။

ခဏကြာတော့ မီးမီးရတနာတို့ တူအရီးနှစ်ယောက် ဆွေတွေမျိုးတွေနှုတ်ဆက်ပြီး ညှော်ခန်းထဲပြန်ရောက်လာကာ . . .

"အေးအေးဆေးဆေးထိုင်ကြဦးနော် စကားလေးဘာလေးပြောပြီးမှ ပြန်ပေါ့"

ဒေါ်တင်မမထွန်းက နှစ်ယောက်စလုံးကို ခြုံပြောသလိုလိုပြောပြီး ဦးတင်မောင်ကိုကြည့်ကာ ရယ်ပြသည်။ ဦးတင်မောင်ယောင်ပြီး ခေါင်းညိတ်လိုက်ပြပြီးမှ . .

"ဟို . . . အကြာကြီးတော့ မနေတော့ပါဘူး၊ ဂျွန်တော်သွားစရာလေးရှိသေးလို့ . . . တော်ကြာပြန်မယ်"

"နေပါဦး ဦးကလည်း ဒီမှ နေစေချင်နေတဲ့လူက ရှိနေတာကို စိမ်းတားတာလား"

ရုတ်တရက်ထပြောလိုက်တဲ့ မီးမီးရတနာစကားကြောင့် ဦးတင်မောင်ရော ဒေါ်တင်မမထွန်းပါ ရှက်သွားကြကာ . .

www.burmeseclassic.com



"ဟာ... ဟို... ဟို... အဲလိုမဟုတ်ပါဘူး... နေ... နေချင်ပါတယ် ... သွား... သွားစရာ တကယ်ရှိလို့ပါ"

ဦးတင်မောင် ပုံကို ကြည့်က လင်းထွင့်ရယ်ချင်သွားသည်။ လူပျိုကြီးတွေ ရှက်ရင်တော်တော်ကလေးဆန်သည်ဟူ၍ တွေးလိုက်၏။ ထို့နောက် သူက မီးမီးရတနာကို လှမ်းကြည့်ကာ . . .

"ကိုယ်ကတော့ မနေခိုင်းလည်း နေမှာနော် . . . အေးအေးဆေးဆေး မှပြန်မယ်"

မီးမီးရတနာက လင်းထွင့်ကို မျက်စောင်းထိုးကာ ကြည့်သည်။ ဒေါ်တင်မမထွန်းကတော့ မသိချင်ယောင်ဆောင်၍ အဝတ်လဲဦးမယ်ဆိုပြီး အပေါ်ထပ်တက်သွားသည်။ မီးမီးရတနာနဲ့ လင်းထွင့်အခြေအနေလည်း တူမက ပြောထား၍ သူသိပြီးဖြစ်သည်။ လူငယ်တွေကိစ္စကို လွတ်လပ်ခွင့်ပေးထားပြီးဖြစ်၍ မသိချင်ယောင်ဆောင်နေသင့်တဲ့ ဟာတွေမသိချင်ယောင်ဆောင်နေခြင်း ဖြစ်လေသည်။

ဦးတင်မောင်ကတော့ မျက်နှာသုံတ်လိုက် ခေါင်းပွတ်လိုက်နှင့် ဧည့်ခန်းထဲကျန်ခဲ့လေသည်။ မီးမီးရတနာနဲ့ လင်းထွင့်က စကားတွေပြောနေကြ၏။ သူလည်း ဒေါ်တင်မမထွန်းနဲ့ အဲဒီလို စကားတွေပြောနေချင်သည်၊ ဒါပေမယ့် မီးမီးရတနာတို့က လူငယ်တွေဆိုတော့ တင့်တယ်သည်။ သူတို့က လူကြီးတွေ ဆိုတော့အကြောင်းကိစ္စမရှိဘဲ ဒီလိုစကားမျိုးတွေ ဘယ်လိုပြောလို့ဖြစ်ပါ့မလဲ။ အစိကက ကိုယ်ရောက်ရှိနေတဲ့ အသက်အရွယ်နဲ့လိုက်အောင်နေမှ တင့်တယ် မည့်အရွယ်တွေရောက်နေတာပဲဖြစ်သည်။

ကြာတော့ ဦးတင်မောင်မနေတတ်တော့ . . ။ မီးမီးရတနာတို့တတော့ တစ်ချက်တစ်ချက် သူ မပျင်းအောင် စကားတွေ လှမ်းပြောနေသော်လည်း နေချင်စိတ်မရှိတော့။ ဒေါ်တင်မမထွန်းကလည်း အဝတ်လဲမယ်ဆိုပြီး မြန်တောင်ဆင်းမလာတော့ . . ။ အမှန်တော့ သူပြန်သင့်နေပြီဆိုတာ အစောကြီးကတည်းက သိသည်။ အခုမှရောက်တဲ့ အိမ်ကိုဘာကိစ္စမှမရှိဘဲ ဆက်နေ ရေးအကြောင်းမရှိ၊ နောက်ဆုံး ဦးတင်မောင်ထိုင်ခုံမှထလိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးပြန်တော့မယ် တူမကြီး"

မီးမီးရတနာက လင်းထွဋ်နဲ့ စကားပြောနေရာမှ လှည့်ကြည့်ကာ . .

"ဟင် . . . ပြန်တော့မလို့လား . . . နေပါဦး တီတီဆင်းလာတော့မှာပါ"

"ဟို . . . ဟို သွားစရာ တကယ်ရှိလို့ပါ"

အဲဒီအချိန်မှာပဲ ဒေါ်စာဝ်မမထွန်းက အိမ်နေရင်း အဝတ်အစားလေးနဲ့ဆင်းလာတာ တွေ့လိုက်ရလေသည်။ ဦးတင်မောင်လည်း ဒေါ်တင်မမထွန်းထို ကြည့်ကာ နှုတ်ဆက်တော့ . .

"နေပါဦး . . . ခဏဖြစ်ဖြစ်နေလို့မရတော့ဘူးလား"

အမှန်တော့ ခဏမဟုတ် တစ်သက်လုံးနေဆိုရင်တောင် ငြင်းမိမှာမဟုတ်၊ သို့သော် ဖြန်မယ်လုပ်ပြီးမှ ပြန်ထိုင်ရင် အရမ်းသိသာသွားမှာစိုးရသည်၊ မီးမီးရတနာတို့တလည်း သူ့ကို လှမ်းကြည့်နေကြ၍နေချင်စိတ်ကို မျိုသိပ်ကာ . .

"နောက်မှတွေ့တာပေါ့ အခုတော့ ပြန်လိုက်ဦးမယ် . . . ချိန်းထားတဲ့တီစွအရေးကြီးနေလို့ပါ"

ဒေါ်တင်မမထွန်းက "ပြောမရလည်း သွားပါတော့ရှင်"ဟု ပြောရင်း သူ့ကို ခြံထိပ်အထိလိုက်ပို့လေသည်။

ခြံထိပ်ရောက်တော့ လမ်းခွဲကာနီး ဦးတင်မောင်က တစ်ချက်လှည့်ကြည့်ကာ . . .

"ကျွန်တော် နောက်တစ်ကြိမ်လာလည်လို့ရမလားဟင်"

ဒေါ်တင်မမထွန်းက ခေါင်းငုံ့သွားကာ အသံလေးခေါင်းဆတ်ပြ၏၊

ဦးတင်မောင်က . . .

"ကျေးဇူးပဲတင်မမရယ်"

သူ့အသံက တုန်ရီလေးတွဲ့နေ၏၊ နှစ်ဦးစလုံး ရင်ခုန်သံတိုလည်း တစ်ယောက်နားက တစ်ယောက်ကြားနေရသည်၊ ဦးတင်မောင်ရဲ့ အပြန်လမ်းတစ်လျှောက် ခြေလှမ်းတွေ သွက်လက်ပေါ့ပါးကာနေ၏။ ထို့ကြောင့် အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားထောင် ငှားမပြန်ဘဲ ရပ်ကွက်တစ်ခုစာ လမ်းလျှောက်ပြီး ပြန်ခဲ့လေတော့သည်။

သူ့ဘဝမှာ အရဲစွန့်ပြီး မိန်းမတစ်ယောက်အပေါ် ပထမအဆုံးအခွင့်အရေးတောင်းဆိုမှုက အောင်မြင်သွားပေပြီ။ ဘာပဲဖြစ်ဖြစ် လာဘ်ပွင့် သွားပြီဟု ပြောလို့ရသည်။ ဒီအချိန်မှာ သူ့ရဲ့အောင်မြင်မှုလေးကို တစ်ယောက်ယောက်ကို ပြောပြချင်စိတ်အရမ်းပြင်းပြနေ၏။ ကိုညွန့်အေးတို့ရှိရင် သိပ်ကောင်းမှာပဲဟုတွေးမိလိုက်လေသည်။

ပြုံးရင်း လမ်းတစ်လျှောက် မချွန်တတ်ချွန်တတ်နဲ့ လေချွန်ကာ ပြန်လာလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လင်း ထွန်းလမ်းလျှောက်ရင်း စဉ်းစားနေသည်။ လက်ထဲမှာလည်း ကင်မရာတစ်လုံးကို ကိုင်ထားသည်။ ကင်မရာက ဒစ်ဂျစ်တယ်ကင်မရာအမျိုးအစားဖြစ်သည်။ ပုံစံက တစ်ခုခုကို အလေးအနက်စဉ်းစားနေပုံလည်းရ၏။

လမ်းလျှောက်လာရင်း လမ်းတစ်ခုထဲသို့ သူချိုးဝင်လိုက်သည်။ ချိုးပြီးချင်း အိမ်တစ်အိမ်ထဲသို့ လှမ်းဝင်လိုက်၏။ သူခြံထဲရောက်တော့ အိမ်ရှေ့လှေကားထစ်မှာထိုင်နေသော ရဲမြင့်ကိုတွေ့လိုက်ရလေသည်။ ရဲမြင့်က လင်းထွန်းကိုမြော့တော့ ဆင်းလာကာ . .

"မင်းသွားတော့ မလို့လား"

လင်းထွန်းခေါင်းညိတ်ပြလိုက်တော့ . .

"ရော့ ဒါ မင်းအတွက်"

လင်းထွန်းက သူ့လက်ထဲရောက်လာတဲ့ အထုပ်ကလေးကိုကြည့်ကာ. . .

"အဆင်ပြေလာတယ်ပေါ့"

ရဲမြင့်က ခေါင်းညိတ်ပြလိုက်ပြီး . . .

"မင်းသွားတော့ ငါလည်း အပြင်ထွက်တော့မှာ"

လင်းထွန်းက ခေါင်းညိတ်ပြီး လှည့်ထွက်လိုက်သည်၊ ခြံထဲကထွက်



www.burmeseclassic.com

www.burmeseclassic.com



ခါနီး ရဲမြင့်ကိုပြန်ကြည့်လိုက်ကာ . . .

"အစစအရာရာ ဂရုစိုက်နော် မပေါ့နဲ့"

ရဲမြင့်က လင်းထွန်း ဘာကိုဆိုလိုတယ်ဆိုတာ သဘောပေါက်ဟန်ရသည်။ ခေါင်းဆတ်ပြပြီး လင်းထွန်းကိုပြန်ပြော၏။

"မင်းလည်း သတိထား အရာရာပိရိပါစေ"

"ငါ့ဘက်က အေးအေးဆေးဆေးပါ"

"ဒါဆိုလည်း ပြီးတာပဲ . . . ငါတို့မနက်ဖြန်ပြန်ဆုံမယ်"

လင်းထွန်းခေါင်းညိတ်ပြီးထွက်လာခဲ့လိုက်သည်။ လမ်းထိပ်ရောက်တော့ အငှားကားတစ်စီးလှမ်းတားလိုက်ကာ လိပ်စာပြောပြီး ထွက်ခဲ့လိုက်တော့၏။ သူဦးတည်ရာက မီးမီးရတနာတို့အိမ်သို့ . . .။



www.burmeseclassic.com

www.burmeseclassic.com



မီးမီး ရတနာ ဒီနေ့ခါတိုင်းထက်ကျော့မော့လှပနေလေသည်။ မနက်တစောစောတ သီချင်းလေးတညည်းညည်းနှင့် ကလေးတစ်ယောက်လို ပျော်ရွှင်နေလေသည်။ ဒေါ်ရတနာမြင့်ကတောင် သူ့သမီးကိုကြည့်ပြီး ပြောထွက်ရသည်။

"သမီး ဘာဖြစ်နေတာလဲ ကြွက်နွေလေးနဲ့နေစမ်း"

"ဟာ . . . မာမီကလည်း သမီးဘာဖြစ်လို့လဲ"

"ညည်းကြည့်ရတာ မှို့ရတဲ့ မျက်နှာကျနေတာပဲ . . . မိန်းကလေးဆိုတာ အပျော်မလွန်ရဘူး . . . ပြီးတော့ ပတ်ဝန်းကျင်က မြင်ရင်ဘယ်လိုထင်မလဲ"

"ဟာ . . . မာမီပဲရှိတာ ဘယ်သူရှိလို့လဲ"

"တော်ကြာ ဟိုကောင်လေးလာမယ်ဆို"

မီးမီးရတနာက ခေါင်းညိတ်ပြတော့ . . .

"ဘာပဲဖြစ်ဖြစ် ကိုယ်နဲ့ဘယ်လိုမှမပတ်သက်သေးတဲ့ အချိန်မှာ ဆင်ဆင်ခြင်ခြင်နေ"

မီးမီးလျှာလေးတစ်လစ်ထုတ်ပြကာ ခြံထဲဆင်းသွားလေတော့သည်။ ဒေါ်ရတနာမြင့်တစ်ယောက် သူ့သမီးကိုကြည့်ကာ သက်ပြင်းလေးချမိ၏။ တစ်ဦးတည်းသော သမီးလေးမို့အလိုလိုက်ထားတော့ နည်းနည်းဆိုးချေသည်။ သို့သော် ဒီအသက်အရွယ်ထိတော့ လုပ်သမျှအားလုံး မိဘကိုတိုင်ပင်တာ



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ခုတော့ လိမ္မာသည်ဟုပြောလို့ရ၏။ အခုလည်း ဟိုကောင်လေးနဲ့ ဓာတ်ပုံရိုက်ဖို့ချိန်းထားတာ သူမသိသည်။ ကောင်လေးကြည့်ရတာ လူငယ် ပီပီပေါ့ပေါ့ပါးပါးလေး နေတတ်သော်လည်း ရိုးသားပုံရကြောင်း သူမတွေးမိ၏။ မျိုးရိုးကလည်း မီးမီးရတနာပြောပုံအရ အဆင့်အတန်းရှိရှိထဲကပဲဖြစ်၍ သမီးဆန္ဒရှိရင် သဘောတူပါတယ်ဆိုပြီး လွှတ်ထားလိုက်ရခြင်းပင်။ မလွှတ်ထားလို့လည်းမရ မီးမီးရတနာဘက်ကလည်း ဒီကောင်လေးအပေါ် သံယောဇဉ်ဖြစ်နေပြီဆိုတာ အမေတစ်ယောက်အနေနဲ့ရိပ်မိထား၍ မျက်စိကွယ်ရာ မဖြစ်သင့်တာတွေမဖြစ်အောင် အခွင့်အရေးပေးထားခြင်းပင် . . ။

မီးမီးရတနာက ခြံထဲရောက်တော့ ဒန်းလေးမှာ ထိုင်ကာ လင်းထွန်း အလာကို စောင့်ကြည့်နေလိုက်သည်။ ခဏကြာတော့ ခြံရှေ့ အငှားကားတစ် စီးထိုးဆိုက်လာတာတွေ့လိုက်ရလေသည်။ ကားထဲမှ လင်းထွန်းဆင်းလာတော့ ခြံတံခါးပြေးဖွင့်ပေးလိုက်ကာ . . .

"နောက်ကျလိုက်တာ ဒီမှာစောင့်နေရတာ ကြာပြီ"

စိတ်ဆိုးတဲ့ အမူအရာနဲ့ နှုတ်ခမ်းစူကာ ပြောတော့ လင်းထွန်းပြုံး လိုက်ရင်း . . .

"အသိတစ်ယောက် အိမ်ခဏဝင်နေလို့ပါ"

ပြောပြီး ခြံထဲဝင်လာကာ . . .

"ဘယ်မှာအရင် ရိုက်မလဲပြော"

"တစ်ခြံလုံးရိုက်မှာ ဟိုပန်းရုံလေးနားမှာလည်း ရိုက်မယ်၊ ဒီဒန်းပေါ် မှာလည်း ရိုက်မယ်၊ ဝရံတာမှာလည်း ရိုက်မယ် . . . စိတ်ကူးတည့်ရာသာ ကုန်ရိုက်မယ်"

"ရတယ် အိမ်ထဲမှာရော ရိုက်ဦးမလား"

"ရိုက်မှာပေါ့ ဧည့်ခန်းမှာ ရိုက်မယ် . . ."

"ရိုက် . . . ရိုက် . . . ကြိုက်သလောက်ရိုက် . . အဲ . . ဒါပေမယ့် ဓာတ်ပုံဖိုးကတော့ ဈေးကြီးတယ်နော်"

"ပြောလေ ဘယ်လောက်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ထောင့်ငါးရာ"

မီးမီးရတနာ၊ မျက်စောင်းက လင်းထွန်းအပေါ် ဒိုင်းခနဲကျသွားလေသည်။ ပြီးနောက် သူတို့ ဒန်းပေါ် ခဏထိုင်ကာ စကားပြောပြီး တစ်မြို့လုံး ဓာတ်ပုံရိုက်ကြသည်။ မီးမီးရတနာကလည်းရှိတဲ့ အဝတ်အစားအကုန်ထုတ်ဝတ်ပြီး ပုံစံအမျိုးမျိုးနှင့် အရိုက်ခံ၏။ အိမ်တွင်းအိမ်ပြင် သူမရိုက်ချင်တဲ့ နေရာတွေ အကုန်လျှောက်ရိုက်ပြီး နေ့လယ်ထမင်းစားကြ၏။ လင်းထွန်းကလည်း မီးမီးရတနာတို့ အိမ်မှာစည်သည်လိုမဟုတ်တော့၊ မိဘတွေပါသိပြီးသားဆိုတော့ အိမ်ရှင်တစ်ယောက်လိုတောင် ဖြစ်နေပြီ။

"မီးမီး အရင်ကရော ဒါမျိုး ဓာတ်ပုံရိုက်နေကြလား"

"ဟင့်အင်း အခုမှ ပထမဆုံး ဒီလိုရိုက်ဖူးတာ . . . ဟို ဓာတ်ပုံဆရာတွေရှေ့မှာ မနေတတ်ဘူးရှက်လို့"

"ဟင် . . . ဒါဆိုကိုယ့်ကိုရော"

"လင်းထွန်းက ဓာတ်ပုံဆရာမှ မဟုတ်တာ"

"အဲဒါဆိုဘာလဲ"

"သိဘူး"

သူတို့ရယ်ဖြစ်ကြသည်။ အရယ်ဆုံးတော့ လင်းထွန်းက လေသံအုပ်အုပ်နှင့် . .

"မီးမီး . . ကိုယ့်ကိုအဖြေပေးပါတော့လားဟင်"

မီးမီးက ထိုစကားကို မသိချင်ယောင်ဆောင်နေကာ လင်းထွန်းပန်းတန်ထဲ ဟင်းတစ်တုံးခပ်ထည့်ပေးတော့ . . .

"မီးမီး ကိုယ့်ကိုဘယ်အချိန်ထိ အချိန်ဆွဲနေဦးမှာလဲဟင်"

မီးမီးရတနာငြိမ်သွားသည်။ ခဏကြာတော့မှ . . .

"ဟို . . . စောနေသေးတယ်လေ . . . ဘာလဲ မစောင့်နိုင်တော့ဘူးလား"

"အဲဒီလိုတော့ မဟုတ်ဘူးပေါ့ မီးမီးရယ် . . . ဒါပေမယ့် ကိုယ့်သူ့ဆီက အဖြေကိုတော့ ယောက်ျားလေးတိုင်း အချိန်စောနိုင်သမျှ သိပြီးလို



www.burmeseclassic.com

www.burmeseclassic.com



ချင်ကြတာပဲဟာ . . . ပြီးတော့ ကိုယ့်အကြောင်းတွေလည်း မီးမီးသိပြီးသားပဲ"

"ဒါကတော့ လင်းထွဋ်ပြောတာပဲရှိတာလေ ကိုယ်မှတကယ်မသိသေးတာ . . . ယုံရမှာလား"

"ကျိန်ပြောရမလား"

မီးမီးရတနာပြုံးလိုက်သည်။ သူမဘက်ကလည်း လင်းထွဋ်ကို ချစ်နေပြီဆိုတာ အမူအရာနဲ့ပင်သိသာနေပါပြီ။ သို့သော် အဖြေပေးဖို့ စိတ်တမရဲသေး။ ပြီးတော့ စောသေးတယ်လို့လည်း ထင်သည်။

"နေပါဦး လင်းထွဋ်ရယ်"

လင်းထွဋ် ဘာမှဆက်မပြောတော့ဘဲ ထမင်းကို ဆက်စားသည်။ တစ်စုံတစ်ခုကိုလည်း အလေးအနက်စဉ်းစားသွားသည်။ ပြီးမှ ပြုံးလိုက်ကာ. . .

"အလကား စတာပါ . . . ကိုယ့်ကိုဒီအခြေအနေထိ လက်ခံထားတာတောင် ပျော်နေပါပြီ . . . ဟို . . . မီးမီးပေးချင်တဲ့ အချိန်ကျမှပေးတော့"

လင်းထွဋ်က ရင်ထဲကလာတဲ့ စကားကိုတကယ်ပြောလိုက်တာပါ. . ဒါကို မီးမီးရတနာက တစ်မျိုးထင်သွားပြီး . .

"ဘာလဲ . . . လင်းထွဋ်က တို့ကိုစ္စတာလား . . . ဟုတ်လား"

"ဟာ . . . မဟုတ်ဘူး . . . တကယ် . . . တကယ်ပြောတာ . . မီးမီးက မိန်းကလေးဆိုတော့ ကိုယ်တို့လိုစိတ်နောက်ကိုယ်ပါ ပေါဟောဒိုင်းဒိုင်းလုပ်လို့မရဘူးလေ . . . အဲဒါ ကိုယ်မေ့သွားလို့ပါ . . . ကိုယ်ကသာ မီးမီးကို ပိုင်ဆိုင်ချင်စိတ်နဲ့ လောသွားတာ"

အဲဒီတော့မှ မီးမီးက ပြုံးသွားကာ . .

"အဲဒါဆိုလည်း ပြီးတာပဲ"

လင်းထွဋ်ရယ်လိုက်သည်။ သူ့ရယ်သံက အသက်ပါမပါ သူကိုယ်တိုင်သာ အသိဆုံးဖြစ်ပါသည်။

ထမင်းစားပြီးတော့ ခဏနေပြီး သူပြန်လာခဲ့လိုက်တော့၏။ ဝထာတော့ ညနေကျမှ ပြန်မလို့ ရည်မှန်းထားသော်လည်း နေချင်စိတ်ပျောက်သွားသောကြောင့် ပြန်လာခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပြန်ကျတော့လည်း တစ်စုံတစ်ခု အလေးအနက်တွေးလာပြန်သည်၊ နောက်တော့ တစ်ယောက်တည်း ရေရွတ်သလို တိုးဖွဖွစကားသံ ထွက်လာ၏၊

"ငါ နောက်ကို ဘယ်တော့မှ အဖြေမတောင်းတော့ပါဘူး မီးမီးရယ်"

လင်းထွန်းမျက်ဝန်းမှာ မျက်ရည်တွေဝေနေပါသည်၊

ကော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမပြောရဲရင် ကျွန်တော်ပြောပေးရမလား"

"ဟာ . . . မလုပ် . . . မလုပ်ပါနဲ့ ကျေးဇူးရှင်ရယ် . . . ကျွန်တော့်ကိုသာ သတ်သွားပါဗျာ"

ကိုညွန့်အေးနဲ့ ကိုထွန်းအောင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့် ကာရယ်သည်။

"ခင်ဗျားအသက်လည်း ခင်ဗျားကြည့်ဦး . . . အချိန်ဆွဲလို့ မသင့်တော်တော့ဘူးလေ . . . တော်ကြာသေသာသွားတယ် မိန်းမမယူဖူးဘဲနေသွားမယ်"

ဦးတင်မောင် ရင်ထဲအောင့်ကာသွားသည်။ အသက် ၄၀ဆိုတဲ့ အရွယ်က အနောက်နိုင်ငံမှာဆို ဘဝအစလို့ဆိုကြ၏။ အခုတော့ သူ့ဘဝတာ အဆုံးသတ်ရမည့်ကိန်းဆိုက်နေပြီ။

"အဲဒီလောက်လည်း မဟုတ်သေးပါဘူးဗျာ . . နောက်ပြီး တစ်ဖက် က အခြေအနေ ဘာမှန်းမသိသေးလို့"

"ခင်ဗျားကို တုံးတယ်ပြောရင် နာဦးမယ် . . . မိန်းမတစ်ယောက် ဆိုတာ ကိုယ့်အပေါ် စိတ်ဝင်စားတယ် မဝင်စားဘူးဆိုတာ ကြည့်ရုံနဲ့ [illegible] ဖြတ်လို့ရတယ်ဗျ . . . ဒီမယ် ကိုတင်မောင် ကျွန်တော်ကျိန်ပြောရဲတယ် ဒေါ်တင်မေ ထွန်းခင်ဗျားကို ရင်ခုန်နေပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းအောင်က လက်သီးလက်မောင်းတန်းကာ အားရပါးရဆို၏။ ကိုညွန့်အေးကလည်း ခေါင်းတညိတ်ညိတ်နှင့် အာပေါင်အာရင်း သန်ညန် ထောက်ခံသည်။

"ကျွန်တော် . . . ကြောက်တယ်ဗျာ"

"သေလိုက်ဗျာ"

ကိုညွန့်အေးတို့ ကိုယ့်နဖူးကိုယ်မညှာမတာ ရိုက်ကာ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်လိုက်ကြလေသည်။ ဦးတင်မောင်ကတော့ ခေါင်း လေးငုံ့ကာ လက်ဝါးလေးပွတ်နေလိုက်၏။

"ကျွန်တော် သူ့ကို ဘယ်ကစ စပြောရမှန်း မသိဘူးဖြစ်နေတယ်"

"ဒါဆို စာပေးပေါ့ဗျာ"

"ဟာ . . ဘယ်လိုသွားပေးမလဲ . . . ပေးဘူး"

ဦးတင်မောင် အတင်းခေါင်းခါကာငြင်း၏။

"ဒါဆို ဖုန်းနဲ့လှမ်းပြောပေါ့"

"အဲဒါတျတော့လည်း အလေးအနက်မထားရာရောက်တယ်ဗျ . . . နောက်ပြီး သူ့အိမ်မှာက ဖုန်းအပို ဘယ်နှလုံးသွယ်ထားလဲမသိဘူး။ တော်ကြာ သူ့တူမတွေ ဘာတွေခိုးနားထောင်မှဖြင့်ဗျာ"

"ဒါဆို ကိုယ်တိုင်လိုက်ပြောရင်ရော"

"ကြောက် . . . ကြောက်ပါတယ်ဆိုမှဗျာ"

ကိုညွန့်အေးနဲ့ ကိုထွန်းအောင် ခေါင်းစိုက်ကျသွားတော့သည်။ ဦး တင်မောင်ပြဿနာက အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးပြဿနာထက် ရှင်းရ ခက်ကြောင်းနားလည်သွားလေပြီ . . .။ ထို့ကြောင့် တခြားကိစ္စတွေသာ အနည်းအပါးပြောပြီး သူတို့ဆိုင်မှ ထဖြစ်ကြသည်။ ဒီတစ်ခါထိုင်တဲ့ဆိုင်က ဦးတင်မောင်တို့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ဖြစ်၍ ကိုညွန့်အေးတို့ ကား ဝိတ်ကို လမ်းလျှောက်ထွက်လာလိုက်ကြသည်။

"နောက်လည်း လာလည်ကြဦးနော်"

"တော်ပါဗျာ . . . ခင်ဗျားဆီ အခြေအနေလေးလာစုံမ်းတာ . .



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပုံပိုးမလို့လာတာ အဖြစ်ကိုမရှိဘူး"

"ဟဲ . . . ဟဲ . . ဟဲ . . ဟဲ"

ဦးတင်မောင်တို့ ထွက်သွားတာရော . . ။ ဦးတင်မောင်တစ်ယောက်တည်း လမ်းထဲပြန်ဝင်လာတာကိုပါ အစအဆုံးစောင့်ကြည့်နေသူတစ်ယောက်ရှိသည်။ ထိုသူကတော့ ဦးတင်မောင်တို့ ထိုင်နေသည့် ဝိုင်းရဲ့တစ်ဝိုင်းကျော်မှ တစ်ယောက်တည်း ထိုင်နေသူဖြစ်သည်။

ဦးထုပ်ကို မျက်နှာဖုံးလောက်အောင် ခေါင်းငိုက်စိုက်ချထပြီး မျက်မှန်တပ်ထား ခေါင်းငုံ့ထားသောကြောင့် သူ့ကိုဘယ်သူမှ မမှတ်မိကြ။ သူက ဦးတင်မောင်တို့ ပြောစကားတွေ အကုန်ကြားနေရသည်။

ခဏနေတော့ ထိုလူထပြန်သွားပါတော့သည်။

💧💧💧

ကော်ဝင်ငြိမ်းအာဒ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မြူခိုးတွေတစ်လောကလုံး မှိုင်းဝေနေလေသည်။ ရာသီဥတုကလည်း မိုးတဖျောက်ဖျောက်အစား နှင်းတဖျောက်ဖျောက်ဖြစ်လာ၏။ အရှင်တထက်လည်း ပိုအေးလာပြီဆိုတော့ ဆောင်းဦးပေါက်ပြီဟု ပြောလို့ရပြီ။

လင်းထွဋ်တ ဝတ်လာတဲ့ ဂျာကင်ဇစ်ကို အဆုံးထိဆွဲတင်လိုက်ကာ လမ်းဆက်လျှောက်လာသည်။ လမ်းတစ်ခုရဲ့ထိပ်ရောက်တော့ လူတွေအုံခဲနေသည့် မုန့်တင်းခါးဆိုင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ အငွေ့တထောင်းထောင်းထနေသော ဟင်းရည်အိုးနဲ့ မုန့်ဟင်းခါးဆိုင်လေးသည် ဆောင်းမနက်ခင်းနှင့် အလွန်ပန်ရလှ၏။

သူလှမ်းသွားလိုက်ကာ အခြေအနေကို တစ်ချက်လေ့လာလိုက်သည်။ ချထားတဲ့ စားပွဲငါးလုံးမှာ လူတွေပြည့်ကျပ်နေတဲ့ အပြင် စားပွဲကြီးရှေ့က ခုံတန်းလျားတွေမှာလည်း အပြည့်။ ပြီးတော့ မတ်တပ်ရပ်နေသူတွေကလည်း အများကြီး . . ။ လင်းထွဋ် သက်ပြင်းချကာ လူအုပ်ထဲ မျက်လုံးဝေ့ကြည့်လိုက်စဉ် ဦးတင်မောင်ကို သွားတွေ့လေသည်။

ဦးတင်မောင်က ပန်းကန်ထဲက ကြက်သွန်ဥကို ချာလည်လည်အောင် ဇွန်းနဲ့လှည့်ရင်း မစားခင်ကစားနေသည်။ ပါးစပ်ကလည်း နှုတ်ခမ်းတချွန်ချွန်နဲ့ တဖူးဖူးမှုတ်ကာနေ၏။

"ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . မောင်လင်းထွဋ်ပါလား"

"ဟုတ်ကဲ့ . . . ကျွန်တော်လည်း ဒီမနက်စောစောထပြေးရင်း အပြန်ပိုက်ဆာတာနဲ့ မုန့်ဟင်းခါးဝင်စားမလို့"

"အဲဒါဆို ထိုင်လေရော့"

ဦးတင်မောင်က သူထိုင်နေတဲ့ ခုံကိုထပြီး လင်းထွဋ်ဆီ ထိုးပေးတော့

"ဟာ ရတယ်၊ ရတယ် ဦးလေးပြီးအောင်စားပါ"

"ရတယ် . . စား . . . အစ်ကိုကြီးက ပြီးပြီ"

ဦးတင်မောင်က လင်းထွဋ် ဦးလေးလို့ခေါ်တာကို ကြိုက်ပုံမရ၊ သူ့ကို အစ်ကိုကြီးလို့ပြောင်းခေါ်ပေးစေချင်ပုံရသည်၊ ဒါကို လင်းထွဋ်က ချက်ချင်းသဘောပေါက်လိုက်ကာ ဦးတင်မောင်ပေးတဲ့ ခုံမှာဝင်ထိုင်ရင်း . .

"ကျေးဇူးပဲ အစ်ကိုကြီး"

ဦးတင်မောင် အခုမှ ပြုံးဖြီးဖြီးကြီးဖြစ်သွားကာ . . .

"ဟီး . . ဟီး . . ရ . . ရပါတယ်ကွာ"

ထို့နောက် လင်းထွဋ် မုန့်ဟင်းခါးမှာ စားသည်။ ဦးတင်မောင်က စားလို့ပြီးသွားတော့ပြန်ဖို့လုပ်၏။ လင်းထွဋ်က လက်ဖက်ရည်ဆိုင်ထိုင်ရအောင် ဆိုပြီး တားထားလိုက်၏။ ဦးတင်မောင်ကလည်း သဘောတူလိုက်ကာ လင်းထွဋ် စားလို့ပြီးအောင် စောင့်နေလိုက်လေသည်။

ထို့နောက် သူတို့လက်ဖက်ရည်ဆိုင်ထွက်လာကြသည်။

ဆိုင်ရောက်တော့ လက်ဖက်ရည်တစ်ယောက်တစ်ခွက်မှာကာ ထိုင်ကြလေသည်။

"ဦးလေး ဒီနေ့အ[illegible] မရှိဘူးလား"

"ဒီနေ့ ကုမ္ပဏီပိတ်တယ်လေ"

"ဟင် . . . ကြားရက်ကြီးကို"

"ဟုတ်တယ် . . . မနေ့က MD ရဲ့မွေးနေ့လေ အဲဒါကြောင့် ဝန်ထမ်းတွေကို ဘောက်ဆူးပေးပြီး ဒီနေ့တစ်ရက် (Off) လုပ်ပေးတာ"

လင်းထွဋ်က ဦးတင်မောင်စကားကို နားထောင်ရင်း လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ငုံသောက်လိုက်၏။ ပြီးတော့ ဆေးလိပ်တစ်ပွဲလှမ်းမှာလိုက်ကာ . . .

"ကျွန်တော်တောင် နေ့လယ်ကျ မိးမိးတို့ အိမ်သွားမလို့လိုက်ဦးမလား"

ဦးတင်မောင် မျက်လုံးသည် ချက်ချင်းဖျတ်ခနဲကျယ်ကာသွားသည်။ ပြီးတော့ ဘယ်လိုဖြစ်သွားတယ်မသိ ချက်ချင်းညှိုးကျသွားကာ . .

"မလိုက်တော့ပါဘူးသွားပါကွာ . . . ငါ့ကကိစ္စမှမရှိတာ"

လင်းထွဋ်က ချက်ချင်းပြန်၍ . .

"ဟာ . . . ဘာလို့မရှိရမှာလဲ ရှိတာပေါ့"

ဦးတင်မောင် ဇဝေဇဝါဖြစ်သွားကာ . . .

"ဘာ . . . ဘာများရှိလို့လဲ"

"ဒေါ်တင်မမထွန်းနဲ့ တွေ့ဖို့လေ"

"ဟာ"

ဦးတင်မောင်ပြုံးကျဲကျဲဖြစ်သွားသည်။ လင်းထွဋ်ကဆက်ပြီး . .

"ဟုတ်တယ်လေ . . . အဲဒီကိစ္စထက် အရေးကြီးတာ ဘာရှိလို့လဲ"

ဦးတင်မောင်က တဟီးဟီးနဲ့ ရယ်နေ၏။ လူကြီးရှက်တော့ရယ်ဆိုတာ ဒီအချိန်မျိုးပဲဖြစ်မည်။

"အစ်ကိုကြီးရင်ထဲမှာ ဘာတွေရှိနေလဲဆိုတာ ကျွန်တော်သိပါတယ်ဗျာ"

ဦးတင်မောင် လက်ဝါးနှစ်ဖက်ကို ချေးထွက်မတတ် ပွတ်ကာပြုံးစစကြီးနဲ့ ခေါင်းငိုက်စိုက်ကျသွား၏။ လင်းထွဋ်ကလည်း ဆက်ပြောသည်။

"ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းတိုင်ပင်လို့ရပါတယ် အစ်ကိုကြီးရယ်တဲ . . . ဟဲ အစ်ကိုကြီးနဲ့ ကျွန်တော်က တွေးကြည့်ရင် နောက်ဆိုဆွေမျိုးတွေတောင်တော်ကြရဦးမှာ . . ကူညီနိုင်တာရှိ ကူညီပေးလို့ရပါတယ်ဗျာ"

ဦးတင်မောင် တဟီးဟီးနဲ့ အခုထိအရယ်မရပ်သေး . . ။ အမှန်တော့ ရင်ခုန်ပြီး ပျော်နေတာလည်းပါသည်။ ပြီးတော့ ဘာပြန်ပြောရမှန်းမသိတာလည်းပါ၏။ ဒါကို လင်းထွဋ်ကလည်း သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ဒေါ်တင်မမထွန်းကို ရရင်ယူမှာ မဟုတ်လား"

ဦးတင်မောင် တစ်ကိုယ်လုံး တုန်တက်သွား၏။ မျက်လုံးကလည်း ချက်ချင်းပြူးသွားကာ . . .

"ဟာ . . . ယူမှာပေါ့"

"အဲဒါဆိုကြိုးစားလေ"

"ဘယ်လိုလုပ်ရမလဲ . . . လုပ်ရဲဘူး"

"အပါတယ်ဗျာ . . . ယောကျ်ားလေးတစ်ယောက်က မိန်းကလေး တစ်ယောက်ကို ချဉ်းကပ်တဲ့ပညာက သင်ပေးစရာမလိုဘူးဗျ အမေမွေး ကတည်းကပါလာပြီးသား . . ။ အမိကက သတ္တိပဲ . . . အဲဒီသတ္တိလေး တစ်ချက်ရှိလိုက်ရင် အဲဒီပညာတွေအလိုလိုပေါ်လာပြီးသားပဲ"

ဦးတင်မောင် ဒီတစ်ခါတော့ တော်တော်စဉ်းစားသွားသည်။ ဟိုနေ့က ကိုညွန့်အေးတို့ပြောတဲ့ စကားတွေလည်း နားထဲကြားယောင်လာ၏။ တော်တော်ကြာသည်အထိ ငိုင်နေပြီးမှ လင်းထွဋ်ဘက်လှည့်ကြည့်လိုက်ကာ . . .

"မင်း . . . သူတို့အိမ် ဘယ်အချိန်သွားမှာလဲ"

"ထမင်းစားပြီးသွားမှာ"

"အဲဒါဆို ငါ့ဒီဆိုင်က စောင့်မယ် ဝင်ခေါ်နော်"

"အဲဒီလိုလုပ်ပါဗျ . . . ဟဲ . . . ဟဲ . . . တွေ့ရင် စကားပြောရဲ အောင် သတ္တိလည်းမွေးထားဦး"

"အေးပါကွာ"

ဦးတင်မောင် ပြုံးကာ ခေါင်းညိတ်ပြလိုက်တော့

"ကဲ ဒါဆို ကျွန်တော်ပြန်ဦးမယ်"

ပြောပြီး လင်းထွဋ်က စားပွဲမှ ထလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



တမင် ရှောင်ပေးလိုက်ကြမှန်း သူသဘောပေါက်သည်။ သူသဘောပေါက်သလို တစ်ဖက်ကလည်း ရိပ်မိမယ်ဆိုတာ နားလည်မိ၏။ လင်းထွင့်တို့ လုပ်ပုံက ပေါ်တင်ကြီးဖြစ်သည်။ ထိုင်နေရင်းက တစ်ယောက်လက်တစ်ယောက်တုပ်ပြီး ဒန်စီးချင်တယ် အကြောင်းပြကာ ခြံထဲဆင်းသွားကြလေသည်။

အခုတော့ ဧည့်ခန်းထဲမှာ သူရယ်ဒေါ်တင်မမထွန်းရယ် နှစ်ယောက်ထဲ. . .။

ဦးတင့်မောင် အိတ်ကပ်ထဲအမြဲဆောင်နေကျ လက်ကိုင်ပဝါလေးကိုထုတ်ကာ နဖူးမှချွေးကိုသုတ်လိုက်၏။ ယခင်လေးယောက် အတူတူဧည့်ခန်းထဲ ထိုင်နေတုန်းကတော့ ဘာရင်ခုန်မှုမှမရှိဘဲ အခုလိုနှစ်ယောက်ထဲကျန်ခဲ့တော့မှ ရင်တွေတအားခုန်လာပြီး ချွေးတောင်ဆို့လာရသည်။

ဒေါ်တင်မမထွန်းကတော့ ဣန္ဒြေကိုထိန်းနိုင်သည်ဟု ပြောလို့ရ၏။ ပြီးတော့ သူမကအိမ်ရှင်ဖြစ်နေ၍ ရှက်နေလို့မရ။ နောက်ပြီးထသွားလို့လည်း မဖြစ်. . ။ ပြီးတော့ ဒီလိုငြိမ်သက်နေတဲ့ အခြေအနေကိုလည်း ကြာကြာလက်ခံမထားနိုင်ပေ။ ဒါကြောင့် ဘယ်လိုစကားစရမလဲ စဉ်းစားနေမိ၏။

"ပစ္စည်းတွေ အဆင်ပြေလား"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



တွေးနေစဉ်မှာပင် ဦးတင်မောင်ဘက်က စကားစလာ၍ ရုတ်တရက် ကြောင်သွားခြင်းပင်. . .။ ပြီးမှ. . .

"ဩော်. . . ပြေပါတယ်၊ အားလုံးမှာထားတဲ့အတိုင်းပဲ"

"တော်သေးတာပေါ့ ကျွန်တော်ကမှာထားတဲ့ ပစ္စည်းအမယ်များတော့ လိုတာပိုတာတွေဖြစ်မှာစိုးလို့. . ."

"ဟင်း. . . မဖြစ်ပါဘူး"

ဒေါ်တင်မမထွန်းကအပြုံးနဲ့ အရယ်စကားဆိုနေတုန်း ရုတ်တရက် သူမခြေထောက်ကို ငုံ့ကြည့်လိုက်သည်၊ ရွှေဝါကသူမကို ပွတ်နေတာတွေ့တော့ ကောက်ချီလိုက်ကာ ပေါင်ပေါ်တင်လိုက်လေသည်။

ရွှေဝါကိုမြင်လိုက်တော့ ဦးတင်မောင်ရုတ်တရက် မျက်နှာပျက်သွား၏။ ပြီးတော့ ဒေါ်တင်မမထွန်းကို မျက်နှာချင်းမဆိုင်ရဲတော့ဘဲ ခေါင်းငုံ့ပစ် လိုက်လေသည်၊

ရွှေဝါကဦးတင်မောင်ကို အထူးအဆန်းသဖွယ်ကြည့်နေတာကို ဒေါ်တင်မမထွန်းက ပြုံး၍. . .

"သမီးကမှတ်မိနေလို့လား ဟင်"

ဦးတင်မောင်ကြက်သီးဖျင်းခနဲ ထသွားလေသည်၊ ထို့နောက် ခေါင်း အသာမော့ကာ မျက်လုံးလှန်ရင်းချောင်းကြည့်လိုက်လေသည်၊

"ဦးတင်မောင် ကြောင်ချစ်တတ်လားဟင်"

"အဲ"

ဖာတ်လမ်းတော့ စပြီလို့တွက်လိုက်၏၊ ချစ်တတ်တယ်လို့ပြောရင် လည်း သူ့ကြောင်းကို ပယ်ပယ်နယ်နယ်လုပ်ထားတော့ ယုံမှာမဟုတ်၊ မချစ် တတ်ဘူးပြောရင်လည်း ကြောင်ချစ်တဲ့သူမနဲ့ဆန့်ကျင်ဘက်ဖြစ်နေမည်၊ မိန်း ကလေးတွေက သူတို့နဲ့အကြိုက်ချင်းတူသူကိုသာ လက်ခံချင်ကြတယ်ဆိုတာ လောက်တော့ ဦးတင်မောင်သိ၏။ ဒါကြောင့် ဒီအချိန်မှာ သူ့အဖြေထားက အရေးကြီးသည်၊ ထို့ကြောင့်. . .

"အင်း. . . တိရစ္ဆာန်တွေကိုတော့ ကျွန်တော်ချစ်တတ်ပါတယ်" ဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဗယုတ်မလွန်လေးဖြေလိုက်၏။

သူ့စကားဆုံးတော့ ဒေါ်တင်မမထွန်းက ပြုံးလိုက်တာ. . .

"ကျွန်မကတော့ တီရှုတ်တိုင်းမချစ်ဘူး. . . ကြောင်ပဲချစ်တာ" ပြောပြီး ဦးတင်မောင်ကို မျက်လုံးလက်လက်တွေနဲ့ စိုက်ကြည့်လေသည်။ ထို အကြည့်ထဲမှာ ရှင်ရောဘယ်လိုလဲဆိုတဲ့ အဓိပ္ပာယ်ပါကြောင်း တွေ့ရ၏။ ဦးတင်မောင်က လေသံကို အတည်ငြိမ်ဆုံးထားကာ. . .

"ကျွန်တော်က တီရှုတ်ချစ်တယ်ဆိုတော့ ကြောင်လည်းတီရှုတ် ထဲမှာ ပါတာပဲလေ. . . ဟင်း. . . ဟင်း. . . ကြောင်ကိုလည်းချစ်ပါတယ်"

"ဒါဆို ရွှေဝါကိုဟိုတစ်ခါ ဘာလို့ဒေါ်သတကြီး ရိုက်ရတာလဲဟင်"

ရုတ်တရက်ထမေးလိုက်သော ဒေါ်တင်မမထွန်းရဲ့ စကားကြောင့် ဦးတင်မောင်ပျာသွားကာ. . .

"ဟာ. . . အဲဒီတုန်းက ဟို . . သူ . . သူ့ကိုတင်မကြောင်မှန်း မသိလို့ပါ. . . ပြီးတော့ သူက ဆွဲ. . . ဆွဲလို့"

"ဘာ. . . ဘာကိုဆွဲလို့လဲ"

"ဝက်. . . ဝက်ခေါင်းသုပ်ကို"

ဒေါ်တင်မမထွန်း ဇဝေဇဝါအမူအရာဖြစ်နေ၍ ဦးတင်မောင်က အစအဆုံးရှင်းပြလိုက်လေသည်။ အဲဒီတော့မှ ဒေါ်တင်မမထွန်းလည်း သဘော ပေါက်ကာ ရင်ထဲရှင်းသွားတော့သည်။ ပြီးတော့ ပါးစပ်ကိုလက်ကလေးအုပ် ပြီး ရယ်နေလိုက်တာ တော်တော်နဲ့မရပ်. . . ။

ဦးတင်မောင်ပါ သူမနဲ့ရောယောင်လိုက်ရယ်ရသည်။ ပြီးတော့ ဆိုဖာ ခုံပေါ်မှခုန်ဆင်းလာသော ရွှေဝါကိုကောက်ချီလိုက်သည်။ ထို့နောက် ရင်ခွင် ထဲပိုက်ကာ အသာပွတ်သပ်ပေးလိုက်၏။ ရွှေဝါကဦးတင်မောင်ရင်ခွင်ထဲမှာ အူကြောင်ကြောင်နှင့်ပြူးကြောင်ကြောင်လေး ဖြစ်ကာနေသည်။ ဦးတင်မောင် ကိုလည်း အခုမှတွေ့ဖူး၍ အံ့သြနေပုံလည်းရသည်။ သို့သော်ကြောင်ရိုင်းတစ် ကောင် မဟုတ်၍ အသာငြိမ်နေခြင်းပင်. . . ။

"လှလိုက်တာသမီးလေးက. , မို့. . မို့. . မို့. . မို့"



www.burmeseclassic.com

www.burmeseclassic.com



ဦးစောင်မောင်ပါးစပ်ထဲရှိတာတွေလျှောက်ပြော၏။ အမှန်တော့ ကြောင်ဆိုတဲ့ သတ္တဝါကို အရင်ကတည်းက ချစ်ရကောင်းမှန်းမသိ။ ပြီးတော့ ဘယ်တိရစ္ဆာန်မှဒီလိုအရေးတယူ မလုပ်ဖူးခဲ့. . ။ အခုတော့ သူ့သခင် ကျေနပ်အောင် တတ်သလောက်မှတ်သလောက် လုပ်ပြနေရခြင်းပင်. . . ။

"အမလေး သူကအရမ်းချေးများတာ ဟင်းဆိုကြက်သားကြော်မှစားတာ အိပ်ရင်လည်း ကျွန်မကိုယ်တိုင်ချော့သိပ်မှအိပ်တာ"

"ဟုတ်လားသမီးက. . . အွန်. . . သိပ်ဆိုး"

သူ့မှာကလေးမဟုတ် သူငယ်မဟုတ်ကြောင်ကို မြှူပြနေရသည်။

"နောက်ပြီးတစိမ်းလူ အဲဒီလိုကိုင်ရင်မကြိုက်ဘူး. . . အခုမှကျွန်မလည်းအံ့သြတယ်။ ဦးတင်မောင်ကိုတော့ ကျေနပ်သား"

"ကျွန်တော်ကို သူ့စိတ်ထဲမှာ တစိမ်းလို့မယူဆလို့နေမှာပေါ့"

ပါးစပ်ကလွှတ်ခနဲ အလိုလိုထွက်သွားသော သူ့စကားကြောင့် သူ့ကိုယ်တိုင် အံ့သြသွားမိသည်။ ပြီးတော့ ဒေါ်တင်မေထွန်းကို အားနာသွားမိ၏။ သို့သော် ဒေါ်တင်မမထွန်းဘက်က စိတ်ဆိုးပုံမရ၍ ပျော်သွားမိလေသည်။

ဒေါ်တင်မမထွန်းက ခေါင်းငုံ့သွားရာမှ ဒီလူကြီးမလွယ်ဘူး ဟုတွေးမိလိုက်၏။ ဘာပဲဖြစ်ဖြစ် ဒီစကားတစ်ခွန်းက သူ့ရင်ကိုလှုပ်ခတ်သွားစေသည်။

ဦးတင်မောင်နည်းနည်း ရဲစိတ်ဝင်လာသည်။ ထို့ကြောင့် . . . ။

"ဟို. . . တင်. . . တင်မမကရော ဒီကြောင်လိုပဲလားဟင်"

"ရှင်"

"ဟို. . ဟိုဟာလေ. . . ဒီ. . . ဒီကြောင်လိုပဲ ကျွန်တော့်အပေါ် တစိမ်းတစ်ယောက်လို သဘောမထားပါနဲ့လားလို့ အဲဒါ"

ဒေါ်တင်မမထွန်းက သူ့လက်ညှိုးထိပ် သူပြန်ဆိတ်ကာနေ၏။ ပြီးတော့ မျက်ဝန်းမှာရှက်ရိပ်တွေပြုံးဆင်းနေသည်။

ဦးတင်မောင်က ကြောင်ကိုပွတ်ရင်း ဆက်ပြောသည်။ အခုစကားတွေပြောရတာ သူပျော်လာသည်။ ပြီးတော့ စိတ်ကတားမရတော့. . . ။

"ဟို ကျွန်တော့်. . . ကျွန်တော့်ကို တစိမ်းတစ်ယောက်လို သဘော



www.burmeseclassic.com

www.burmeseclassic.com



မထားပါနဲ့လားဗျာ"

"ဦးတင်မောင်ကို ကျွန်မကဘယ်လို သဘောထားနေလို့လဲ"

ဒေါ်တင်မမထွန်း အသံကလည်းအဖျားခတ်တုန်ရီနေ၏။

"ဟုတ်ပါတယ်. . . ကျွန်တော်ပြောတာက ဟို. . . ဟို . . အိမ် အိမ်သား. . . တစ်ယောက်"

"ဩော် ကိုတင်မောင်ရောက်နေတာကိုး ကြာပြီလား"

ဒေါ်ရတနာမြင့်ဝင်လာခြင်းဖြစ်သည်။ ဦးတင်မောင် ပြောရင်းတန်း လန်းနှင့်စကားတစ်ပိုင်းတစ်စရပ်သွားရကာ အိုးတိုး အန်းတန်းကြီး ဖြစ်သွား၏။ ဒေါ်ရတနာမြင့်က ဒေါ်တင်မမထွန်းဘေးမှာ ဝင်ထိုင်ပြီး. . .

"အလည်လာတာလား. . . ညနေထမင်းစားပြီးမှ ပြန်လေ"

"ရပါတယ်အစ်မ. . . မစားတော့ပါဘူး ကျွန်တော်သတိရလို့လာ လည်တာ"

"ဩော် ရောက်တုန်းရောက်ခိုက် စားပြီးမှပြန်ပါ"

ဦးတင်မောင်ကအားနာတဲ့ မျက်နှာနဲ့ရယ်နေတုန်း ဒေါ်တင်မမထွန်း က ဝင်ပြောသည်။

"စားပြီးမှပြန်နော်"

ဦးတင်မောင်မငြင်းတော့. . .။ အရင်ကတည်းကလည်း ငြင်းချင် စိတ်မရှိ. . .။ ဒါပေမယ့်ဧည့်သည်တွေရဲ့ ထုံးစံအတိုင်း ဟန်လုပ်ခြင်းပင်ဖြစ် သည်။ ခဏနေတော့ ဒေါ်ရတနာမြင့်က ထသွားသည်။ ဦးတင်မောင်တို့နှစ် ယောက်သာ ကျန်ခဲ့ပြန်သည်။ ဦးတင်မောင်က ခုနပြတ်သွားတဲ့စကားကို ဘယ် လိုပြန်စရင် ကောင်းမလဲစဉ်းစားနေ၏။ ဒေါ်တင်မမထွန်းက ဒါကိုရိပ်မိပုံ ရ၍ စကားအဆက်မခံဘဲ စကားလွှဲပြီးကျန်တာတွေ လျှောက်ပြောတော့သည်။

"ဦးတင်မောင် ဇာတိကရန်ကုန်ကပဲလား"

"မဟုတ်ဘူးဗျ. . .။ မန္တလေးက မိဘတွေတော့ မရှိတော့ပါဘူး။ ညီအစ်ကိုနှစ်ယောက်ရှိတယ် ကျွန်တော်ကအငယ် ကျွန်တော့်အစ်ကိုကတော့ မန္တလေ မှာပဲအိမ်ထောင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ဒီမှာတစ်ယောက်တည်းနေတာပေါ့"

"အေးပေါ့ဗျ. . လူပျိုဆိုတော့လည်း ဘယ်သူနဲ့နေရမှာလဲ တစ်ယောက်တည်းပေါ့"

စကားလမ်းကြောင်းပြောင်းကာ ပြန်လည်သိမ်းသွင်းယူဖို့ ကြိုးစားသည်။ သို့သော် သူစကားမဆက်ခင်မှာပဲ ဒေါ်တင်မမထွန်းက ဝင်ပြောလိုက်၏။

"ရန်ကုန်မှာ ဆွေမျိုးမရှိဘူးလား"

"မရှိဘူးဗျ. . . ကျွန်တော်တို့က ဆွေမျိုးလည်းနည်းတယ်. . . ပြီးတော့ ရန်ကုန်မှာအခြေချတာဆိုလို့ ကျွန်တော်တစ်ယောက်တည်း ဒါနဲ့ ဒေါ်ရတနာမြင့်တို့က ညီအစ်မနှစ်ယောက်ထဲရှိတာလား"

"မောင်နှမပါ မီးမီးရတနာတို့အမေက ကျွန်မယောင်းမလေ အစ်ကိုတသဘော်လိုက်သွားတယ်၊ ပြန်လာတော့မှာဖါ"

"ဩော် ကျွန်တော်က ဒေါ်ရတနာမြင့်နဲ့ညီအစ်မအောက်မေ့လို့"

ဒေါ်တင်မမထွန်းက ပြုံးနေလိုက်သည်။ အဲဒီအချိန်လေးကိုပင် ဦးတင့်မောင်ကအသုံးချလိုက်သည်၊ အခုတော့ ဦးတင်မောင်ဆီမှ ဘယ်ကသတ္တိတွေရောက်လာမှန်းမသိ၊ ရိသဲ့သဲ့စကားတွေ အရမ်းပြောချင်စိတ်ပြင်းပြတာနေ၏။

"ဒေါ်တင်မမထွန်းက ဒီလိုပဲတစ်သက်လုံးနေသွားတော့မှာလားဟင်"

ဒေါ်တင်မမထွန်းက ဦးတင်မောင် ဇာတ်လမ်းစတော့မယ်ဆိုတာ နားလည်လိုက်လေသည်၊ သူမဘက်ကစကားမမှားအောင် ပြန်ဖြေရမည်ဟု တွေးထိုက်ကာ. . .

"အခုလိုနေတာ အဆင်ပြေနေသားပဲ တူမနဲ့ယောင်းမနဲ့က ကျွန်မကိုချစ်ကြပါတယ်"

"ဩော်. . . ဟိုလေ. . . ကျွန်တော်ပြောတာက ဟို. . . အိမ်. . . အိမ်ထောင်မပြုတော့ဘူးလားလို့"

ဒေါ်တင်မမထွန်းရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအရွယ်အထိနေလာပြီးမှ ဒါတွေ မစဉ်းစားချင်တော့ပါဘူးရှင်"

"ဪ ဒီလိုလည်းဘယ်ဟုတ်ပါ့မလဲ လူရယ်လို့ဖြစ်လာရင် ကိုယ့်မိသားစု ကိုယ့်အသိုင်းအဝိုင်းနဲ့နေရတယ်တဲ့. . . အဲဒါမှ အသက်ကြီးတဲ့အချိန်ကျ ဆေးပေးမီးယူဆိုတာ ရှိလာမှာပေါ့"

"ကျွန်မကိုသာမေးနေတယ်. . . ဦးတင်မောင်ကရောဘာလို့ အခုချိန်ထိ အိမ်ထောင်မပြုသေးတာလဲ"

ဦးတင်မောင်တစ်ချက် စဉ်းစားသွားသည်။ ခဏကြာတော့မှ . . .

"ကိုယ်နဲ့သင့်တော်မယ့်သူမတွေ့သေးလို့ပေါ့ဗျာ. . . အဲ. . . ဒါပေမယ့် အခုတော့"

ပြောရင်းစကားဖြတ်ကာ ဒေါ်တင်မမထွန်းကိုလှမ်းကြည့်သည်။ ဒေါ်တင်မမထွန်းက ခေါင်းငုံ့ရင်းပြုံးသွား၏။

"တင်မမထွန်း အိမ်ထောင်ပြုမယ်လို့စဉ်းစားမယ့် အချိန်ကျရင်ကျွန်တော့်ကိုအရင်ဆုံးစဉ်းစားပါလား ဗျာ"

"ရှင်"

ထင်မှတ်မထားတဲ့ အချိန်မှာ-ထင်မှတ်မထားတဲ့ စကားကိုကြားလိုက်ရ၍ ဒေါ်တင်မမထွန်း ရုတ်တရက်အံ့ဩကာသွားတော့သည်။ ပြီးတော့ သူမရည်းစားစကား ပြောခံလိုက်ရပြီဆိုတာလည်း နားလည်လိုက်ပြီ။

ဦးတင်မောင်က အလစ်အငိုက်တွယ်ထည့်လိုက်တဲ့ သူ့စကားအတွက်တော်တော်ကျေနပ်သွားလေသည်။ ရင်ထဲမှာလည်း တော်တော်ပေါ့သွားသည်။ ပြီးတော့ ဒီစကားအတွက် ဒေါ်တင်မမထွန်းဘက်က စိတ်ဆိုးဟန်မပြ၍ ဝမ်းလည်းသာသွားသည်။

"ဟို. . . ကျွန်တော်. . . ကျွန်တော့်ကို အခွင့်အရေးယူတယ်လို့ မထင်လိုက်ပါနဲ့ဗျာ. . ဟိုလေ. . ကျွန်တော့်ဘဝမှာ ဘယ်မိန်းမကိုမှ ဒီလိုစကားမျိုးမပြောခဲ့ဖူးပါဘူး. . .။ ဒီတစ်ခါပထမဆုံးအကြိမ် ဆိုတာယုံပါ. . . ပြီးတော့ ကျွန်တော့်ရင်ထဲမှာ တင်မမထွန်းကို တကယ် ဟိုဟာဖြစ်တာ"

ဘယ်ဟာဖြစ်တာလဲလို့ ဒေါ်တင်မမထွန်းကမမေးပါ။ သူမလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီအသက်အရွယ်ထိ ဘယ်ယောကျ်ားကိုမှ ဒီလောက်ရင်မခုန်ခဲ့ဖူးပေ. . .။ လက်ထပ်ခွင့်တောင်းတဲ့သူရော. . . ရည်းစားစကားပြောတဲ့ သူပါတော်တော်များများရှိခဲ့ဖူးပါသည်။ သို့သော် ဒီလိုရှက်မသွားခဲ့ဖူး. . ။ အခုတော့ ဒီလူကြီးကို ဘာပြန်ပြောလို့ပြောရမှန်းတောင် မသိအောင်ရှက်သွားရလေသည်။

"ကျွန်တော့်ကို တစ်ခုခုလောက်တော့ ပြန်ပြောပါလားဟင်"

ဒေါ်တင်မမထွန်းခေါင်းငုံ့နေရာမှ တစ်ချက်တုန်သွားကာ ခေါင်းမော့လာသည်။ မျက်နှာတစ်ခုလုံးလည်း ရှက်လွန်းလို့ ပန်းနုရောင်သွေးပြေးနေ၏။

"ကျွန်မ. . . ကျွန်မစဉ်းစားပါမယ်"

ပြောပြီး ရှက်ပြုံးပြုံးသွားကာ ထိုင်နေရာမှ ထပြေးသွားလေတော့သည်။ ဦးတင်မောင်တစ်ယောက်သာ ပါးစပ်လေးဟပြီး ငုတ်တုတ်ကြီးကျန်ခဲ့တော့၏။ နောက်တော့ သူလည်း ထပြန်လာခဲ့ပါတော့သည်။ ဒေါ်ရတနာမြင့်တတော့ ထမင်းစားခန်းအကွယ်က အဖြစ်အပျက်အား မြင်နေရပြီး ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေပါတော့သည်။

ဒေါ်တင်မမထွန်းကိုလည်း ဦးတင်မောင်နဲ့ဆို သူကိုယ်တိုင်သဘောတူနေ၍ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အ သောက်အစားလည်းကင်းတယ်. . . လူကလည်းတည်ကြည်တယ်။ ပြီးတော့မိန်းမတွေ ဘာတွေ ရှုပ်မဲ့ရှုပ်လည်းမဟုတ်ဘူး။ စိတ်ကူးမလွဲပါနဲ့ ညီမရယ် မမကတော့ လက်ခံသင့်တယ်ထင်တာပဲ"

ဒေါ်ရတနာမြင့်တို့ သမီးယောက်မနှစ်ယောက် နှစ်ဦးထဲကြိတ် ဆွေးနွေးနေကြခြင်းဖြစ်သည်။

"မမကလည်း တော်ကြာ သူကနယ်မှာ မိန်းမတွေဘာတွေ ကျန်ခဲ့ရင် ဘယ်လိုလုပ်မလဲ"

"အမလေးတော်. . . လူကိုကြည့်ရုံနဲ့သိသာပါတယ်. . . မမတို့က အပွေးမြင်အပင်သိတယ်။ အဲဒါတော့ မဖြစ်နိုင်ဘူး"

"အမလေး အောင်သွယ်ခ ဘယ်လောက်ရထားလဲမသိဘူး. . . ဒီကဖြင့်စဉ်းစားရုံရှိသေးတယ်။ အတင်းသဘောတူနေပါလား"

ဒေါ်ရတနာမြင့် ရယ်လိုက်ကာ. . .

"မမက ကောင်းစေချင်လို့ပြောတာပါ ပြီးတော့ ညီမကိုလည်းသင့်တော်တဲ့ လူနဲ့အိမ်ထောင်ပြုစေချင်နေပြီ. . ။ မမတို့နဲ့က တစ်သက်လုံးနေသွားလို့ရတယ်ဆိုပေမယ့်. . . မမတို့မရှိတော့ရင် ငါ့ညီမတစ်ယောက်တည်းတိုင်ပင်ဖော်တိုင်ပင်ဘက်ကလေးရှိမှ အဲဒီအချိန်ကျမှ ကိုယ်ကလည်းအိုမင်းမစွမ်း ဖြစ်နေတဲ့အချိန် ဆေးပေးမီးယူတော့ လိုတယ်လေ"

www.burmeseclassic.com



"အဲဒီအခါကျတော့လည်း မီးမီးရတနာရှိသားပဲ"

"ကိုယ့်တူမကိုယ်ယုံနေ. . . ၊ ဟိုကဖြင့် သူ့ကိုညာစားနေတာ အခုထဲ ကြည့် သူကအဒေါ်ကိုကျော်တက်ဖို့ စဉ်းစားနေပြီ ဒါနဲ့ ဟိုကောင်လေးနဲ့က အခြေအနေဘယ်လိုရှိနေပြီလဲ"

"ကြည့်ရတာတော့ အခုချိန်ထိ မီးမီးဘက်က အဖြေမပေးရသေးဘူး ထင်တာပဲ. . . မမကရောငကောင်လေးကို ဘယ်လိုသုံးသပ်လဲ"

"အင်း. . . ဆိုးတော့မဆိုးပါဘူး။ အခုခေတ် လူငယ်တော်တော် များ ထက်စာရင်တော့ ယဉ်ကျေးသိမ်မွေ့တယ် ပြောရမှာပဲ. . . သူ့မိဘတွေ အခြေအနေကလည်းနယ်မှာ အဆင့်အတန်းရှိပုံရပါတယ်။ ဒါပေမယ့် မီးမီးတို့ တော့ သေချာလေ့လာပြီးမှလက်ခံလို့တော့ ပြောထားတယ်"

ဒေါ်တင်မမထွန်းကပြုံးသွားကာ ဦးတင်မောင်ထံသို့ အတွေးရောက် သွားသည်။ ဒေါ်ရတနာမြင့်ပြောသလို ဦးတင်မောင်ကလက်ခံနိုင်သည့် ယောကျ်ားထဲမှာ ထိပ်ဆုံးကပါကြောင်းလက်ခံမိ၏။ သို့သော်ဒီအရွယ်အထိ နေလာပြီးမှ ဒါတွေစဉ်းစားရတာ ရှက်မိသည်။ ကြီးမှဝက်သက်ပေါက်တယ်လို့ ဝိုင်းပြောတာခံရမှာ စိုးရိမ်သည်။

"မိန်းမဆိုတာ အရွယ်မလွန်ခင် အိမ်ထောင်ပြုသင့်ရင်ပြုရတယ်။ အခု ငါ့ညီမရောက်နေတဲ့အသက်က မလွန်သေးဘူး. . .။ ပြောမယ်ဆိုရင် ဘဝတစ်ခုစဖို့ အသင့်တော်ဆုံးလို့တောင် ပြောလို့ရတယ်. . . အဲဒါ မမက တိုက်တွန်းနေတာ ဘာပဲဖြစ်ဖြစ် ဒီနှစ်ထဲညီမလက်ခံမယ်ဆို စီစဉ်လိုက်ချင် တယ်. . . နှစ်ဦးစလုံးကလည်း ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ တင့်တယ်ပြီလေ"

"နေပါဦး မမရယ်မလောပါနဲ့. . . ညီမသေချာစဉ်းစားပါဦးမယ်. . ပြီးတော့ သူ့ကိုနည်းနည်းထပ်ပြီး လေ့လာချင်သေးတယ်"

ဒေါ်ရတနာမြင့်က ဘာမှထပ်မပြောတော့ပေ. . .။ သူ့သဘောတို့ သိအောင် ပြောပြီးပြီမို့ စဉ်းစားရမယ့်အပိုင်းက ဒေါ်တင်မမထွန်းအပိုင်းသာ ဖြစ်သည်။ ပြီးတော့ ဒေါ်တင်မမထွန်း အသက်ကလည်းငယ်တော့တာ မဟုတ် ၍ အရာရာစဉ်းစားဆုံးဖြတ် နိုင်ပြီဖြစ်၍စိတ်ချ၏။ သူ့ဘက်ကတော့ ဒေါ်တင်



www.burmeseclassic.com

www.burmeseclassic.com



*မမထွန်းဘက်က မီးစိမ်းပြရင်လုပ်လိုက်ချင်ပြီ. . .*။

"ကဲ ဒါဖြင့် မမဈေးသွားဦးမယ်. . . ပြောချင်တာကတော့ ဒီလောက်ပါပဲ. . . စဉ်းစားပေါ့ညီမရယ်"

ဒေါ်ရတနာမြင့်ထွက်သွားတော့ သူမခုတင်ပေါ်လှဲရင်း ကျန်ခဲ့လိုက်တော့၏။ အတွေးထဲမှာ ဦးတင်မောင်အကြောင်းသာ ကြီးစိုးနေပါတော့သည်။

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဥတုသည် တဖြည်းဖြည်းပီပြင်လာလေပြီ။ ဒီလိုဆောင်းဥတုရဲ့ မနက်ခင်းမျိုးဆို နှင်းမှုံတွေအောက်မှာ အရာအားလုံး ကဗျာဆန်စွာ လှုပနေ၏။ သစ်ပင်ကြီးတွေကစပြီး မြက်ပင်တွေအဆုံး နှင်းရည်တို့စိုရွှဲပြီး သစ်လွင် တောက်ပနေသည်။

လင်းထွဋ်နဲ့ဦးတင်မောင်က လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်းစကားပြောနေကြသည်။ အခုနောက်ပိုင်း သူတို့နှစ်ယောက် တော်တော်တွဲမိနေသည်ဟု ပြောလို့ရသည်။ ဦးတင်မောင်ကလည်း လမ်းစရသွားပြီမို့ ဒေါ်တင်မမထွန်းတို့ အိမ်ကို နေ့တိုင်းလိုလိုရောက်ဖြစ်သည်။ ထိုသို့သွားတိုင်းလင်းထွဋ်လည်း ပါသည်။ တစ်ခါတလေ ထိုအိမ်မှာပင်ညစာစားတဲ့ နေ့တွေရှိလာ၏။ တစ်ယောက်တည်းသမားမို့ အပြင်မှာဝယ်စားရမယ့် အတူတူအိမ်မှာလာစားရန် ဒေါ်ရတနာမြင့်က ပြောထားသောကြောင့် ဖြစ်သည်။ ဒေါ်တင်မမထွန်းကိုယ်တိုင်ကလည်း လိုလိုချင်ချင်နဲ့လက်ခံသောကြောင့်လည်းပါ၏။ အခုဆိုတစ်ပတ်နှစ် ရက်လောက် ထိုအိမ်မှာသွားစားဖြစ်၏။

ဒေါ်တင်မမထွန်းနဲ့လည်း တော်တော်လေး အဆင်ပြေလာပြီဟုဆိုရမည်။ အဖြေမရသေးသည့်တိုင် အခေါ်အဝေါ်တွေတော့ပြောင်းလာပြီ. . . ။ အရင်ကိုဦးတင်မောင်လို့ခေါ်ရာမှ အခုကိုတင်မောင်လို့ပြောင်းခေါ်သည့်အဆင့်လောက်တော့ဖြစ်လာပြီ။ ဦးတင်မောင်ဘက်ကတော့ သူတစ်ခါမှမက်ဖူးသည့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်မက်ထဲကအတိုင်းတင်မလို့ပြောင်းခေါ်သည်။ သူတို့လည်း ချစ်သူ
ဖြစ်သွားမှ ကိုမောင်လို့ခေါ်ခိုင်းရမည်ဟု တွေးထားလိုက်၏။

မီးမီးရတနာနဲ့ လင်းထွန့်အခြေအနေကတော့ သိပ်မထူးခြားသေး
သူတို့ကလူငယ်တွေဆိုတော့ တွဲသွားတွဲလာလုပ်နေကြသော်လည်း မီးမီးရတနာ
ဘက်က လင်းထွန့်ကိုတိကျတဲ့ အဖြေမပေးသေးပေ..။ လင်းထွန့်ဘက်က
လည်း သူတစ်ခါက ဆုံးဖြတ်ထားသည့်အတိုင်း မီးမီးရတနာကို အရင်က
အဖြေတောင်းမနေတော့ပေ။ သို့သော်မီးမီးရတနာကို သူတကယ်ချစ်ကြောင်း
ကြုံတိုင်းပြောနေပါသည်။ အချိန်ရှိတိုင်း အဖြေမတောင်းတော့သည့် အတွက်
မီးမီးရတနာကိုယ်တိုင်ကတောင် အံ့ဩနေရ၏။ သို့သော်လင်းထွန့်ကိုတော့
သူမခုချိန်ထိ အဖြေမပေးသေးပေ...။

အခုလည်း လင်းထွန့်နဲ့ဦးတင်မောင်တို့ လက်ဖက်ရည်ဆိုင်ထိုင်နေ
ကြသည်။ လင်းထွန့်ကထုံးစံအတိုင်း အပြေးလေ့ကျင့်ခန်းလုပ်ပြီး ပြန်လာခြင်း
ဖြစ်၍ ဦးတင်မောင်ကအလုပ်သွားရန်အိမ်မှ ထွက်လာခြင်းဖြစ်သည်။ သူတို့
နှစ်ယောက်ဒီလိုပဲ လက်ဖက်ရည်ဆိုင်မှာ ဆုံနေကျပင်...။

"မီးမီးတို့အဖေတောင် ပြန်လာတော့မယ် ပြောတယ်သိလား"

လင်းထွန့်က စကားစပေးလိုက်တော့...။

"ဟုတ်တယ်... မီးမီးတို့အဖေကိုတွေ့ဖူးလား"

လင်းထွန့်က ခေါင်းခါပြကာ...

"မတွေ့ဖူးဘူး... သဘောကောင်းတယ်လို့တော့ ကြားတာပဲ"

ဦးတင်မောင်က ရယ်လိုက်ကာ...

"သူရောက်လာရင် အဆင်ပြေအောင်ပေါင်းမှ တော်ကြာ သူ့သမီး
ကိုစွသဘောမတူရင် ဒုက္ခရောက်မယ်"

"မပူပါနဲ့ဗျာ.. ဒေါ်ရတနာမြင့် တစ်ယောက်လုံးရှိပါတယ်..
မိန်းမစကားကို သူလွန်ဆန်နိုင်မှာ မဟုတ်ပါဘူး"

"ထားပါတော့ မင်းပြောသလို ငါ့ဘက်က အဆင်ပြေအောင်ထား
တော့... မင်းဘက်ကလည်း အဆင်ပြေအောင်နေဦး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ စိတ်ချ. . . ယောက္ခမလောင်းကြီးမြင်တာနဲ့ ချစ်သွားစေရမယ်"

ဘာမှရယ်စရာမပါဘဲ သူတို့တဟဲဟဲရယ်လိုက်ကြသည်။ ထို့နောက် စားကြသောက်ကြပြီး သူတို့လမ်းခွဲကာ လက်ဖက်ရည်ဆိုင်က ထွက်လာလိုက်ကြ၏။

"ညနေသွားဦးမှာလား"

ဦးတင်မောင်က လင်းထွဋ်ကိုမေးလိုက်ခြင်းပင်။

"ဒီနေ့တော့ မသွားတော့ဘူး. . . ကိစ္စလေးရှိနေလို့"

လင်းထွဋ်အဖြေစကားဆုံးတော့. . .

"ငါလည်းမသွားတော့ဘူး ညနေအိုဗာတိုင် ရှိသေးတယ်"

စကားပြောပြီး သူတို့လမ်းခွဲလိုက်ကြတော့သည်။ လင်းထွဋ်ရင်ထဲမှာ တစ်စုံတစ်ခုကို အလေးအနက်တွေးနေမိသည်။

ညနေရဲမြင့်နဲ့ တွေ့ရင် တိုင်ပင်စရာလေးတွေ ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမ ကြားတော့ ကိုယ့်နားကိုယ်ပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရ၏။ မျက်လုံးအစုံပြူးကျယ်သွားကာ ရင်ခုန်သံကလည်း အတိုင်းမသိ တုန်ရီကာသွားသည်။ မီးမီးကခေါင်းငုံ့ရင်းနဲ့ ပြုံးကာနေသည်။

"မီးမီး. . ကိုယ့်. . . ကိုယ့်ကိုဘာ. . . ဘာပြောလိုက်တာလဲဟင်"

"သိဘူး. . . သွား"

"ဟာ. . . ပြန်. . . ပြန်ပြောပါ မီးမီးရယ်ကြားချင်လို့ပါ"

မီးမီးကခေါင်းခါရင်းသာ ပြုံးနေသည်။ ဘာမှမပြော. . .။ သို့သော် လင်းထွဋ်က မီးမီးပြောခဲ့တဲ့စကားကိုသာ ရင်ထဲမှာထပ်ခါတလဲလဲ ကြားယောင်နေ၏။

"လင်းထွဋ်ကို ချစ်တယ်"

"လင်းထွဋ်ကို ချစ်တယ်"

"လင်းထွဋ်ကို ချစ်တယ်"

သူ့နားထဲမှာ ဒီအသံတွေပဲပဲ့တင်ထပ်နေလေသည်။ ထပ်ခုန်ရတော့ မလိုလို. . . ရှပ်ရှင်တွေထဲကလို ပြေးပဲဖက်ရတော့မလိုလို. . .။

"မီးမီး. . . ကိုယ်ဒီနေ့ အပျော်ဆုံးပဲသိလား"

"ကိုယ်လေ. . . ကိုယ်. . . ပျော်လိုက်တာ. . . ဟား. . . ဟား"

လူကအရူးတစ်ယောက်လို ရယ်လိုက်ခုန်လိုက်နှင့်. . . မီးမီးရထား



www.burmeseclassic.com

www.burmeseclassic.com



တတော့ ရှက်ပြုံးပြုံးခြင်းနှင့် ခေါင်းငုံ့ခြင်းအတတ်ပညာနှစ်ခုကိုပဲ တတ်မြောက်တော့သည်။ ဘာစကားမှ မပြောတော့သလို ထိုင်နေရင်းနဲ့လည်းထမပြေးမသွား။

လင်းထွဋ်ကမိုးမိုးပုံကို ကြည့်ပြီးအသည်းယားသွားတာ ထောက်ထားတဲ့ လက်ကလေးကိုအသာ ဖွဖွဆုပ်ကိုင်လိုက်သည်။ မိုးမိုးတစ်ချက်တုန်သွားသော်လည်းမရုန်းမိ. . .။

"မိုးကို ကိုယ်သိပ်ချစ်တယ်"

"အရင်တုန်းကတော့ မိုးကိုတို့ရှုကလေးတို့ချင်တာ. . . တို့ပြီးသတ်ဝစ်လိုက်တာပဲဆို"

ပထမစတွေ့တုန်းက သူလိုက်နောက်ထားတဲ့ စကားတွေကို စကားနာထိုးနေခြင်းပါ. . .။ အဲဒီလိုပြောတဲ့ ပုံလေးကပိုချစ်ဖို့ ကောင်းသွားတယ်ဟု လင်းထွဋ်ထင်မိ၏။

"အဲဒီတုန်းက ကိုယ်ကစတာပါ. . . ချစ်လို့"

"တွန်း. . . ဘာခုမှ"

"ခုမှ မဟုတ်ပါဘူး အရင်ကတည်းက ချစ်တာပါ"

ပြောပြီး သူတို့ရယ်ဖြစ်ကြသည်။ နေရာက အင်းယားကန်စောင်းမှာဖြစ်၍ အချိန်ကညနေချမ်းလေးဆိုတော့ ချစ်သူနှစ်ဦးအတွက် အံကိုက်။ နေမင်းတတိမ်ဖုံးနေ၍ အပူရှိန်ကခပ်နွေးနွေးလေးသာ အင်ယားရေပြင်ပေါ် ရိုက်ခတ်၏။ တမ်းခြေကိုရိုက်ခတ်တဲ့ လှိုင်းကြက်ခွပ်လေးတွေကိုကြည့်ရင်း သူတို့ရင်ခုန်နေကြသည်။ နှစ်ဦးသားမိနစ်ပေါင်းများစွာ စကားမပြောဖြစ်ကြဘဲ တစ်ယောက်လက်တစ်ယောက် ဆုပ်ကိုင်ထားကြသည်။ တော်တော်ကြာတော့မှ မိုးမိုးရတနာက. . .

"မေမေတောင် ရွှေအပတ်ထဲရောက်တော့မယ်. . . ဟို. . . အဲဒီ ဗျူရင်မိတ်ဆက်ပေးမယ်နော်. . . အဲ. . . ကောင်းကောင်းလည်းနေဦး. . . အခုကိစ္စ အဖြေပေးလိုက်တာ မေမေသိသေးတာမဟုတ်ဘူး"

"သိ. . . သိရင် ဘာပြောမှာလဲဟင်"

"ဘာမှတော့ပြောမယ် မထင်ပါဘူး။ အရင်ကတည်းက သိပြီးသားပဲ



www.burmeseclassic.com

www.burmeseclassic.com



တာ. . . ဒါပေမဲ့အဖြေပေးတာ စောသေးတယ် ဘာညာတော့ပြောမှာပေါ့”

“ကိုယ်ကနောက်ကျတယ်တောင် ထင်နေတာ”

လင်းထွင့်က အဲရယ်စကားနဲ့ဆိုတော့. . .

“လင်းထွင့်. . . မီးကို တကယ်ရောချစ်ရဲ့လားဟင်”

လင်းထွင့်မျက်နှာ တစ်ချက်ပျက်သွားသည်။ သို့သော်အချိန် မီတန်ဆောင်လိုက်နိုင်၍ မီးမီးရတနာကမရိပ်မိလိုက်. . .။

“ကျိန်ပြရမလား”

“ဒါပဲပြောနေတာပဲ တကယ်ကျိန်ခိုင်းလိုက်လို့ ဒုက္ခရောက်နေအုံးမယ်”

ပြောပြီးလင်းထွင့်ပခုံးပေါ်သို့ သူမမှီလိုက်သည်။ ပြီးတော့အင်းယားရေပြင်ကို ခပ်ပေးငေးလေးကြည့်ရင်း. . .

“လင်းထွင့်တစ်ယောက်တည်းကိုပဲ မီးမီးချစ်ဖူးတာယုံပါ. . . လင်းထွင့် မီးကိုခွဲမသွားနဲ့နော်”

လင်းထွင့်လည်း အင်းယားရေပြင်ကို မီးမီးလိုလိုက်ငေးကြည့်ရင်း ပြန်ပြောပါသည်။

“ကိုယ်လည်း တစ်သက်မှာ မီးတစ်ယောက်ကိုပဲ ချစ်ခဲ့ဖူးတာပါ”

လေပြည်သည်ချစ်သူနှစ်ဦးကြား ရှက်ရွံ့စွာတိုးဝှေ့သွားသည်။ ကောင်းကင်မှာ အိပ်တန်းပြန်ငှက်တို့ ပျံဝဲကာလာ၏။

လင်းထွင့်ရင်ထဲမှာ တစ်စုံတစ်ခုတွေးမိ၍ အပျော်တွေပျောက်ဆုံးသွားတော့သည်။ အခုတော့ သူ့မျက်နှာသည် ခုနလိုမရွှင်လန်းတော့ပေ. . .။ သို့သော် မီးမီးရတနာက သူ့ပခုံးကိုမှီပြီး ကန်ရေပြင်ကို ငေးနေသောကြောင့် ထိုအခြင်းအရာကို မမြင်မိပေ. . .။

◊ ◊ ◊

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မမထွန်းအတွက် ကိုယ့်ကိုချဉ်းကပ်တဲ့ ယောကျာ်းတစ်ယောက်နဲ့အပြင်ထွက်ခြင်းသည် ဒါပထမဦးဆုံးအကြိမ်ပင်ဖြစ်သည်။ ဒါကလည်း ဦးတင်မောင်က သူမဆိုင်သို့ အလည်လာသောကြောင့်ဖြစ်သည်။ ပထမတော့ အံ့ဩသွားသော်လည်း ရင်ထဲမှာပျော်သွားတာတော့ ဝန်ခံရမည်။ အမျိုးသမီးအလှပြင်ပစ္စည်းတွေသီးသန့်ရောင်းသော သူမဆိုင်ထဲမှာ ဦးတင်မောင်ကို ညှော်ခံစကားပြောရန်မဖြစ်နိုင်၍ ဆိုင်တစ်ဆိုင်သို့ သူမတို့ထွက်ခဲ့ခြင်းပင်. . .။

တိတ်ဆိတ်အေးချမ်းသော ကော်ဖီဆိုင်လေးတစ်ခုသို့ ထွက်ခဲ့လိုက်၏။ ဒီဆိုင်ကလေးကိုလည်း ဒေါ်တင်မမထွန်းကရွေးချယ်ကာ သူမကားနဲ့ပင်ထွက်ခဲ့သည်။ နေ့လယ်ပျင်းလျှင် သူမဒီဆိုင်လေးမှာ အမြဲလာထိုင်တတ်၏။ ဆိုင်လေးက ကဗျာဆန်ဆန်လေးလှပပြီး အနောက်တိုင်းအချစ်သီချင်း အေးအေးလေးတွေအမြဲဖွင့်ထား၏။

"မလာစဖူးလာလို့ အံ့ဩသွားတာ"

"တင်မမသာခွင့်ပြုမယ်ဆိုရင် နေ့တိုင်းလာချင်နေတာပါ"

သိပ်တော့လွယ်မယ့်ပုံမပေါ်ဘူးဟု ဒေါ်တင်မမထွန်း တွေးလိုက်၏။ လူပျိုကြီးတွေရဲ့ရင်တော်တော်ဆိုးမယ့်ပုံပင်. . .။

"နောက်ကားတွေတော့ ကျော်တက်ကုန်ပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

အရင်းမရှိအဖျားမရှိ ထပြောသောစကားကြောင့် ဒေါ်တင်မမထွန်း ကြောင်ကာသွားသည်။ ဦးတင်မောင်ကစကား မဆက်သေးဘဲသက်ပြင်းတိုချ သည်။ သူစကားပြောတာ လောသွားမှန်းလည်း သူကိုယ်သူသိလိုက်၏။

တကယ်တော့ ဦးတင်မောင်စိတ်ထဲ တော်တော်လေးမခံချင် ဖြစ်နေ တာတော့အမှန်. . .။ မနေ့ကလင်းထွန်း သူ့ဆီလာပြီး နားငြီးလောက်အောင် ဖွားသွားသည်။ ပြီးတော့ သူ့ကိုထမင်းလိုက်ကျွေးသွား၏။ တကယ်ဆို သူ ထည်းလင်းထွန်းလို ဖြစ်ချင်သည်။ အခုတော့ လင်းထွန်းကအဖြေရသွားပြီး သူမှာ တော့ အခုထိမရေရှာသေး. . .။

"ဟို. . . တင်မမ,မသိသေးဘူးလားဟင်"

ဒေါ်တင်မမထွန်းက ဦးတင်မောင်ပုံစံကို ကြည့်ကာမျက်လုံးလေးပြူး သွား၍. . .။

"ဘာ. . . ဘာများဖြစ်လို့လဲ ကိုတင်မောင်ရယ်"

"နောက်ကားကျော်တက်သွားပြီဗျာ"

"ဩော် ကိုတင်မောင်ရယ် ကျွန်မကဖြည်းဖြည်းပဲ မောင်းတတ်တဲ့ဟာ သူတို့တက်ပါစေ အန္တရာယ်ကင်းရင်ပြီးတာပါပဲ"

"ဟာ. . . အဲဒါမဟုတ်ဘူးဗျ"

"ဟင်. . . ကျွန်မကားမောင်းနှေးတာကို ပြောနေတာမဟုတ်လား"

"ဟာ. . . ဟုတ်ဘူး. . . ဟိုဗျာ. . . လင်းထွန်း လင်းထွန်း. . . ဒီ ကောင်ဗျာ. . . အဲဒါ"

"လင်းထွန်း. . . လင်းထွန်း ဘာဖြစ်လို့လဲ"

"သူ. . . သူရသွားပြီဗျ"

ဦးတင်မောင်ပြောရင်း ချွေးတွေကိုသုတ်သည်. . .။ ဒေါ်တင်မမ ထွန်းကတော့ အခုထိအူကြောင်ကြောင်. . .။

"ဘာတွေပြောနေတာလဲ ကိုတင်မောင် ကျွန်မနားမလည်ဘူး"

ဦးတင်မောင်သက်ပြင်းကို ချပြန်သည်။ ပြီးမှ စိတ်အေးအေးထား



www.burmeseclassic.com

www.burmeseclassic.com



တာ. . .

"လင်းထွဋ်က မီးမီးဆီက အဖြေရသွားပြီဗျ. . . အဲဒါတင်မမ မသိသေးဘူးလားဟင်"

ဒေါ်တင်မမထွန်း အခုမှအံ့ဩတကြီးဖြစ်သွားကာ. . .

"ဟင်. . . ဟုတ်လား. . . ကျွန်မမသိသေးဘူး"

"အေးဗျာ. . . အဲဒါ"

"ပြောပါ ကိုတင်မောင်. . . ရဲရဲသာပြောပါ. . . မီးမီးဆိုတာလည်း ကိုတင်မောင်ရဲ့ တူမအရွယ်ပဲ. . . မဖြစ်သင့်မဖြစ်ထိုက်တာတွေ မဖြစ်ရအောင်ပြောပါ. . . လင်း. . . လင်းထွဋ်ကဘာများ အရှုပ်အရှင်းရှိနေလို့လဲဟင်"

"ဟာ. . . ဘာမှအရှုပ်အရှင်းမရှိပါဘူး. . . ကျွန်. . ကျွန်တော်က အဲ. . အဲလိုဖြစ်ချင်နေတာ"

"ရှင်. . . ကို. . ကိုတင်မောင်က အဲလိုဖြစ်ချင်နေတာ ဟုတ်လား"

ဦးတင်မောင် ခေါင်းဆက်ခနဲညိတ်ပြတော့. . .။

"ဒါဆို. . . မီး. . . မီးမီးကို. . ကို. . ကိုတင်မောင်က. . ."

"ဟာ. . . မဟုတ်သေးဘူး. . ကျွန်တော်ကတင် မမနဲ့. . အဲဒါ. . ဟိုဗျာ"

"အို. . . ကိုတင်မောင်ကလည်း"

ဒေါ်တင်မမထွန်း ချက်ကောင်းထိသွားသော လှုက်ဝှေ့သမားလိုငြိမ်ကျသွား၏။ ဦးတင်မောင်လည်း ချွေးတွေမနည်းသုတ်နေရသည်။ သူ့ခမျာ ချစ်စိတ်တွေငယ်ထိပ်ရောက်လာ၍ အဆုံးအရှုံးမခံချင်တော့သောကြောင့် ဘုရင့်နောင့်ဖောင်ဖျက်ထွက်သာ လာရသည်။ သတ္တိက အဲဒီလောက်မရှိ၊ သို့သော် နဖူးတွေ့ဒူးတွေ့ကြုံလာရတော့ ဘာမှမစဉ်းစားနိုင်တော့. . .။ ပြီးတော့ ဒေါ်တင်မမထွန်းကိုလည်း လက်လွှတ်မခံချင်တော့လေ. . .။

"တင်မမရယ် ကျွန်တော့်ကိုဘယ်အထိ ညှင်းဆဲနေဦးမှာလဲဗျာ"

ဒီစာသားက မနေ့တုန်းက ငှားဖတ်တဲ့ဝတ္ထုထဲက ကျက်သွားရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"ကျွန်တော့်ဘဝမှာ ကိုယ့်ချစ်သူနဲ့ကွေကွင်းရတဲ့ ဒုက္ခတိုအကြောက်ဆုံးပဲ တင်မမရယ်"

ဒါလည်း အဲဒီဝတ္ထုထဲကဖြစ်သည်။

"ပြီးတော့ ကျွန်တော်တင်မမအပေါ်ထားတဲ့ မေတ္တာက မှော်ရုံတောမှာ ပွင့်တဲ့. . . ပွင့်တဲ့"

ပြောရင်းတန်းလန်းနဲ့ရပ်သွား၏။ စာသားတွေ မေ့သွားလို့ဖြစ်သည်။ ဦးတင်မောင်တန်းလန်းကြီး ဘာဆက်လုပ်ရမှန်းမသိဖြစ်နေစဉ်. . .

"ကိုတင်မောင်,ကို ကျွန်မစဉ်းစားပေးနေသားပဲ"

ဒေါ်တင်မမထွန်းက ဖြတ်ပြောလိုက်၍ သက်ပြင်းချလိုက်ရလေသည်။ တကယ်လို့သူ့စကားကို မျက်လုံးလေးဝင့်ပြီး ဆက်နားထောင်နေလို့တတော့ အရှက်နှစ်ခြမ်း ဗျန်းဗျန်းကွဲပြီပဲဟုတွေးမိလိုက်၏။

"မိန်းကလေးတစ်ယောက်အနေနဲ့ စဉ်းစားနေတာကို လက်ခံပါတယ်. ဒါပေမယ့် ကျွန်တော်မနေနိုင်တော့ဘူးဗျာ"

"ရှင်"

ပြတ်သားလှသော ဦးတင်မောင်စကားကြောင့် ဒေါ်တင်မမထွန်း မျက်လုံးဝိုင်းသွားသည်။ ဦးတင်မောင့်ကလည်း ဒီကိုလာကတည်းက ဖြစ်ချင်ရာဖြစ် မောင်းတင်လာသူဖြစ်၍ ဘာကိုမှဂရုမစိုက်တော့. . .။

"ကျွန်တော်အရမ်းချစ်တယ်. . ကျွန်တော်ကိုပြန်ချစ်ပါတော့ဗျာ"

"အို"

ဦးတင်မောင်တို့ စိတ်ကြီးပုံက စိတ်နဲ့လက်နဲ့တစ်ထပ်တည်း. .။ စားပွဲပေါ်တင်ထားသော ဒေါ်တင်မမထွန်းလက်ကိုအပေါ်က အသာအုပ်ကိုင်ဝစ်လိုက်သည်။

ဒေါ်တင်မမထွန်းကျင်စက်နဲ့ တို့ခံရသလို ထွန့်ထွန့်လူးသွားပြီး လက်ကိုချက်ချင်း ရုပ်ပစ်လိုက်၏။

"ကိုတင်မောင်. . . စိတ်ထိန်းဦးလေ. . ဘေးလူတွေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မြင်မြင်ဗျာ. . ကျွန်တော့်ကိုချစ်တယ်လို့ပြော. . . မပြောရင် လိုက်တိုင်မှာပဲ"

ဦးတင်မောင်ကြမ်းပြီ. . .။ ဒေါ်တင်မမထွန်း မျက်နှာတစ်ပြင်လုံးနီရဲနေ၏၊ ဦးတင်မောင်ပုံကလည်း ပြောသလိုတကယ်လုပ်မယ့် ရုပ်ဖြစ်နေ၍ ကြောက်သွား၏၊

"အဲလိုတော့ မလုပ်ပါနဲ့ ကိုတင်မောင်ရယ်. . . ကျွန်မ ကျွန်မကို အချိန်လေးတော့"

"မရဘူးဗျာ. . ကျွန်တော့်ကို ဘာကြောင့်များဒီလောက်အကြာကြီး စဉ်းစားနေစရာလိုလို့လဲဗျာ. . ဒီလောက်ဆိုအဖြေတစ်ခုတော့ ရသင့်နေပါပြီ. . လက်ခံတယ် မဟုတ်လားဟင်"

"အင်း"

"တင်"

ဒေါ်တင်မမထွန်းက ကြောက်စိတ်ရောရှက်စိတ်တွေပါရော ထွေးနေ၍သောင်ပြီး ခေါင်းညိတ်ပြလိုက်တော့ ဦးတင်မောင်ရုတ်တရက်ကြောင်သွား၏၊ ပြီးမှ. . .

"ဟာ. . . တကယ်. . တကယ်း . ဟား ဟား. . . ပျော်. . . ပျော်လိုက်တာ. . . ဟီး. . ဟား"

ဦးတင်မောင်တစ်ကိုယ်လုံး မျောက်လက်ငပိထိသလို ရှန်းရင်းဆန်ခတ်ဖြစ်သွား၏၊ အပျော်လုံးဆို့ပြီး ဗျာသွားပုံရသည်၊

ဒေါ်တင်မမထွန်းက သူဘာပြန်ပြောမိလိုက်လဲ အခုမှပြန်စဉ်းစားနေမိသည်၊ ပြီးမှ သဘောပေါက်သွားကာ. . .

"ဟာ. . . မဟုတ်ဘူး. . . မဟုတ်ဘူး။ ကျွန်မ စဉ်းစား. . စဉ်းစား"

"မရဘူး. . မရဘူး. . ဟင့်အင်. . . ပြောပြီးပြီ. . . ဝမ်းသာလိုက်တာ တင်မမရယ်"

ဦးတင်မောင်က ဘယ်လိုငြင်းငြင်း. . ဇွတ် ဒေါ်တင်မမထွန်းမှာ ဘယ်လိုမှ ငြင်းဆန်မရတော့. . .။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတင်မောင် အရမ်းဆိုးတယ်ကွယ်"

ခေါင်းလေးငုံ့၍ မျက်လွှာလေးချသွားပါတော့သည်။ သူ့ရင်ထဲမှာလည်း ဘာတွေဖြစ်နေမှန်း မသိတော့လောက်အောင် ရင်ခုန်နေလေပြီ . . .။

၀ ၀ ၀





www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီအလုပ်ကို ဆက်မလုပ်နိုင်တော့ဘူး ရဲမြင့်"

"ဘာပြောတယ်. . . မင်း. . . မင်းဘာပြောလိုက်တယ်"

"မင်းကြားတဲ့အတိုင်းပဲကွာ. . . ငါမလုပ်နိုင်တော့ဘူး"

ရဲမြင့်က လင်းထွန်းကိုငေးသွားသည်။ တော်တော်ကြာသည် အထိ ဘာစကားမှ မပြောသေးပေ။ လင်းထွန်းလည်းအဝေးကို ငေးနေသည်။ သူတို့ နှစ်ဦးကြားတော်တော် တိတ်ဆိတ်ကာသွား၏။ ပြီးမှရဲမြင့်စကားသံ ထွက်လာ လေသည်။

"မင်းဒီအခြေအနေထိရောက်ပြီးမှ ဒါမျိုးလုပ်လို့မရဘူးလေ. . . ပြီး တော့ ဒီအလုပ်မျိုးဆိုတာ အပျော်လုပ်လို့ရတာမဟုတ်ဘူး. . . မင်းဒီအလုပ် မလုပ်တော့ဘူးဆိုပြီး ထွက်သွားတော့ကော အားလုံးကမင်းကိုလက်ခံမှာလား"

လင်းထွန်း မတ်တပ်ရပ်နေရာမှ ဘုန်းခနဲထိုင်ချပစ်လိုက်ကာ. . .

"ဒီကိစ္စတွေသိသွားရင်. . . ငါ. . . ငါ. . . မီးမီးတို့မိသားစုကို ဘယ်လိုမျက်နှာပြမရလဲ ကွာ"

ရဲမြင့်သက်ပြင်းချလိုက်၏။ ပြီးမှလေးတွဲသော အသံဖြင့်. . .

"မင်းကိုငါအစကတည်းက သတိပေးထားသားပဲ. . . တာဝန်နဲ့နှလုံး သားမရောစေနဲ့လို့ အခုတော့မင်းဒုက္ခရောက်နေပြီ မဟုတ်လား"

"ဒီတစ်ခါ ဘာဖြစ်သွားလဲမသိဘူးကွာ. . . ငါ. . ငါမီးမီးကို. . .



www.burmeseclassic.com

www.burmeseclassic.com



တကယ်... တကယ်... လက်ထပ်

ရဲမြင့်က ဖျတ်ခနဲလှည့်ကြည့်ပြီး...

"လက်ထပ်တယ်ဆိုတာ လွယ်တဲ့အလုပ်လို့ မင်းထင်သလား... ကဲ.. မင်းပြောသလို လုပ်လို့ရပါပြီထားဦး.. မင်းနောက်ကရပ်တည်ပေး မယ့် ဘယ်မှာလဲမင်းမိဘ"

"ဟော့ကောင်... ရဲမြင့်"

လင်းထွန်းဒေါသတကြီး အော်ကာ ရဲမြင့်အင်္ကျီရင်ဘတ်ကိုဆွဲလိုက်၏။ ရဲမြင့်မျက်နှာတည်ငြိမ်စွာနဲ့ လင်းထွန်းကိုကြည့်ရင်း...

"ငါတို့ဘဝတွေ အတူတူပါပဲ သူငယ်ချင်းရယ်.. နောက်ဆုံးတော့ ကံကြမ္မာကို မလွန်ဆန်နိုင်စွာပဲ အဆုံးသတ်ရမှာပါပဲ... ငါ... ငါလည်း မင်းလိုပါပဲကွာ"

ရဲမြင့်မျက်ဝန်းမှာ မျက်ရည်တွေဝဲလာသည်။

"မင်းငါ့ကို ထိုးချင်ထိုးလိုက်ပါ"

လင်းထွန်းရဲမြင့်ကို လွှတ်လိုက်ကာ...

"ငါ့ကို ခွင့်လွှတ်ပါကွာ"

ရဲမြင့်ခေါင်းငုံ့သွားသည်။ လင်းထွန်းကောင်းကင်ကိုမော့ ကြည့်ကာ တောက်တစ်ချက်ပြင်းထန်စွာ ခေါက်လိုက်၏။

"ဒီတစ်ခါ ငါပေးဆပ်ရတာ စာဝတင်မဟုတ်ဘူး နှလုံးသားတစ်ခုလုံး ပါပါတယ်ကွာ... ငါ... ငါ့ဘဝအဆုံးခံလိုက်ရတာ ငါမနှမြောပါဘူး... ငါ့မှာ သံယောဇဉ်တွယ်စရာ ဘာမှမရှိဘူး.... ဒါပေမယ့်... မီးမီး... မီးမီး ကို ငါအရမ်းချစ်တယ်ကွာ"

ပါးပြင်ပေါ် မျက်ရည်တို့ လိမ့်ဆင်းလာသည်။

"မတတ်နိုင်ဘူးကွာ... ဆုပ်လည်းစူး... စားလည်းရှူးပါ.. ဒီလိုပုံစံမျိုး လူဖြစ်လာမှတော့ ဒီလမ်းပဲလျှောက်ရမှာပါပဲ... ငါတို့မှာ ရွေးချယ်စရာမှ မရှိ တာ..."

ပြောပြီးရဲမြင့်ရှေ့မှ ချာခနဲလှည့်ထွက်ကာ သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ. . . အဆင်သင့်ဖြစ်ရင် မင်းကိုဆက်သွယ်လိုက်မယ်"

လှည့်မကြည့်ဘဲပြောရင်း လင်းထွဋ်ဆက်ထွက်လာခဲ့၏။ ကောင်းကင်မှာ တိမ်ညိုတွေပြုံဆင်းနေလေသည်။

"ငါ့ကိုခွင့်မလွှတ်ပါနဲ့ မီးမီးရယ်"

သူတီးတိုးရေရွတ်မိ၏။

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



# တစ်

မိသားစုလုံးပျော်နေကြလေသည်။ အားလုံးထဲမှာ ဒေါ်ရတနာမြင့်တ အပျော်ဆုံးပဲဖြစ်၏။ ကိုယ့်ယောကျ်ား အိမ်ပြန်လာတဲ့ကိစ္စ ဘယ်သူက မပျော်ဘဲရှိမှာလဲ. . .။

မီးမီးရတနာလည်း အလွန်ပျော်နေသည်။ သူကတော့ အဖေပြန်လာလို့ဝမ်းသာတာလည်းပါသလို. . . သူ့အတွက်ပါလာမည့် အလှကုန်ပစ္စည်းတွေနှင့် အဝတ်အစားတွေကြောင့်လည်း ပါသည်။

ဒေါ်တင်မမထွန်းကတော့ နည်းနည်းမျက်နှာပူနေသည်ဟု ဆိုရမည်။ တခြားသူတွေလို မပျော်ဘူးလို့တော့ မဆိုလိုပါ။ သို့သော် သူမကဦးတင်မောင်နဲ့ လောလောလတ်လတ်ကြီး ရည်းစားဖြစ်ထားတော့ အစ်ကိုရှေ့မှာမျက်နှာပြရမှာ ရှက်နေသောကြောင့်ပင်။ ဒါကိုဒေါ်ရတနာမြင့်တ သိတော့ သူ့ကိုစသည်။

"အပျိုကြီးက ရည်းစားတော့ထားတတ်တယ်. . . လူသိမှတျတော့ ရှက်နေတာကိုး"

"အဲဒါမမကြောင့်. . . မမမြှောက်ပေးလို့"

နှုတ်ခမ်းလေးချွန်ကာ စိတ်ဆိုးတဲ့အမူအရာလုပ်ပြတော့ ဒေါ်တင်မမထွန်းကို ဒေါ်ရတနာမြင့်ကကြည့်ပြီးရယ်ကာ. . .

"အမလေးတော်. . . သူဟာသူထားတာ ကျုပ်အပြစ်တောင် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပါလား"

"ဒါပဲနော်. . . အစ်ကို့ကို မမပဲကြည့်ပြောပေး. . . ညီမတော့မပြော ရဲဘူး"

"စိတ်ချပါ ညီမရယ် ဒါတွေမမတာဝန်ထားစမ်းပါ"

ပြောပြီး သူတို့ရယ်လိုက်ကြသည်။ ထိုအချိန်မှာပဲ မီးမီးရတနာရဲ့ အော်သံကိုအောက်ထပ်မှကြားရ၏။

"မပြီးကြသေးဘူးလား သွားမယ်လေ လေယာဉ်ဆိုက်ချိန်နီးနေပြီ"

အဲဒီတော့မှ ပြင်စရာဆင်စရာ လက်စသတ်ကာ အောက်ဆင်းခဲ့လိုက် ကြသည်။ ထို့နောက် သူတို့လေဆိပ်သို့ ထွက်ခဲ့လိုက်ကြတော့၏။

လေဆိပ်ရောက်တော့ ခဏပဲစောင့်ရလေသည်။ လေယာဉ်ဆိုက်လာ၍ သူတို့ပျော်သွားကြသည်။ ဦးအောင်နိုင် လေဆိပ်ထဲဝင်လာပြီး သူ့ကိုလာကြို တဲ့ မိသားစုကိုကြည့်ပြီးပျော်သွား၏။

မီးမီးရတနာက သူ့ဖခင်ဆီပြေးသွားကာ. . .

"ဒယ်ဒီက နုလာလိုက်တာကြည့်စမ်း အရမ်းချောလာတာပဲ"

ဦးအောင်နိုင်က သူ့သမီးကို တစ်ချက်နမ်းလိုက်ကာ. . .

"ငါ့သမီးလည်းအရမ်းလှလာတာပဲ ဖအေတူသမီးမို့ ထင်တယ်ကွ. . . တဲ. . ဟဲ"

သားအဖနှစ်ယောက်ကိုကြည့်ကာ ဒေါ်ရတနာမြင့်တို့ပြုံးနေကြသည်။ ထို့နောက် သူတို့မိသားစုပျော်ပျော်ရွှင်ရွှင်နှင့် အိမ်ပြန်လာခဲ့ကြလေသည်။ ဦး အောင်နိုင်က စကားပြောရင်းနှင့်သူ့ညီမကိုနောက်လိုက်သေးသည်။

"ဘယ်လိုလဲ အပျိုကြီး. . . ဒီဝဋ်ကကျွတ်ဖို့ လူရှာမတွေ့သေးဘူး လား"

ဒေါ်ရတနာမြင့်က လေသံတိုးတိုးနှင့် အနားကပ်လိုက်ကာ. . .။

"နောက်မှ ပြောပြဦးမယ်. . . မောင့်ညီမအကြောင်းကို"

ဦးအော င်နိုင် အံ့သြတကြီးပြုံးကာကြည့်ပြီး

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မမထွန်း ရှက်သွားကာ ဒေါ်ရတနာမြင့်ကို လက်သီးဆုပ်နဲ့ လှမ်းထုလေတော့သည်။

"မမ နော်"

သူတို့ အားလုံးရယ်ဖြစ်ကြ၏။

တော်ဝင်မြို့မဟာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နောက် အေးအေးဆေးဆေးရှိတော့မှ ဦးအောင်နိုင်ကို ဒေါ်ရတနာမြင့်က အိမ်မှာဖြစ်ပျက်နေတဲ့ အကြောင်းတွေကိုရှင်းပြသည်၊ ဒေါ်တင်မမထွန်း အကြောင်းလည်းပါသလို မီးမီးရတနာအကြောင်းလည်းပါ၏။

ဦးအောင်နိုင်က ဒေါ်တင်မမထွန်းကိစ္စကို မကန့်ကွက်သော်လည်း မီးမီးရတနာနဲ့လင်းထွဋ်နဲ့ ကိစ္စကိုတော့ သိပ်ဘဝမကျချင်. . .၊ သို့သော် ဒေါ်ရတနာမြင့် တစ်ယောက်လုံးက ကောင်လေးဘက်ကရပ်တည်ပေးနေ၍ ဘာမှတော့မပြောပေ. . .။

"တင်မမ ကိစ္စကတော့ မောင်မပြောလိုပါဘူး. . .။ သူလည်း အိမ်ထောင်ပြုသင့်နေတာကြာပြီပဲ. . . ဒါနဲ့ သူ့အမျိုးသားနဲ့ကရော ဘယ်တော့ မင်္ဂလာဆောင်မယ်လို့ တိုင်ပင်ထားလဲ"

"မောင့်ညီမအကြောင်းလည်း မောင်သိတာပဲ မပွင့်တပွင့်နဲ့. . .၊ ဒီအချိန်ရောက်မှတော့ မြန်မြန်စီစဉ်ပေးလိုက်တာကောင်းပါတယ်. . . မြင့်တို့ကပဲ ဦးဆောင်ပြီးလုပ်ပေးရမှာပဲ. . . သူတို့ဟာ သူတို့ဆိုဖြစ်မှာကို မဟုတ်ဘူး. . မြင့်သဘောကတော့ ဒီလပိုင်းအတွင်းစီစဉ်ချင်တယ်"

ဦးအောင်နိုင်က ဒေါ်ရတနာမြင့်သဘောကို ထောက်ခံသည့်သဘော ခေါင်းညိတ်လိုက်ကာ. . .

"အဲဒါကောင်းတယ်. . . မောင်လည်းသိပ်ကြာကြာ မနေနိုင်ဘူး. . .



www.burmeseclassic.com

www.burmeseclassic.com



တိစ္စနဲ့ဘန်ကောက်ပြန်သွားရဦးမှာ ဟိုမှာကိစ္စတစ်ခု ချိန်းထားတာရှိတယ်။ အဲဒါမသွားခင်လုပ်လိုက်မယ်လေ"

ဒေါ်ရတနာမြင့်က ခေါင်းညိတ်လိုက်သည်။

"ဒါပေမယ့် သမီးကိုတော့ မောင်အိမ်ထောင်မပြုစေချင်သေးဘူး. . . အဲဒါကတော့အမေရဲ့အလုပ်ပဲ. . . မောင်ကတော့ကျန်တာတွေ ဘာမှတော့ မပြောချင်ပါဘူး. . သမီးလေးသာ ငယ်ငယ်ရွယ်ရွယ်နဲ့"

"စိတ်ချပါမောင်ရယ် သမီးကိုမြင့်တာဝန်ယူပါတယ်. . . အခုလည်း တောင်လေးက မွန်မွန်ရည်ရည်လေးပါ. . . ပြီးတော့သူ့မိဘတွေကလည်း နယ်မှာ ချမ်းချမ်းသာသာထဲကပါပဲ. . သမီးကလည်း အဲဒီလောက်မဆိုးပါဘူး"

ဦးတင်မောင် မီးမီးကိစ္စဘာမှဆက်မပြောတော့ပေ. . . ။

"ထားပါတော့. . . ဒါနဲ့ အဲဒီဘယ်သူ"

"ဘာလဲ"

"တင်မမ အမျိုးသားနာမည်က"

"ကိုတင်မောင် လေ"

"အေး. . . အေး အဲဒီ ကိုတင်မောင်နဲ့မောင် စကားပြောကြည့်ချင်သေးတယ်"

ဒေါ်ရတနာမြင့်က ပြုံးလိုက်ကာ. . .

"ဒါဆို မြင့်စီစဉ်လိုက်မယ်လေ"

ဦးအောင်နိုင် ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



၄၅။

မှာ နိုင်ငံခြားဖြစ်အကောင်းစား ဝီစကီတစ်လုံး၊ ချိ(စ်)တစ်ပွဲနှင့် အသားကြော်တချို့တို့ ချထားသည်။ ဦးတင်မောင်က ကိုကာ ကိုလာဘူးကိုသာယူ၍ သူ့ရှေ့ကဖန်ခွက်ထဲငှဲ့ထည့်လိုက်၏။ သူတို့ အိမ်ပေါ် ထပ်က ဝရန်တာမှာ ထိုင်နေကြခြင်းဖြစ်သည်။

"ကိုတင်မောင် လုပ်တပ်ရင်လုပ်ပါ"

"ကျွန်တော် မသောက်တတ်လို့ပါ"

ဦးအောင်နိုင် ပြုံးလိုက်သည်။ ထို့နောက် ရေခဲနှစ်တုံးလောက်နှင့် ဝီစကီတစ်ပက်လောက်ကိုငှဲ့လိုက်ကာ မသောက်သေးဘဲခွက်ကို လှည့်နေလိုက်ပြီး...

"ယောကျ်ားတစ်ယောက် အရက်သောက်တာကို အပြစ်ရှိတယ်မရှိဘူး ဆိုတာခင်ဗျားဘယ်လိုဆုံးဖြတ်မလဲ"

မေးပြီးနောက် အရက်ကိုတစ်ငုံသောက်လိုက်သည်၊ ပြီးတော့ချိ(စ်) တစ်ပြားကို ပါးစပ်ထဲမြှို့ကာထားလိုက်၏။

ဦးတင်မောင်ကတော့ ဒီမေးခွန်းကို ဦးအောင်နိုင်မေးတာအကြောင်း ရှိသည်ဟု တွေးမိလိုက်သည်၊ ဦးအောင်နိုင်က သူအရက်သောက်တတ်တာကို အပြစ်မြင်သလားဆိုပြီး မေးသွားတာလည်းဖြစ်နိုင်သလို ခင်ဗျားအရက်မသောက်တတ်ရုံနဲ့အပြစ်ကင်းစင်ပြီလို့ ထင်သလားဆိုပြီး ပြောချင်တာလည်း ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က အရက်ကိုအပြစ်တစ်ခုအနေနဲ့ ယူဆပြီး မသောက်တာတော့မဟုတ်ပါဘူး. . . အရင်ကတည်းက သောက်လေ့သောက်ထမရှိတဲ့ အရာတစ်ခုကို အကျင့်မလုပ်တာပါ. . . ပြီးတော့ ကျွန်တော်အရက်အရသာ တို့မကြိုက်ဘူး"

ဦးအောင်နိုင်က ခေါင်းညိတ်လိုက်ကာ. . .

"ကောင်းတယ် ကိုတင်မောင်. . . ကျွန်တော်ဂုဏ်ယူပါတယ် မသောက်တတ်တော့ ကောင်းတာပေါ့ဗျာ. . . အဲ. . . သောက်တတ်ရင် ပိုကောင်းတယ်ဗျ"

ဦးအောင်နိုင်ရဲ့စကားကြောင့် သူတို့ရယ်လိုက်ကြလေသည်။ ထိုအခိုက်မှာ ဒေါ်တင်မမထွန်းတက်လာ၍ သူတို့နှစ်ယောက်ကြား ဟင်းချိုခွက်တလေးလာချပေးလေ့သည်။

"ဒါ ဝက်သားနဲ့ကြံမဆိုင်ချက်ထားတာ. . . အစ်ကိုကြီး အကြိုက်လေ"

ဦးအောင်နိုင်က ခေါင်းညိတ်ပြပြီး ဦးတင်မောင်ဘက်ကို လက်ညှိုးညွှန်လိုက်ကာ. . .

"သူက အအေးပဲသောက်တာ အဲဒါကြောင့်ထမင်းပါ တစ်ခါတည်း ဒီမှာပြင်ပေးပါလား. . . ကိုတင်မောင် ဆာနေရောပေါ့"

"ဟာ. . . ရတယ်. . . ရတယ်. . ကျွန်တော်မဆာသေးပါဘူး. . . ပြီးမှအတူတူ အောက်မှာစားတာပေါ့"

"ကျွန်တော်ကအရက်သောက်ရင် အေးအေးဆေးဆေးသောက်တတ်လို့ပါ. . အဲဒါကြောင့်"

"ဒါဆိုလည်း ကျွန်တော်ဆာတော့ပြောမှာပေါ့ အခုမဆာသေးလို့ပါ"

ဦးအောင်နိုင်က ခေါင်းညိတ်ပြပြီး တင်မမထွန်းကိုမော့ကြည့်တာ. .

"ငါ့ညီမ အမျိုးသားကတော့ရှာမှရှားပါပဲ ဟော့. . . ရှာလည်းရှာတတ်ပါတယ်. . . ဒီတစ်ခါတော့ ငါ့ညီမကိုမချီးကျူးဘဲ မနေနိုင်တော့ပါဘူးကွာ"

အားလုံးရယ်ဖြစ်ကြသည်။ ထို့နောက် ဒေါ်တင်မမထွန်း ပြန်ထွက်သွားပြီး ဦးတင်မောင်နဲ့ဦးအောင်နိုင်တို့စကားပြောကာ ကျန်ခဲ့သည့် စားပွဲအနေ



www.burmeseclassic.com

www.burmeseclassic.com



လူမရွေး၊ နိုင်ငံတကာရေးရာ၊ ဥရောပအကြောင်း၊ ဂျပန်အကြောင်း၊ အလုပ်အကြောင်း စသည်ဖြင့် စုံလင်စွာပြောကြပြီး သူတို့ထိုင်နေကြ၏။

ညသည် တဖြည်းဖြည်းညဥ့်နက်လာသည်။ ကောင်းကင်မှ လမင်းက ထိန်ထိန်ငြိး၍ ကမ္ဘာမြေအပေါ် လှပစွာဖြာဆင်းနေ၏။

၀ ၀ ၀

ကောင်း မြို့ ဖော် အလင်း

www.burmeseclassic.com

www.burmeseclassic.com



"တီ တီတို့တောင် ရွှေ့အပတ်ထဲမင်္ဂလာဆောင်တော့မယ် သိလား ကို. . . အဲဒါကိုယ့်ကို သတို့သားအရံလုပ်ပေးပါတဲ့"

"ဟင်. . . မြန်လိုက်တာ"

"မာမီစီစဉ်တာလေ. . . ဒါပေမယ့် သူတို့လည်းကျေနပ်ကြပါတယ်။ အရင်တုန်းကတော့ ရှက်သလိုလို ဘာလိုလိုနဲ့အခုအဖြစ်သည်းနေလိုက်တာ မပြောချင်ဘူး မောင်တွေ တင်မမတွေ့နဲ့နားကို ငြီးတယ်"

"ဟုတ်လား တီတီက ဦးတင်မောင်ကို မောင်လို့ခေါ်တာလား"

"ဟုတ်တယ် ဟိုနေ့က ဧည့်ခန်းမှာ လူရှင်းတုန်းခေါ်လိုက်သံကြား လိုက်ရတယ်. . . လူရှေ့မှာတော့ ကိုတင်မောင်တဲ့"

"အဲဒါ မီးက တီတီကို မနောက်လိုက်ဘူးလား"

"နောက်တာပေါ့. . . သွားပြောတော့ ပေါင်တွင်းကြောလိမ်ဆွဲခံရ တယ်လေ"

သူတို့ရယ်မောလိုက်ကြသည်။ အရယ်ရပ်သွားတောမှ လင်းထွန်း က. . .

"ကိုယ့်တို့ကိုရော ဘာပြောသေးလဲဟင်"

"ဘာမှတော့ တွေတွေထူးထူးမပြောပါဘူး. . . အဲ. . ဒယ်ဒီတော့ ငယ်သေးတယ်တဲ့. . . ပညာစုံမှလို့ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်ပါလား. . . ကိုယ်ကပညာစုံပါတယ်လို့"

"သေလိုက်"

ပြောပြီး မီးမီးရတနာကရယ်သည်။ အခုသူတို့တွေ့နေတဲ့ နေရာက မီးမီးရတနာရဲ့သင်တန်းမှာဖြစ်သည်၊ လင်းထွဋ်ကလည်း ဦးအောင်နိုင်ပြန်ရောက်ပြီးကတည်းက မီးမီးရတနာတို့အိမ်ကို တစ်ခေါက်သာရောက်ဖြစ်လေသည်၊ ဒါတောင် ဦး ာင်နိုင်ကတွေ့ချင်သည် ဆို၍သွားခြင်းပင်. . .။

အအေးသောက်ပြီးတော့ သူတို့အိမ်ပြန်လာခဲ့ကြတော့၏။ လင်းထွဋ်လည်း မီးမီးရတနာအိမ်သို့ လိုက်လာခဲ့သည်၊ အိမ်ရောက်တော့ သတို့သား အခရံ တိစ္စတွေ၊ အဝတ်အစားချုပ်ဖို့ကိစ္စတွေ စကားပြောကြ၏။ ဒေါ်တင်မမထွန်းနဲ့ ဦးတင်မောင်ကတော့ တော်တော်လေး တက်ကြွနေတာမြင်ရလေသည်။ ထို မြင်ကွင်းကို တွေ့ရတော့ လင်းထွဋ်ရင်ထဲမှာ အတိုင်းမသိဝမ်းနည်းကာသွား၏။

"သူ ဒီတစ်သက် မီးမီးနဲ့ ဒီလိုပျော်ခွင့်ရနိုင်ပါ့မလား"

ဒီလိုတွေးလိုက်မိတိုင်း သူ့ရင်ထဲမှာ အောင့်တက်လာသည်။ ပြီးတော့ သူကြီးပြင်းခဲ့ရာ ဘဝကိုလည်း ပြန်လည်တွေးတောမိကာ အံကိုကြိတ်မိ၏။

သူလွတ်လပ်ချင်ပြီ . . .။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်း စမိုး"

အားလုံးဝိုင်းအော်လိုက်တဲ့အသံနဲ့အတူ ဖန်ခွက်ကို ခွပ်ခနဲချပစ်လိုက်သည်။ ပြီးတော့ မျက်နှာတစ်ခုလုံးလည်း ရှုံ့မဲ့နေလေသည်။

"နောက်တစ်ခွက် . . . နောက်တစ်ခွက်"

"တော်ပြီ . . . အေ့ . . . များနေပြီ . . . သုံး . . . သုံးခွက်ဖြစ် သွားပြီ"

"ဘာဖြစ်လဲချစမ်းပါ . . . ဘာလဲ ကျွန်တော်တို့ကို မခင်လို့လား"

"ဟာ . . . ဟို . . . ဟိုဘက်ဝိုင်းတွေမှာလည်း သောက်လာခဲ့တာ များ . . . များနေပြီ"

"ဒီတစ်ခွက်နောက်ဆုံးဗျာ . . . လုပ်"

ဦးတံင်မောင် မတတ်သာတဲ့အဆုံး ခေါင်းညိတ်ပြလိုက်ရတော့သည်။ သူ ဒီနေ့အရက်သောက်တာ ဘယ်နှခွက်လဲဆိုတာ ရေတွက်မနေတော့ပေ။ လူက မူးနောက်နောက်ဖြစ်နေသော်လည်း သွက်လက်ပေါ့ပါးနေသည်။ ပြီးတော့ အရာရာမြင်လေရာကြည်နူးပျော်ရွှင်စရာ . . ။

မနက်ပိုင်း အင်းယားလိပ်မှာ မင်္ဂလာဆောင်သည်။ အခု မင်္ဂလာညစာစားပွဲကို ခြံထဲမှာပဲလုပ်၏။ ဒီလိုခြံထဲမှာ လုပ်ဖြစ်ခြင်းကြောင့်လည်း ပိုစောင်းသည်ဟု သူထင်သည်။ အကယ်၍ သူမူးပြီး မှောက်သွားရင်တောင် အခန်းထဲတွဲပို့လိုက်ရုံသာ . . . ။ သို့သော် ဒီညတော့ မှောက်လို့မဖြစ်သေးဘူး

www.burmeseclassic.com



စိတ်ထဲတွေးနေလိုက်၏။

ကိုညွန့်အေးတို့ တိုက်တဲ့နောက်ဆုံးတစ်ခွက်သောက်ပြီး ဦးတင်မောင် ယိုင်ထိုးယိုင်ထိုးနဲ့ ထွက်လာခဲ့လေသည်။ သူ့လက်မောင်းကို တိုင်သော နူးညံ့ တဲ့အတွေ့အထိကို ရသည်။ ထို့နောက် သင်းပျံ့သောရေမွှေးရနံ့ကို ရှူရှိုက်မိ၍ လှည့်ကြည့်လိုက်တော့ တင်မမ . . .။

"ကိုမောင် မူးမယ်နော် . . . လျှော့သောက်"

ဦးတင်မောင် ရင်ထဲမှာ ပီတိဖြစ်သွားကာ ပြုံးပြလိုက်လေသည်။ သူ အရင်လိုလူပျိုကြီးမဟုတ်တော့ပါလားဟု တွေးမိသောကြောင့်ပင်။ ယခု သူ့မှာ တားမယ့်ဆီးမယ့်လူ တိုင်ပင်ဖော်တိုင်ပင်ဖက် ထိန်းမယ့်သိမ်းမယ့်လူ ပြီးတော့ ဆေးပေးမီးယူ ပေါ်လာပြီ။

"စိတ်ချပါ တင်မရယ် မောင် မမူးစေရပါဘူး"

ညဦးက တဖြည်းဖြည်းနက်လာသည်နှင့်အမျှ ဧည့်သည်တွေလည်း တဖြည်းဖြည်းပြန်ကုန်ကြပြီ။ နောက်ဆုံး ဝိုင်းသာကျန်တော့သည် ကိုညွန့်အေး တို့တောင် ထမလို့လုပ်နေပြီ။

"ကဲ . . . ကိုတင်မောင် ဒါနောက်ဆုံးအခွက်ပဲဗျာ . . . ဒါ နှုတ် ဆက်တဲ့နောက်ဆုံးအခွက်ပါ . . . လာဗျာ"

ဦးတင်မောင် ငြင်းမနေတော့ ကိုညွန့်အေးတို့ပေးသည့် ခွက်ကို တောက်ကိုင်လိုက်ပြီး တရှိန်ထိုးမော့ချပစ်လိုက်သည်။

ရင်ထဲမှာ ပူခနဲဖြစ်သွားသည်၊ ပြီးတော့ အေးမြလာသည်၊ အားလုံး သူ့ကို နှုတ်ဆက်ပြီး ပြန်ကုန်ကြပြီ။ သူတစ်ယောက်တည်း စားပွဲတစ်လုံးကို လက်ထောက်ပြီး အားလုံးကို လက်ပြနေစဉ် . .

"ကိုမောင် . . . သူတို့မရှိတော့ဘူးလေ . . . ဘယ်သူ့ကို လက်ပြ နေတာလဲ"

တင်မမပြောမှ သူ့လက်ကို ပြန်ရုပ်လိုက်၏။ သူ့အမြင် အာရုံ မှာတော့ လူရိပ်တွေလို တွေ့နေရသည်၊ သူ့ကိုနှုတ်ဆက်နေသယောင် ရိပ် တွေ . . .။ သူ မူးနေပြီလား . .။ ဒါပေမယ့် ကိစ္စမရှိ ညဦးလည်းနက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ . . ။

"အိပ်ကြရအောင်ကွာ"

❖ ❖ ❖

တောင်ငူမြို့ပုဂ္ဂိုလ်အသင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



# ၉

နေ့ည လင်းထွဋ် တော်တော်ပင်ပန်းနေသည်။ ညစာစားပွဲအတွက် ညှော်ခံရေးနှင့် ဆိုအပ်တာတွေ စီစဉ်ပေးဖို့ တာဝန်ယူထားရသော ကြောင့်ဖြစ်သည်။ သို့သော် သူ စိတ်မညစ်ပါ။ မီးမီးရတနာက ဘေးမှာရှိနေ သောကြောင့် ဖြစ်လေသည်။

ပြီးတော့ လင်းထွဋ် ဒီညအရက်တော်တော်များများလည်း သောက် ထားသည်။ အခုလည်း ညှော်သည်တွေ ရှင်းသွားပြီဖြစ်၍ အလုပ်သမားတွေကို သိမ်းစရာရှိတာတွေ သိမ်းခိုင်းလိုက်၍ သူလက်ကျန် ပုလင်းတစ်လုံးကို ဆွဲကာ သူ့အတွက် စီစဉ်ထားသော အခန်းသို့ တက်ခဲ့လိုက်လေ၏။

သူ ဒီညအိမ်မပြန်ဖြစ် . . ။ ဒီအချိန်ရောက်မှ အိမ်ပြန်လို့လည်း မဖြစ်နိုင်။ ထို့ကြောင့် ဒေါ်ရတနာမြင့်တို့ကလည်း လင်းထွဋ်ကို ဒီမှာအိပ်ခိုင်း လိုက်ခြင်းဖြစ်သည်။ လင်းထွဋ်အတွက် အခန်းကိုတော့ အိမ်ကြီးထဲမှာ စီစဉ် ထားသော်လည်း လင်းထွဋ်ကိုယ်တိုင်က လွတ်လွတ်လပ်လပ်နေချင်သည်ကို အကြောင်းပြကာ ဦးလေးထွန်းအခန်းမှာပဲ နေပါရစေ ဟုပြောလေသည်။

ထို့ကြောင့် သူ ဦးလေးထွန်းနေထိုင်ရာ ကားဂိုဒေါင်အပေါ်ဘက် အခန်းသို့တက်ခဲ့လိုက်လေတော့သည်။ အခန်းလေးက သပ်ရပ်သန့်ရှင်းကာ လေဝင်လေထွက်လည်းကောင်း၏။ နောက်ပြီး အိမ်မကြီးနဲ့လည်း ကပ်ရက်



www.burmeseclassic.com

www.burmeseclassic.com



တောတ်၍ လွတ်လွတ်လပ်လပ်စကားပြောလို့ရသည်။

သူ ပုလင်းဖုံးကို ဖွင့်ကာ အရက်ကိုဖန်ခွက်တစ်ခုထဲ ငှဲ့ထည့်လိုက်စဉ် ဦးလေးထွန်း အခန်းထဲသို့ ဝင်လာ၏။

“မောင်လင်းထွန်း အိပ်တော့မှာလား . . . ဟိုဘက်မှာ မောင်လင်းထွန်းအတွက် အိပ်ရာအဆင်သင့်လုပ်ထားတယ် . . . လိုအပ်တာပြောနော် ဦးလေးဘာလုပ်ပေးရဦးမလဲ”

ဦးလေးထွန်းက အလိုက်သိစွာ သူသောက်နေတာကိုကြည့်၍ ဆိုသည်။

သူ ဒီည လူမှန်းသူမှန်းမသိအောင် မူးနေချင်သည်။ ပြီးတော့ ဘာမှသိတော့လောက်အောင် အိပ်ပျော်သွားချင်သည်။

သူ့အတွက် စီစဉ်ထားသော အိပ်ရာသို့ ပုလင်းပိုက်ကာ သူလျှောက်သွားလိုက်သည်။ သူနေတဲ့ အိပ်ရာဘေးမှ ပြတင်းပေါက်က လှမ်းကြည့်ရင် ထိန်ထိန်သာနေတဲ့ လမင်းကြီးကို တွေ့ရ၏။ သူ့ရင်ထဲမှာ ခံစားချက်တွေ မုန်တိုင်းမွှေသလို ထလာသည်။ ဒေါသတွေ အလိပ်လိုက်တက်လာသည်။ သို့သော် သူဘာမှမတတ်နိုင်။ နောက်ဆုံးတော့ သူ့ မျက်ဝန်းမှာ မျက်ရည်တို့သာ စီးစွတ်လာပါတော့သည်။

သူ ဘာများတတ်နိုင်ဦးမှာလဲ။

ညသည် တဖြည်းဖြည်း ကြယ်ရောင်တို့နဲ့ ကခုန်ကာ သူ့ကိုယ်သူ ခုတ်မောင်းလျက်ရှိ၏။

ခုနစ်စဉ်ကြယ်တောင် အမြီးထောင်နေပါပြီ . . .။



www.burmeseclassic.com

www.burmeseclassic.com



မျက်ခနဲ့ မျက်လုံးပွင့်သွားပြီး ညာဘက်စောင်းလိုက်ချိန်မှာ လုံ့တစ်ယောက်နဲ့ သွားထိမိလိုက်သောကြောင့် တော်တော်လန့်သွားလေသည်။ ထို့နောက် ငုတ်တုတ်ထိုင်ပြီး ကြည့်လိုက်တော့ သူ့ဘေးနားကွေးကွေးလေးအိပ်နေတဲ့ မိန်းမတစ်ယောက်ပုံသဏ္ဍာန် . . .။

"ဟင်"

ဦးတင်မောင် ခေါင်းနပန်းကြီးသွားသည်။ ဘယ်မိန်းမ သူ့ခုတင်ပေါ်ရောက်နေပါလိမ့်ဟု တွေးမိလိုက်စဉ်မှာပဲ သူပြုံးကာသွား၏။

သူ အိမ်ထောင်ကျသွားပြီပဲ . . .။ ပြီးတော့ ဒါသူ့အိမ်က သူအိပ်နေကျ ခုတင်မဟုတ်ဘဲ တင်မမထွန်းတို့ အိမ်က သူတို့နေဖို့ စီစဉ်ထားတဲ့ အခန်းမှန်း သူသိလိုက်၏။ အခုတော့ အရာအားလုံး ပစ္စုပ္ပန်နဲ့အသိဉာဏ်ချိတ်မိသွားလေပြီ။

ရင်ထဲမှာ ပူလာသောကြောင့် ရေသောက်ချင်လာ၏။ အခန်းထဲယူထားတဲ့ ရေဘူးကိုလှမ်းစမ်းလိုက်သည်။ ရေဘူးကိုတွေ့သော်လည်း ရေတစ်စက်မှ မရှိတော့၍ လက်နဲ့ထိတဲ့အရှိန်ကြောင့် လဲသွားလေ၏။

ဦးတင်မောင် ခုတင်ပေါ်မှအသာဆင်းကာ ထမင်းစားခန်းထဲရှိ ရေခဲသေတ္တာသို့ လှမ်းသွားလိုက်လေတော့သည်။ ရေခဲသေတ္တာကို ဖွင့်ပြီး အောက်အေးစိမ့်နေသည့် ရေခဲရေဘူးများကို ရင်ဖိုစွာတွေ့လိုက်ရတော့ ရေဘူးလှမ်း



www.burmeseclassic.com

www.burmeseclassic.com



သူကာ အားရပါးရသောက်ချလိုက်စဉ် . .

"တဲ့ . . . လုပ်ကြပါဦး . . တစ်အိမ်သားလုံးမရှိကြဘူးလား . . သူခိုး . . . သူခိုး"

ဦးတင်မောင် ပထမတော့ ကြောင်ကာသွား၏။ အသံက အပေါ်ထပ်တလာခြင်းဖြစ်၍ ဒေါ်ရတနာမြင့် အသံမှန်းသူသိသည်။ သူ့ကိုပဲ မှားပြီး သူခိုးထို့အော်သလား လန့်သွားကာ . .

"အစ်မ . . . အစ်မ . . . ကျွန်တော်ပါ . . . သူ . . သူခိုးမဟုတ်ပါဘူး"

"ဟင်"

ဦးတင်မောင် ခေါင်းကြီးသွား၏။ အဲဒီ့အချိန်မှာပဲ ဦးအောင်နိုင် အိပ်ချင်မူးတူးနဲ့ ဆင်းလာကာ . . .

"ဟုတ်တယ် အခန်းတံခါးကြီး ပွင့်နေတယ်"

ဦးတင်မောင်လည်း အဲဒီတော့မှ သူတို့အခန်းတံခါးကို သူထွက်လာစဉ်ဖွင့်ပြီး ထွက်မလာမိကြောင်း သတိရသွား၏။ ဒါဆို ဘယ်သူဖွင့်သွားသလဲ။

ရေဘူးကို ထမင်းစားပွဲပေါ် ခွပ်ခနဲပစ်ချကာ အခန်းထဲသို့ ပြေးလေသည်။ အခန်းထဲရောက်တော့ ဒေါ်တင်မမထွန်း နိုးနေပြီ။ ပြီးတော့ မှန်တင်ခုံရှေ့မှာ ပျာယာခတ်နေတာတွေ့လိုက်ရ၍ . . .

"တင်မမ"

"ကုန်ပြီ ကိုမောင် . . . တင်မတို့ ပစ္စည်းတွေကုန်ပြီ . . . ချွတ်ပြီး . . ဒီအံဆွဲထဲထည့်ထားတာ အဲဒါ . . . အဲဒါ"

ဦးတင်မောင် ခုတင်ပေါ်သို့ ဝုန်းခနဲ ထိုင်ချလိုက်တော့သည်။ အားလုံးခြေရာလက်ရာမပျက်ရှိနေသော အခန်းကို ဝေ့ကြည့်လိုက်မိ၏။ ပြီးတော့ တိုမှ ဒီမှကြားရသော အသံတွေကို နားထောင်ကြည့်သည်။ အဆုံးမှာတော့ သူတို့တစ်အိမ်လုံးရှိအတွင်း ပစ္စည်းနဲ့ငွေတွေအကုန်ပါသွားပြီဆိုတာပင် . .

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



အိမ် ကြီးဆီမှ ဆူညံသံတွေကြားရသောကြောင့် လင်းထွဋ်နဲ့ ဦးလေးထွန်း ပြိုင်တူနိုးလာကြ၏။ ထိုအချိန်မှာပင် သူတို့အခန်းတံခါး ခေါက်သံ တဒုန်းဒုန်းကြားလိုက်ရ၍ ဖွင့်လိုက်သောအခါ မီးမီးရတနာကို တွေ့ရလေသည်။

မီးမီးရတနာက ပျာယီးပျာယာဖြင့် အကြောင်းစုံရှင်းပြကာ သူတို့ကို ခေါ်သွားလေသည်။ မီးမီးရတနာ့ပြောပုံအရ သူမပစ္စည်းတွေလည်း အခန်းတံခါးဖွင့်ပြီးယူသွားကြောင်း သိရလေသည်။

အိမ်မကြီးဘက်ရောက်တော့ တစ်အိမ်လုံးလူတွေနိုးနေကြပြီ။ ရဲကိုလည်း အကြောင်းကြားပြီး ဖြစ်၍ မကြာမီရဲတွေရောက်လာတော့သည်။ ထို့နောက် အိမ်အခြေအနေကို စစ်ဆေး၍ အခြေအနေအားလုံးကို လေ့လာသည်။ ပြီးတော့ အိမ်ရှိလူများကို မေးသင့်တာမေး၍ စခန်းသို့ အမှုဖွင့်ရန် ခေါ်သွားပါတော့သည်။

တစ်အိမ်လုံး စခန်းလိုက်သွားပြီး အိမ်မှာအိမ်စောင့်အနေနှင့် ဦးလေးထွန်းတစ်ယောက်သာ ကျန်ခဲ့ပါတော့သည်။

စခန်းရောက်တော့ စခန်းမှူးက ဖြစ်ပျက်ပုံအလုံးစုံကို အားလုံးတို့ မေးကြည့်လေသည်။

ဒေါ်ရတနာမြင့်က စ၍ ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက မနက်စောစောထပြီး ဘုရားရှိခိုးနေကျပါ . . . အဲဒ
ကြောင့် ထုံးစံအတိုင်း မနက် (၅)နာရီလောက်ထတာ . . . ထလည်း ထရော
ကျွန်မတို့ညက ပိတ်ထားတဲ့ အခန်းတံခါးကြီး ပွင့်နေတာတွေ့ရတယ်။ အဲဒ
နဲ့ ကျွန်မလည်း မသင်္ကာလို့ အခန်းထဲလှမ်းကြည့်တော့ ညတုန်းက ခင်လ
ညစာစားပွဲမှာ ထုတ်ဝတ်ထားတဲ့ ပစ္စည်းတွေရောပြီးတော့ မီးခံသေတ္တာထဲ
ဟာတွေပါတစ်ခုမှ မရှိတော့ပါဘူး"

စခန်းမှူးက မျက်မှောင်ကြုတ်သွားကာ . .

"မီးခံသေတ္တာသော့က ဘယ်မှာထားမိလို့လဲ"

"အဲ . . . အရင်ကတော့ ကျွန်မ ခေါင်းအုံးအောက်မှာထားအိပ်
ကျ . . . ဒါပေမယ့် ညကတော့ လက်ဝက်လက်စားတွေထုတ်လိုက်သွင်းလို
နဲ့ မေ့ပြီး အဲဒီသေတ္တာပေါ်မှာပဲ တင်ထားမိတယ်"

စခန်းမှူးက နောက်တစ်ယောက်ကိုမေးသည်။ ဒီတစ်ခါ မြေး
မီးမီးရတနာ . . .

သူမလည်း ဒေါ်ရတနာမြင့်လိုပင်ဖြစ်၏။ ဆွည်းသံတွေကြားတော
ထလာပြီး ကြည့်လိုက်ရာ သူ့အခန်းထဲမှ ညက ချွတ်ထားသည့် လက်ဝ
လက်စားတွေမရှိတော့ . . .။

နောက်တော့ ဦးတင်မောင်နဲ့ ဒေါ်တင်မမထွန်း . . .။

သူတို့က ပူပူနွေးနွေးညားခါစဆိုတော့ ပြောရမှာပင် ရှတ်လှ
မင်္ဂလာဦးညကျမှ တစ်ခန်းလုံး ဖွင့်ယူသွားတာမသိဘူးဆိုတော့ ကြားလို
စကောင်း။ သို့သော် သိသမျှတော့ ဦးတင်မောင်က ရှင်းပြရပါသည်။

အားလုံးပြီးတော့ လင်းထွဋ် . . .။ လင်းထွဋ်ဆိုတော့ စခန်းမှူး
အိမ်သားမဟုတ်၍ သေသေချာချာမေးသည်။ သို့သော် လင်းထွဋ်က သေ
ချာချာမဖြေနိုင်။ အဘယ်ကြောင့်ဆိုသော် သူက ညဉ့်ဦးကတည်းက အိပ်
နေသည်ဆိုသောကြောင့် ဟုဖြေပါသည်။ မနက် မီးမီးရတနာလာနိုး
အကြောင်းကို သိကြောင်းပြောပြ၏။

စခန်းမှူးက ခေါင်းတညိတ်ညိတ်နှင့် အားလုံးကို ပြန်လို့ရပြီ


www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောကာ အမှုမှန်အမြန်ပေါ်စေရေးအတွက် အစွမ်းကုန် ဆောင်ရွက်သွားမည်ဟု ပြောပြီး အဆုံးသတ်လိုက်တော့၏။

ခြေရာလက်ရာနဲ့ ဖောက်ထွင်းမှုအသွားအလာကိုကြည့်ကာ စခန်းမှူး စဉ်းစားနေသည်။

တစ်အိမ်လုံး ပြောင်သာသွားသည်။ အဝင်အထွက်က ခြေရာ လက်ရာ မပျက်လွယ်ကူလွန်းလှ၏။

ထို့နောက် တစ်စုံတစ်ခုကို တွေးမိ၍ သူ့လက်အောက်မှ ရဲတစ်ယောက်ကိုလှမ်းခေါ်လိုက်ပါတော့သည်။

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူခိုးပြေးမှ ထိုးကွင်းထဆိုတဲ့ စကားရှိသည်။

ဦးတင့်မောင်သည် အဲဒီနောက်ပိုင်း ညဘက်တွေ အိပ်မရတော့ပေ။ ချီးချုံးချွတ်ချွတ်အသံကြားတိုင်း ထကြည့်နေမိသည်။ အမှန်တော့ ဘယ်သူခိုးကမှ မနေ့တစ်နေ့ကမှ ဖောက်ခံထားရတဲ့ အိမ်ကိုပြန်လာမှာမဟုတ်။ သို့သော် ဦးတင်မောင်ခမျာ ခဲမှန်ဖူးတဲ့ စာသူငယ်လို ခွမြင်တိုင်းလန့်နေခြင်းဝင်။

မင်္ဂလာဦးညမှာ တစ်ခန်းလုံး ပစ္စည်းတွေ တစ်ခုမကျန်ပြောင်သွားတဲ့အဖြစ်၊ တစ်အိမ်လုံး ပစ္စည်းမှန်သမျှ လိုချင်တာရွေးယူသွားရလောက်အောင်ဖြစ်သွားရတာ လူကြားလို့မှမကောင်းပေ။ ပြီးတော့ သူစဉ်းစားမိတာ တစ်ခုရှိ၏။ အကယ်၍ သူတို့အိမ် အဖောက်ခံရတယ်ဆိုရင် သူခိုးဖောက်ဝင်သွားရတဲ့ နေရာတစ်ခုတော့ ခြေရာလက်ရာပျက်ပြီးကျန်ခဲ့ရမည်။ အခုတော့ အဲဒီလိုမဟုတ်။ သူခိုးဆိုတဲ့ကောင်က တန်ခိုးနဲ့မြေလျှိုးမိုးပျံပြီး ဝင်သွားသလား မသိပေ။ တစ်အိမ်လုံး မသက်ာစရာဆိုလို့ ကြွက်ဖောက်ထားတဲ့ အပေါက်လောက်တောင်မရှိပေ။

ဦးတင်မောင်စဉ်းစားနေရင်းမှ တစ်စုံတစ်ခုကိုတွေးမိတာ ...တွေ ပျံတက်လာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူယုံ(သို့မဟုတ်)လက်ထောက်ချာတစ်ယောက်ယောက်တော့ပါရမည် တူ၍ပင်ဖြစ်တော့သည်။

ဒါဆို ဒီအိမ်မှာ တစိမ်းဘယ်သူရှိသလဲ။ စစ်စစ်ပေါက်ပေါက်တွက် ကြည့်မှ အဲဒီ့ညက ဘူရယ် လင်းထွန်းရယ်ပဲရှိ၏။ လင်းထွန်းက ခြံထဲက ဂိုဒေါင် ကြီတ အခန်းမှာ ဦးလေးထွန်းနဲ့ အိပ်သူဖြစ်၍ မဖြစ်နိုင်။ ဒါဆို သူမဲ ကျန် တော့သည်။ အကယ်၍ သံသယဖြစ်စရာရှိသူပဲ ဖြစ်ရမည်။ နောက်ပြီး သူ က အိမ်ထဲမှာ အိပ်တဲ့သူ၊ တံခါးတွေကို အထဲကဖွင့်ပေးလို့ရတဲ့သူ။

ဦးတင့်မောင် တွေးရင်းနဲ့တစ်ကိုယ်လုံးတုန်လာ၏။ ရဲက ဒါကိုတွေး မိပြီး သူ့ကိုလာဖမ်းမှဖြင့် ကျော်မကောင်းကြားမကောင်းတွေဖြစ်ပေတော့မည်၊ သူ့ကိုယ်သူ အရိုးသားဆုံးဆိုတာလည်း သူကိုယ်တိုင်အပြင် ဘယ်သူအာမခံ နိုင်မလဲ၊



www.burmeseclassic.com

www.burmeseclassic.com



အား လုံးရင်ခုန်နေကြသည်၊ တရားခံမိပြီဆိုတဲ့ စကားတစ်ခွန်းနဲ့တင် ရင်ခုန်နေ ပြီဖြစ်သော်လည်း ထိုတရားခံမှာ ဓာတ်သိထဲကဖြစ်သည် ဆိုတာကြောင့် ပိုရင်ခုန်နေမိ၏။

စခန်းမှူး၏ စကားသံက တည်ငြိမ်စွာထွက်ပေါ် လာပါသည်။

"ဒီလိုလုပ်စားနေကြတာ အများကြီးပါ။ ပြီးတော့ ဒီကောင်တွေတို ဗျွန်တော် မသက်ာဖြစ်နေတာကြာပြီ။ ပြီးတော့ သူတို့က အဖွဲ့အစည်းနဲ့လှုပ် ရှားကြတာဆိုတော့ အဖွဲ့ကြီးတစ်ခုလုံးကို မိချင်လို့ ကြိုးရှည်ရှည်နဲ့ လှန်ပြီး ခြေရာခံနေတာပါ။ ဟိုတလောကလည်း အပျိုကြီးတစ်ယောက် အိမ်ကို ဒီလို့ပဲ ခြေရာလက်ရာမဲ့ဖျက် ဖင်ဖောက်သွားပြီးပြီ။ အဲဒါလည်း ဒီကောင်တွေပဲ"

အားလုံး၏မျက်ဝန်းသည် စခန်းမှူးဆီမှာ . . . ။ စခန်းမှူးက အားလုံး တိုကြည့်ကာ တစ်လုံးချင်းပြောလိုက်တော့သည်။

"အစ်မကြီးတို့အိမ်ဝင်ဖောက်သွားတဲ့ အဓိကတရားခံက လင်းထွဋ် ပါ"

"ရှင်"

"ဟာ"

"ဘယ်လို"

အားလုံးရင်တွေ လှုပ်ရှားကုန်ကြသည်။ မယုံကြည်သလိုလိုလည်းဖြစ် တုန်ကြ၏၊ စခန်းမှူးက ဒါကိုသဘောပေါက်ပုံရ၍ အံဆွဲထဲက ဖိုလတ်



www.burmeseclassic.com

www.burmeseclassic.com



စတစ်အိတ်အရှည်ထဲမှ ဓာတ်ပုံတချို့ဆွဲထုတ်ကာ စားပွဲပေါ်တင်လိုက်လေသည်။

"ဟင် . . . ဒါ . . . ဒါ ကျွန်မတို့အိမ်ပုံတွေပဲ"

စခန်းမှူးက ခေါင်းညိတ်ပြကာ . . .

"လင်းထွဋ်ထွက်ဆိုချက်အရတော့ သူ အစ်မကြီးသမီးကို ဓာတ်ပုံလာရိုက်ပေးရင်း ခိုးရိုက်ခဲ့တယ်ပြောတာပဲ . . . သူ့လူတွေကို ဒီပုံတွေပြပြီး အိမ်အနေအထားသိအောင်လုပ်တာလေ"

စခန်းမှူးစကားဆုံးတော့ ဦးအောင်နိုင်ကဝင်ကာ . . .

"ဒါဆို မင်္ဂလာဆည်ခံပွဲ ညက ဘယ်လိုဝင်သွားတာလဲဟင်"

"ဒါကတော့ လွယ်ပါတယ် . . . သူက အိမ်နောက်ဖေး မီးဖိုချောင်နဲ့ ခြံပြင်ဘက်ထားတဲ့ တံခါးတစ်ခုကို အထဲက ဂျက်ဖြုတ်ပြီး အသာပြန်ပိတ်ထားတာပေါ့ . . . အဲဒီနေ့ညက လူတွေအလုပ်တွေရှုပ်နေတော့ ဒါကို ဘယ်သတိထားမိမလဲ၊ ပြီးတော့ အမှတ်တမဲ့ ဘယ်စစ်မိမလဲ။ ပြီးတော့ သူက ခြေရာမပျက် သူ့အခန်း သူအိပ်တယ် . . .။ ညကျ သူနဲ့အချိန်းအချက်လုပ်ထားတဲ့ ကောင်တွေ သူပြောတဲ့အတိုင်းဝင်တယ် . . . ဒါပါပဲ"

အားလုံးငြိမ်သက်တိတ်ဆိတ်ကာသွား၏။ မီးမီးရတနာမျက်နှာကို ငုံ့ထားသည်။ တစ်ကိုယ်လုံးလည်း တုန်ခါနေလေသည်။ မျက်ဝန်းပေါ်စို့တက်လာသော မျက်ရည်ကို မျက်တောင်နဲ့ အချိန်မီခတ်ကာ သိမ်းထားလိုက်သည်။

သူ့ခိုးကို လူကောင်းထင်ခဲ့မိသော သူ့ဘဝသည် လူ့ပုံအလယ်တွင် . .

ဆက်မတွေးရဲအောင် ဖြစ်သွားကာ ရှိုက်သံသဲ့သဲ့ထွက်ပေါ်လာပါတော့သည်။

"ဒီလိုပါပဲဗျာ . . . ကိုယ့်ကိုယ့်ကြည်လာအောင် လုပ်ပြီးပြစ်မှုမျိုးစုံကျူးလွန်နေကြတဲ့ သူတွေအများကြီးပါ . . . လင်းထွဋ်လည်း ဒီလိုပါပဲ။ ဒါပေမယ့် သူတို့ကျတော့ ပိုလည်တယ် . . .။ အချိုကြီးမှ လုပ်တဲ့ကောင်တွေ။ ပြီးတော့ သူတို့ကိုအထက်မှာ ချုပ်ကိုင်တဲ့ ခေါင်းဆောင်ရှိတယ်။ သူတို့က ဂိုဏ်းနဲ့လုပ်ရှားတာ . . . ပြီးတော့ သူတို့က ခွင်တစ်ခုဝင်တော့မယ်ဆိုရင် အသေအနည်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



နေရာကို သိတယ်။ ဥပမာ အိမ်တစ်အိမ်ကို အလှဆင်တော့မယ် ဆိုရင် ကိုယ်ချဉ်းကပ်ဖို့အလွယ်ဆုံးအရာကို စုံစမ်းပြီးမှ လုပ်တာ . . . နောက်ဆို သူတို့င်းကို မယုံမိဖို့ သင်ခန်းစာပေါ့ဗျာ"

အားလုံးတိတ်ဆိတ်ငြိမ်သက်ဆဲပင်။ သူတို့၏စိတ်ထဲမှာ အံ့ဩခြင်း မယုံနိုင်ခြင်း၊ ဒေါသ၊ ယုံကြည်မှုစတာတွေ တစ်လှည့်စီလည်နေကြ၏။

မီးမီးရတနာဆီမှ ရှိုက်သံသဲ့သဲ့ကတော့ ပုံမှန်ထွက်ပေါ်နေဆဲပင် ဖြစ်ပါသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ကိုယ့်ကိုအရာအားလုံးအတွက် ခွင့်လွှတ်ပါဆိုတဲ့ စကားကို မပြောတော့ပါဘူး။

ကိုယ့်ကိုသတ်ချင်သတ်ပစ်လိုက်ပါ။

ဒါပေမယ့်

တစ်ဘဝလုံးအတွက် တစ်ခုသော စကားကိုတော့ ကြိုးစားပြီး ယုံပေးပါ။

မီးမီးကို ကိုယ်တကယ်ချစ်ခဲ့တာပါ

လင်းထွဋ်

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဤ ဒဏ်ကျခံခါနီး လင်းထွင့်ဆီမှ ပေးလိုက်သော ပထမဆုံးနှင့် နောက်ဆုံး စာတစ်စောင်ဖြစ်သည်။

ထိုစာလေးသည် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲကာမြေပြင်တွင် ကစဉ့်ကလျား ပြန့်ကျဲသွား၏။ ခဏနေတော့ လေတစ်ချက်ဝေ့ဝိုက်ကာ တိုက်ခတ်သွားသည်။

BURMESE CLASSIC

လူသားအားလုံးသည် လူတွေရဲ့ လှည့်စားမှုကို ခံနေရသည်။ လူတွေသည် ကံကြမ္မာရဲ့လှည့်စားမှုကို ခံနေရ၏။

နောက်ဆုံး ကံကြမ္မာတရားသည် ကံကြမ္မာတရားရဲ့ လှည့်စားမှုကို ခံနေရသူသာဖြစ်ပါတော့သည်။

ကြိုးစားလျက်
မိုးဆက်လင်းထက်



www.burmeseclassic.com